# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# (၁၅)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၉ ရက် )

[ကြာသပတေးနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၇.၉၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ အ.ထ.က ဖွင့်ပွဲများတက်။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခမ်ဆွမ်းမုန်၊ ချင်း(၅)၊ နေမကောင်း။ ဦးဝင်းတင့်၊ စစ်ကိုင်း(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ မိသားစုကျန်းမာရေး။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ကော်မတီတာဝန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား

လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ဂန့်ဂေါမြို့နယ်၊ ကြောကျေးရွာ၊ ဆူးချောင်းအား ပိတ်၍ တမံပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က ဂန့်ဂေါ မြို့နယ်၊ ကြောကျေးရွာ၊ ဆူးချောင်းအား ပိတ်၍ တမံပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများနဲ့ ကော်မရှင်အဖွဲ့ဝင်များ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာ ပထမနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော် တင်ပြမေးမြန်း လိုတဲ့ မေးခွန်းကတော့ ဂန့်ဂေါမြို့နယ်၊ ကြောကျေးရွာ၊ ဆူးချောင်းကို ပိတ်ပြီး တမံပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဂန့်ဂေါမြို့နယ်၊ ကြောကျေးရွာမှာ သူက နွေရာသီဆိုရင် ရေတော်တော်ခက်ခဲပါတယ်။ မိုးရာသီမှာလည်း ရေက ဝါးလုံးထိုးလာပြီးတော့မှ ကျွန်တော်တို့ လယ်တွေ၊ ယာတွေထဲမှာ ရေတင်ဖို့ တော်တော်ခက်ခဲပါတယ်။ အကယ်၍သာ အဲဒီဆူးချောင်းကိုပိတ်ပြီးတော့ တမံပြုလုပ်နိုင်မယ်ဆိုလို့ရှိရင် အဲဒီမှာရှိတဲ့လယ်ဧက(၈၀၀)လောက်ဟာ ရေသေချာတဲ့ အခြေအနေကို ရောက်ရှိသွားမှာဖြစ်ပြီးတော့ အဲဒီမှာရှိတဲ့ အိမ်ထောင်စု(၁၀၀၀)လောက်၊ လူဦးရေ(၁၇၀၀၀)လောက်ဟာဆိုလို့ရှိရင် သောက်သုံးရေ နွေရာသီမှာ အခက်အခဲမရှိနိုင်တော့ပါဘူး။ တမံကလည်း သိပ်ပြီးတော့ အကြီးအကျယ် မဟုတ်ပါဘူး။ ကျွန်တော်သွားကြည့်တဲ့အခါမှာ သူတို့ ရွာက ခေါ်ပြပါတယ်။ ဒီနေရာလေးမှာ လုပ်ချင်တာပါဆို၊ ခေါ်ပြတော့ တမံအလျားက (၁၀၀)ပေလောက်ပဲရှိပြီးတော့၊ အမြင့်က ပေ(၃၀)လောက် တင်လိုက်မယ်ဆိုရင် အဲဒီရွာမှာလည်း ကျွန်တော်တို့ Backhoe တွေ၊ Dozer တွေ သူတို့ စက်ယန္တရားတွေ ရွာပိုင်ရှိပါတယ်။ အဲဒီရွာပိုင်ရှိတဲ့အတွက်ကြောင့် သူတို့ကို ဒါ ဘတ်ဂျက်ရန်ပုံငွေ အနည်းငယ် ချပေးလိုက်မယ်ဆိုရင် ဒီတမံဟာ မြန်မြန်ပြီးပြီးတော့၊ အဲဒီကနေ သူတို့ ရေသွယ်တဲ့စနစ်ကို သူတို့ဖာသာ သူတို့ ဆောင်ရွက်နိုင်တဲ့ အနေအထားရှိပါတယ်။

ဒါကြောင့်မို့လို့ အဲဒီလို ဆောင်ရွက်ပေးဖို့ရာအတွက် အစိုးရဘတ်ဂျက်ကနေ အသုံးပြုဖို့ အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၀၈။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန - ၄)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ဆူးချောင်းတမံဟာ ဆူးချောင်းကိုပိတ်ပြီးတော့ တည်ဆောက်ရန် လျာထားတဲ့မြေသားတမံ ဖြစ်ပါတယ်။ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ ကြောကျေးရွာအရှေ့ဘက် (၁)မိုင်ခန့်အကွာမှာ တည်ရှိပါတယ်။ ဆူးချောင်းရဲ့ အောက်ခံမြေသားအခြေအနေဟာ ချောင်းတွင်းရေပြေးနဲ့ ဘေးနံရံများမှာ ကျောက်သားများ ဖြစ်ပြီးတော့ အခြားနေရာများမှာ ကျောက်နုနဲ့ ကျောက်ရောမြေများ ဖြစ်ပါတယ်။ ချောင်းအကျယ်ဟာ (၁၅)ပေခန့်နဲ့ ချောင်းအမြင့်ပေဟာ (၁၀)ပေခန့်ရှိပါတယ်။ တမံတည်ဆောက်မယ်ဆိုလို့ရှိရင် တမံအလျား ပေ(၅၀၀)ခန့်နဲ့ အမြင့်ပေ(၄၀)ခန့် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးမြေဧက(၆၀၀)ခန့်ရှိပြီးတော့ ကြောဒေသ (၆)ရွာအုပ်စု၊ လူဦးရေ(၇၀၀၀)ခန့် သောက်သုံးရေ ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဆူးချောင်းရဲ့

အောက်ခံမြေဟာ ကျောက်သားများ ဖြစ်ပြီးတော့ တမံငယ်တည်ဆောက်မည်ဆိုပါက မြေပြင်စူးစမ်းလေ့လာတိုင်းတာခြင်း၊ ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်း၊ ဘူမိဗေဒဆိုင်ရာ အချက်အလက်များ စူးစမ်းလေ့လာ တိုင်းတာခြင်းစတဲ့ စူးစမ်းလေ့လာမှုများကို ဆောင်ရွက်ပြီးမှသာ ဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ။ အမှန်တကယ်ဆောင်ရွက်ပေးရမယ့် လုပ်ငန်းပမာဏ၊ ခန့်မှန်းကုန်ကျငွေ စသည်တို့ကို တွက်ချက် တင်ပြသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဟားခါး-မုံရွာ-မန္တလေးလမ်းမကြီးပေါ်ရှိ ဟားခါး-ရွာဗန်လမ်း ပျက်စီးနေမှုကို မိုးမကျမီ ပြုပြင်ပေးရန်နှင့် ရွာဗန်မှ ဘုံဖုံးရွာအထိ လမ်းပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် က ဟားခါး-မုံရွာ-မန္တလေးလမ်းမကြီးပေါ်ရှိ ဟားခါး-ရွာဗန်လမ်း ပျက်စီးနေမှုကို မိုးမကျမီ ပြုပြင်ပေးရန် နှင့် ရွာဗန်မှ ဘုံဖုံးရွာအထိ လမ်းပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟားခါး-မုံရွာ-မန္တလေး လမ်းမကြီးပေါ်မှာ ရှိနေတဲ့ ဟားခါး-ရွာဗန်လမ်း ပျက်စီးနေမှုကို မိုးမကျမီ ပြုပြင်ပေးရန်နဲ့ ရွာဗန်ရွာမှ ဘုံဖုံးရွာအထိ လမ်းပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ဟားခါးမြို့မှ ရွာဗန်ကျေးရွာအထိ (၃၁)မိုင်ခန့်တွင် ယမန်နှစ်တစ်နှစ်လုံးနီးပါး ပြင်ဆင်ထိန်းသိမ်းမှုမရှိဘဲ လမ်းများ ပေါက်ပြဲခြင်း၊ လမ်းခင်းထားသော ကျောက်များထွက်လာမှုကြောင့် လမ်းသွားလာရာ၌ အဆင်မပြေခြင်း၊ လမ်းအပေါ်ပိုင်းမှ မြေပြိုမှု၊ လမ်းအောက်ပိုင်းမှလည်း မြေပြိုမှုကြောင့် လမ်းကျဉ်းမြောင်းနေပြီး၊ ဟားခါးမှ မုံရွာ၊ မန္တလေး၊ ရန်ကုန်အထိ အသုံးပြုတဲ့ လမ်းမကြီး ဖြစ်နေပါသော်လည်း ယခုကဲ့သို့ တစ်နှစ်လုံးလိုလို ပြင်ဆင်ထိန်းသိမ်းမှု မပြုလုပ်ခြင်းသည် ပြည်သူ့ဆောက်လုပ်ရေးတာဝန်ရှိသူများ လျစ်လျူရှုထားသည်ပဲလား။ ဆောင်ရွက်ရန် ရန်ပုံငွေ မရှိလို့လား။ ရန်ပုံငွေရရှိရန် တင်ပြဆောင်ရွက်ခြင်း မရှိလို့လား။ ခင်းထားတဲ့ ကတ္တရာလမ်းသည် မကြာသေးမီက ခင်းထားတဲ့လမ်းဖြစ်တဲ့အတွက် အသုံးပြုထားတဲ့ ကျောက်အမျိုးအစား၊ ကတ္တရာအမျိုးအစား အဆင့်မမီ၍ပဲလား။ ဆောင်ရွက်မှုနည်းစနစ် မမှန်ကန်၍ပဲလား ဟူ၍ မေးခွန်းအများကြီး ထုတ်စရာ ရှိပါတယ်။

ရန်ပုံငွေ မရှိပါကလည်း မည်သည့်အတွက်ကြောင့် ရန်ပုံငွေတောင်းထားခြင်း မရှိတာလဲ။ ဟားခါး-ဂန့်ဂေါလမ်း ပြင်ဆင်ထိန်းသိမ်းရေးစရိတ်သည် ခွင့်ပြုရန်ပုံငွေထဲမှာ နှစ်စဉ်လိုလို ပါရှိနေတယ်

လို့ သိရပါတယ်။ လမ်းအနေအထား ပိုမိုကောင်းမွန်လာခြင်း မရှိသည်မှာ ဆောက်လုပ်ရေးမှ တာဝန်ရှိသူများရဲ့ ပေါ့လျော့မှုလား။ ကြီးကြပ်မှု အားနည်း၍ပဲကြောင့်လား။ ချင်းပြည်နယ်အစိုးရ၊ ပြည်နယ်ဌာနဆိုင်ရာများ သွားလာအသုံးပြုနေတဲ့ လမ်းမကြီး ဖြစ်နေပါလျက် လမ်းအနေအထား ဆိုးရွားချို့ယွင်းနေကြောင်းကို မဖြစ်သင့်သောအရာတစ်ခု ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ကျွန်တော်ကို ပြောခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ဒါ ကျွန်တော်တို့ ချင်းပြည်နယ် မရောက်ဖူးတဲ့ လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော်ပြသခြင်း ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ လမ်းကျဉ်းပြီးတော့ လမ်းအကောက်အကွေ့ရှိတော့ ကားလေးအတွက်တော့ ပြဿနာမဟုတ်ပါဘူး။ ကားကြီး ကျွန်တော်တို့က လူစီးမှန်လုံကား၊ ကုန်တင်ကားတို့အတွက်တော့ အင်မတန်အန္တရာယ်များတဲ့နေရာ ဖြစ်ပါတယ်။ ဒီလမ်းဟာ ကျွန်တော်တို့ အပေါ်ပိုင်းကနေ မြေပြိုပြီးတော့ ကျွန်တော်တို့က မိုးတွင်းကျရင် လမ်းပေါ်မှာပဲ အကုန်လုံး မြေတွေ ပြန်ရောက်တဲ့နေရာဖြစ်ပါတယ်။ လမ်းလည်း ကျွန်တော်တို့ ကျဉ်းပါတယ်။ ဒီလမ်းကလည်း ကျွန်တော်တို့ အောက်မှာလည်းပြိုမယ့်လမ်းလည်း ရှိသလို၊ အပေါ်ကလည်း ကျွန်တော်တို့ ပြန်လည်ပြီးတော့ မြေပြိုမယ့်နေရာတွေရှိပါတယ်။ အဲဒီတော့ မိုးကျလိုက်ရင် ကျွန်တော်တို့က အောက်ကရော၊ အပေါ်ကရော ပြိုမယ်ဆိုတဲ့အခြေအနေ ရှိပါတယ်ခင်ဗျား။ ဒီလမ်းဆိုရင်လည်း ကျွန်တော်တို့ ကားလေးအတွက်တော့ ပြဿနာမဟုတ်ပါဘူး။ ခုန ကျွန်တော်တင်ပြတဲ့အတိုင်းပဲ ကားကြီးဆိုရင်တော့ မိုးတွင်းမှာ တော်တော်လေးကိုသွားလာရန် အန္တရာယ်ရှိပါတယ်။ အကယ်၍ လမ်းအောက်ကို ကားကျလို့ကတော့ ကျွန်တော်တို့ ကားကိုတော့ မကောက်ပါနဲ့တော့ လူကတော့ ကောက်ရမှာပေါ့ ဆိုတဲ့သဘော ဖြစ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အောက်မှာ ပေ(၇၀၀၀)၊ (၆၀၀၀)၊ (၅၀၀၀)လောက် မြင့်တဲ့ ချောက်ကြီးတွေ အဲဒီမှာ ရှိပါတယ်။

ဒီလမ်းလည်း ခုန ပြောတဲ့အတိုင်းပါပဲ။ မြေအောက်ကရော၊ အပေါ်ကရော ကျွန်တော်တို့ ပြိုမယ့်နေရာတွေ ရှိပါတယ်။ ဒီလမ်းလည်း ကျွန်တော်တို့က ကျဉ်းကျဉ်းလေးရှိပါတယ်။ အဲဒီတော့ လမ်းလည်း ကျဉ်းတယ်။ ချောက်လည်း အောက်မှာ ချောက်ကြီးရှိပါတယ်။ အပေါ်ကလည်း ကျွန်တော်တို့ ကျောက်ခဲတွေဆိုတော့ ဒီ လမ်းဟာ ကျွန်တော်တို့ ကား(၂)စီးကို ဘယ်လိုမှ အပြိုင်သွားလို့မရတဲ့ နေရာပါ။ အဲဒီတော့ အတက်လမ်း အတက်ကားကိုပဲ ဦးစားပေးပြီးတော့ ကျွန်တော်တို့ ကျယ်တဲ့နေရာကနေ၊ လမ်းကနေ စောင့်ပြီးတော့ အဆင်းကားကနေ စောင့်ပေးရပါတယ်။ အဲဒီလို နေရာလေးတွေက နည်းနည်း၊ ကျွန်တော်တို့ ကတ္တရာလည်း မရှိပါဘူး။ ဒါ ကျွန်တော်တို့ မြေသားလမ်းပဲ ဖြစ်ပါတယ်။ မိုးတွင်းဆိုရင်တော့ ရွှံ့ပွက်တွေ ပေါ်လာတဲ့အဆင့် ရှိပါတယ်။ ဒီနေရာဆိုရင် ကျွန်တော်တို့ ၂၀၁၀ ရွေးကောက်ပွဲရှင်းလင်းပွဲမှာ ကျွန်တော်ခရီးထွက်တဲ့အခါမှာ ဒီနေရာကို ကျွန်တော် သွားလို့မရတော့တာနဲ့ ပြန်လှည့်တဲ့နေရာဖြစ်ပါတယ်။ အဲဒီတော့ ဒီနှစ်၊ ၂၀၁၄ ခုနှစ်၊ ဧပြီလမှာလည်း နည်းနည်းလေး ကျွန်တော်တို့က Bulldozer နဲ့ပဲ ဆက်ပြီးတော့၊ ထိုးပြီးတော့ ကျွန်တော်တို့က စောင့်နေတဲ့ သဘောရှိ ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပတ်ဝန်းကျင် ပြည်သူလူထုများထံမှ စုံစမ်းမေးမြန်းကြည့်ရာမှာ လမ်းခင်းခဲ့စဉ်က အဆင့်မမီခြင်း။ ထည့်ထားသော ကျောက်များ အမျိုးအစား မပြည့်စုံခြင်း။ လောင်းထားတဲ့ ကတ္တရာအပေါ် သဲကြမ်းခင်းခဲ့ရာ၌ မြေကြီးများ ရောနှောနေတဲ့ သဲကြမ်းများ ဖုံးမြေခင်းထားသဖြင့် ခိုင်ခန့်မှုမရှိဘဲ ပျက်စီးလွယ်မှုကို ပြည်သူများမှ တင်ပြဆွေးနွေးခဲ့ကြပါတယ်။

သက်ဆိုင်ရာ မြို့နယ်အင်ဂျင်နီယာ အနေဖြင့် ထိန်းသိမ်းမှုစရိတ် လုံလောက်မှုမရှိတာကို အကြောင်းပြချက်တစ်ခုအနေနဲ့ တင်ပြတာကို ကျွန်တော် သိရပါတယ်။ ချင်းပြည်နယ် - မြေပြန့်ဒေသ ဆက်သွယ်ထားတဲ့ ဟားခါး-မုံရွာ-မန္တလေးလမ်းမကြီးဖြစ်သော ဟားခါး-ရွာဗန်လမ်းကို မိုးမကျမီကာလ အတွင်း အချိန်မီပြုပြင်ဆောင်ရွက်သွားရေးသည် ခရီးသွားပြည်သူလူထုများအတွက် လွန်စွာအရေးကြီး နေကြောင်း သိရှိရပါတယ်။ ရွာဗန်ရွာမှ ဟားခါးနယ်စပ် ဘုံဖုံးရွာအထိ လမ်းအပိုင်းသည် ကျောက်ခင်း ကတ္တရာလမ်း အားလုံးမဟုတ်သေးသော်လည်း လတ်တလောပြုပြင်ရန် ကျောက်များ စုဆောင်းထားရှိမှု၊ ပြုပြင်ရန်အဆင့်သင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုကို မရှိသေးကြောင်း တွေ့ရပါတယ်။

သို့ဖြစ်ပါ၍ (က)အနေနဲ့ (၁) ဟားခါး-ရွာဗန်လမ်းပျက်စီးနေမှုကို မိုးမကျမီ ပြုပြင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ။ မိုးမကျမီသာ ကျွန်တော်တင်ပြတာပါ။ အခုတောင် မိုးကကျပြီး ဆိုတဲ့အခါကျတော့ ကျွန်တော်တို့က ပြင်လို့တောင်ရပါ့မလား မသိပါဘူးခင်ဗျား။ နံပါတ်(၂) ဆောင်ရွက် ပေးရန် အစီအစဉ် မရှိသေးပါကလည်း မည်သည့်အကြောင်းကြောင့် ဆောင်ရွက်ပေးနိုင်မှု မရှိသည့် အကြောင်း။ နံပါတ်(၃) ဆောင်ရွက်ပေးရန် အစီအစဉ် ရှိပါကလည်း ဆောင်ရွက်ပေးမည့် အချိန်ကာလ။ (ခ) နံပါတ် (၁) ရွာဗန်ရွာမှ ဘုံဖုံးရွာအထိ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ။ နံပါတ်(၂) ဆောင်ရွက်ပေးရန် အစီအစဉ်ရှိပါက ဆောင်ရွက်ပေးမည့် အချိန်ကာလ။ နံပါတ်(၃) ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကလည်း မည်သည့်အကြောင်းကြောင့် ဆောင်ရွက် ပေးနိုင်ခြင်း မရှိသည့်အကြောင်းတို့ကို ဒေသခံပြည်သူလူထုများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထား တဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၄)မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစတီဗင်သာဘိတ် ရဲ့ မေးမြန်းထားတဲ့ မေးခွန်း(၆)ခု (က) (၁)၊ (၂)၊ (၃) နဲ့ (ခ) (၁)၊ (၂)၊ (၃) တို့ကို ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကိုယ်တိုင်လည်းပဲ ပြီးခဲ့တဲ့ မေလ ၃၀ ရက်နေ့နဲ့ ၃၁ ရက်နေ့ များမှာ ကလေး-ဖလမ်း-ဟားခါးလမ်းနဲ့ ဟားခါး-ဂန့်ဂေါလမ်းတို့ကို ကျွန်တော်ကိုယ်တိုင် သွားရောက် စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း တင်ပြပါတယ်။ ဒီမှာ ကျွန်တော်တို့ ဓာတ်ပုံများ အသေးစိတ်ကိုတော့ လွှတ်တော်

ကိုယ်စားလှယ်ကြီးက တင်ပြသွားပြီးဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ လမ်းကြောင်းပြမြေပုံလေးကို Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။

ဒီမှာ ကျွန်တော်တို့ ကြည့်လိုက်ရင် ဒါ ဟားခါး ဖြစ်ပါတယ်။ ဒါ ရွာဗန် ဖြစ်ပါတယ်။ (၃၁)မိုင် ဝေးတာ ဖြစ်ပါတယ်။ ရွာဗန်ကနေပြီးတော့ ဘုံဖုံးအထိက (၃၄)မိုင် ဖြစ်ပါတယ်။ အားလုံးပေါင်း (၆၅)မိုင် ဖြစ်ပါတယ်။ ဒီနယ်စပ်အထိကတော့ (၇၀)မိုင်နဲ့ (၄)ဖာလုံ ဖြစ်ပါတယ်။ ဒါကြောင့် ဘုံဖုံးကနေ ကျွန်တော်တို့ ချင်းပြည်နယ် နယ်စပ်အထိကို (၅)မိုင်၊ (၄)ဖာလုံရှိတဲ့ ဒီ လမ်းကြောင်းကြီးမှာ ဖြစ်ပေါ်နေတဲ့ ကိစ္စရပ်များကို ဒါ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစတီဗင်သာဘိတ် တင်ပြပေးသွားတဲ့အတွက် ကျွန်တော်တို့ ဌာနအနေနဲ့လည်း ဒါ အထူးကျေးဇူးတင်ရှိပါကြောင်း ပဏာမတင်ပြလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ ချင်းပြည်နယ်ကို ပြန်လည်သုံးသပ်တဲ့အခါမှာ ချင်းပြည်နယ်ဟာ မိုးများတဲ့ဒေသ ဖြစ်ပါတယ်။ မြေအနေအထားအရလည်းပဲ သက်နုမြေသားများ ဖြစ်တဲ့အတွက် တောင်ပြိုမှုများကလည်း အစဉ်မပြတ် ဖြစ်လေ့ရှိတဲ့အပြင် ကျောက်စိုင်ကျောက်ခဲများ အရှိန်အဟုန်နဲ့ ကျလာတဲ့ဒဏ်ကြောင့် ဖြစ်ပေါ်လာတဲ့ ပျက်စီးမှုတွေကို ဆက်သွယ်သွားလာမှု မပြတ်စေရန် ဆောင်ရွက် နေရတာ ဖြစ်ပါတယ်။ လမ်း၊ တံတားများ ဆောင်ရွက်ရာမှာလည်း ကြီးကြပ်ကွပ်ကဲရန်အတွက် ကျွန်တော့် အနေနဲ့ ရုံးချုပ်ကနေပြီးတော့ အင်ဂျင်နီယာချုပ်(၁)ဦး၊ ပြည်နယ်အင်ဂျင်နီယာမှူးကြီး၊ အထူးအဖွဲ့တွေရဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးတွေ၊ ခရိုင်အင်ဂျင်နီယာမှူးကြီးတွေ၊ မြို့နယ်အင်ဂျင်နီယာတွေကို အမြဲမပြတ် ကြီးကြပ်ကွပ်ကဲဖို့ဆိုပြီးတော့ ချင်းပြည်နယ်ကိုပဲ ကျွန်တော် စေလွှတ်ပြီးတော့ တာဝန်ထမ်းဆောင်စေတာ ဖြစ်ပါတယ်။ လမ်းလုပ်ငန်းမှာ အသုံးပြုတဲ့ ကျောက်များနဲ့ပတ်သက်လို့တော့ ကျွန်တော်တို့မှာရှိတဲ့ လမ်းသုတေသန ဓာတ်ခွဲခန်း ရှိပါတယ်။ အဲဒီဓာတ်ခွဲခန်းကို ပေးပို့စမ်းသပ်ပြီးတော့မှ အရည်အသွေး ပြည့်မီတဲ့ လမ်းခင်းကျောက်များကို အသုံးပြုစေတာ ဖြစ်ပါတယ်။ ထို့အတူပဲ ကတ္တရာများနဲ့ပတ်သက်ရင် လည်း ကျွန်တော်တို့ တစ်နိုင်ငံလုံးသုံးနေတဲ့ စံချိန်မီကတ္တရာဖြစ်တဲ့ (၈၀/၁၀၀) အမျိုးအစား Penetration Rate ရှိတဲ့ ကတ္တရာကို ကျွန်တော်တို့ ရုံးချုပ်ကနေတစ်ဆင့် ဖြန့်ဝေပြီးတော့ အသုံးပြုစေတာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ မေးခွန်း(က) ၁၊ ၂၊ ၃ တို့နဲ့ ပတ်သက်ပြီး တင်ပြ ရရင် ပထမပိုင်းမှာ ဟားခါးကနေ ရွာဗန်ကျေးရွာထိ (၃၁)မိုင်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုရန်ပုံငွေကျပ် (၂၃၁.၈) သန်းနဲ့ မိုင် ၂/၁ ကနေပြီးတော့ ၂၅/၆ အတွင်းမှာ (၃၄)ပေ အကျယ် လမ်းတာချဲ့ခဲ့ပါတယ်။ တောင်ပြိုမြေတွေလည်း ဖယ်ရှားခဲ့ပါတယ်။ မိုင် ၀/၀ ကနေ ၁၀/၀ အထိ ကတ္တရာ လမ်းပေါက်များ ဖာထေးခဲ့ပါတယ်။ ကျောက်စီမြေကာနံရံနဲ့ တွဲပြီးတော့ (၄ x ၂၄)ပေရှိတဲ့ သံကူကွန်ကရစ် ရေထုတ်ပြွန်(၄)စင်းကိုလည်း တည်ဆောက်ခဲ့ပါတယ်။ ဒီအပြင် မိုင် ၁၀/၀ ကနေ ၃၁/၀ ထိ (၂၁)မိုင်မှာ ရှိတဲ့ လမ်းပေါက်များကို ပြုပြင်တဲ့နေရာမှာလည်း ၃၁-၇-၂၀၁၄ မှာ အပြီးပြုပြင်ဆောင်ရွက်ဖို့ ဆိုပြီးတော့ ကျွန်တော်တို့ မှာကြားခဲ့တာ ဖြစ်ပါတယ်။ မိုးတွင်းကာလမှာ လမ်းချိုင့်များ ဖြစ်ပေါ်နေဦးမှာ ဖြစ်ပါတယ်။ ဒီလိုဖြစ်ပေါ်နေတာနဲ့ ပတ်သက်ပြီးလည်း အချိန်နဲ့တစ်ပြေးညီ ပြုပြင်ဆောင်ရွက်နိုင်ဖို့အတွက် လမ်းခင်း ကျောက် ကျင်း(၂၄၀) ကို မိုင်တိုင် ၈/၀ မှာ စုဆောင်းထားပြီးတော့ လုပ်ငန်းခွင်ကို သယ်ယူပြီး ပြင်ဆင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာတော့ အဲဒီလမ်းအပိုင်းကို ရန်ပုံငွေ ကျပ်(၁၁၆)သန်းနဲ့ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း (၁)မိုင်၊ ဂျပန် ODA ချေးငွေကျပ်သန်း(၁၂၀)နဲ့ (၁၂)ပေအကျယ် ကတ္တရာလမ်းသစ်

ခင်းခြင်း (၆)ဖာလုံ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ မေးခွန်း(ခ) (၁)၊ (၂)၊ (၃) တို့နဲ့ ပတ်သက်ပြီး တင်ပြရရင် ရွာဗန်မှ ဘုံဖုံးရွာအထိ (၃၄)မိုင်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုရန်ပုံငွေ ကျပ်(၅၆၃)သန်းနဲ့ မိုင် ၃၁/၀ ကနေပြီးတော့ ၅၂/၇ အတွင်း တောင်ပြိုမြေဖယ်ရှားခြင်း၊ (၁၂)ပေအကျယ် ကတ္တရာလမ်း သစ်ခင်းခြင်း၊ လမ်းအနိမ့်အမြင့် ညှိပြီးတော့ ကတ္တရာရေပိတ်လွှာလောင်းခြင်း (၇)မိုင် (၇)ဖာလုံ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ကျောက်လမ်းပျက်များကိုလည်း ပြုပြင်မှာ ဖြစ်ပါတယ်။ ကျောက်စီမြေကာနံရံနဲ့ တွဲပြီးတော့ သံကူကွန်ကရစ် ရေထုတ်ပြွန်(၆)ခုလည်း ဆောင်ရွက်ပါမယ်။ RC ရေထုတ်ပြွန်တစ်စင်းလည်း ဆောင်ရွက်ပါမယ်။ ဒီအပြင် ကျွန်တော်တို့ (၅၅)ပေရှည်တဲ့ ကျောက်စီနံရံတစ်ခုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ကတ္တရာလမ်း (၁၆)မိုင် (၅)ဖာလုံကို ကတ္တရာလမ်းပေါက်များ ဖာထေးခြင်းကိုတော့ ၂၀၁၄ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှာ ကျွန်တော်တို့ အပြီးဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ကျောက်လမ်း (၁၇)မိုင် (၃)ဖာလုံအတွင်းမှာရှိတဲ့ လမ်းချိုင့်တွေကိုတော့ (၂ x ၄) လက်မ ကျောက်တွေနဲ့ ဖြည့်ခင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာတော့ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ ကျပ်(၈၈၄)သန်းနဲ့ (၃၄)ပေအကျယ် တာချဲ့ခြင်း (၁)မိုင် (၂)ဖာလုံ၊ (၁၂)ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်း (၄)မိုင်၊ ဂျပန် ODA ချေးငွေ ကျပ်(၈၈၀)သန်းနဲ့ (၁၂)ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်း (၅)မိုင် (၁)ဖာလုံ တို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဟားခါး-ဂန့်ဂေါလမ်းမကြီးဟာ ချင်းပြည်နယ်နဲ့ မြေပြန့်ဒေသ ဆက်သွယ်ထားတဲ့ အဓိကကျတဲ့လမ်းမကြီးဖြစ်တာကြောင့် ဒေသခံပြည်သူတွေရဲ့ လမ်းပန်းဆက်သွယ်ရေးအတွက် အဓိကကျတဲ့ လမ်းမကြီး ဖြစ်ပါတယ်။ အဲဒီလမ်းမကြီးကို ရာသီမရွေးသွားလာနိုင်တဲ့ လမ်းမကြီးဖြစ်စေရန် ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီးလည်း လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဘဏ္ဍာရေးနှစ်အလိုက်လည်းပဲ ရန်ပုံငွေ တင်ပြတောင်းခံသွားမယ့်အပြင် သက်ဆိုင်ရာ ပြည်နယ်အစိုးရကလည်းပဲ ဒီလမ်းကြီးပေါ်မှာ ရန်ပုံငွေများ ထည့်ဝင်ပြီးတော့ ဒီလမ်းကြီးကို အဆင့်မြှင့်ဆောင်ရွက်သွားအောင် ကျွန်တော်တို့ ညှိနှိုင်းပြီး ဖြစ်ပါကြောင်း ရိုသေလေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် သုံးဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## လှည်းကူးမြို့နယ်၊ ထန်းပင်ချောင်-ဒါးပိန်တောင် ကျေးရွာချင်းဆက် မြေသားလမ်းမကြီးအား အဆင့်တိုးမြှင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်က လှည်းကူးမြို့နယ်၊ ထန်းပင်ချောင်-ဒါးပိန်တောင် ကျေးရွာချင်းဆက် မြေသားလမ်းမကြီးအား အဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးရွာများသို့ ဒေသဖွံ့ဖြိုးရေးကိစ္စများဆောင်ရွက်ရာမှာ ထန်းပင်ချောင်ကျေးရွာနဲ့ ဒါးပိန်တောင်ကျေးရွာ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် မြေသားလမ်းမကြီးအား အဆင့်တိုးမြှင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လှည်းကူးမြို့နယ်၊ သခွပ်ပင်ကျေးရွာအုပ်စုအတွင်းရှိ ထန်းပင်ချောင်ကျေးရွာမှာ အိမ်ခြေ(၂၃၄) အိမ်၊ အိမ်ထောင်စု(၂၃၇)စု၊ လူဦးရေပေါင်း(၉၃၃)ဦး နေထိုင်လျက်ရှိကြပါတယ်။ ထန်းပင်ချောင်ကျေးရွာမှ ဒါးပိန်တောင်ကျေးရွာသို့ ဆက်သွယ်သည့် လမ်းအရှည်(၂)မိုင်ကျော် (၁၃၅၀၀)ပေ၊ အကျယ်(၁၂)ပေ၊ အမြင့်(၃)ပေရှိ ကျေးရွာချင်းဆက် မြေသားလမ်းမကြီးအား ဒေသခံပြည်သူများ၏ လုပ်အားဖြင့် ၁၉၉၆ ခုနှစ်မှ စ၍ ယနေ့တိုင် စုပေါင်း၍ ဒေသခံပြည်သူများမှ ဖောက်လုပ်ခဲ့ကြပါတယ်။

ယခုအခါမှာ ၎င်းမြေသားလမ်းမကြီးအား အမှီပြု၍ ထန်းပင်ချောင်ကျေးရွာ၊ မအူကျေးရွာ၊ မြို့လေးကုန်းကျေးရွာ၊ တိုင်ကွမ်းကျေးရွာ၊ ရွှေတောင်ပံကျေးရွာ စသည့် ကျေးရွာများ၏ ဒေသဖွံ့ဖြိုးရေးအတွက် အဓိကထား၍ အသုံးနေကြရသော လမ်းမကြီးအား မြေသားလမ်းဖြစ်သည့်အလျောက် မိုးရာသီတွင် ရွှံ့နွံများနှင့်သွားလာရန် လွန်စွာခက်ခဲနေကြပါတယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းကြောင့် ရရှိလာသည့် ဆိုးကျိုးများမှာ (၁) ဒေသအတွင်းမှာ အနီးဆုံးဖြစ်သည့် (ဒါးပိန်) အ.ထ.က ကျောင်းသို့ သွားရောက်၍ ပညာသင်ယူနေကြရသည့် အလယ်တန်း၊ အထက်တန်း ကျောင်းသူ/ကျောင်းသားများသည် မိုးအခါတွင် နေ့စဉ် ရွှံ့နွံများ ဖြတ်သန်းသွားလာနေရသဖြင့် ကျန်းမာရေး ချို့ယွင်းလာခြင်းနှင့် ပညာရေးတွင် စိတ်ဝင်းစားမှုအားနည်းလာခြင်း။ (၂) ဒေသခံပြည်သူများ အရေးပေါ်ကျန်းမာရေး ဖြစ်ပေါ်လာပါက လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် နီးစပ်ရာဆေးရုံ ဆေးပေးခန်းသို့ အချိန်မီ မရောက်ရှိခြင်းကြောင့် အသက်ဆုံးရှုံးမှုများ နှစ်စဉ်ဖြစ်ပေါ်နေရခြင်း။ (၃) ဒေသခံပြည်သူများ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်သည့်အလျောက် လယ်ယာသုံးစက်ယန္တရားများ သွားလာရန်ခက်ခဲခြင်း၊ လယ်ယာလုပ်ငန်းမှ ရရှိလာသည့် လယ်ယာထွက်ကုန်ပစ္စည်းများ သယ်ယူရာတွင် ကုန်ကျစရိတ်ကြီးမြင့်ခြင်း စသည်များ ဖြစ်ပေါ်ခံစားနေကြရပါတယ်။

တင်ပြပါ လမ်းမကြီးအား ဒေသခံအတွင်းရှိ ဒေသခံများ၏ ဖွံ့ဖြိုးရေးအတွက် အဓိက လိုအပ်နေပါသဖြင့် လက်ရှိမြေသားလမ်းမှ ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်မြင့် တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းပြီး ဒေသခံပြည်သူများ၏ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သာစည်မြို့နယ်အတွင်းရှိ ကံစွယ်ကျေးရွာ၊ ကတ်ကျေးအင်းကျေးရွာ၊ ကျီတိုင်ကုန်း(တောင်)ကျေးရွာနှင့် ကျီတိုင်ကုန်း(မြောက်)ကျေးရွာများမှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင် က သာစည်မြို့နယ်အတွင်းရှိ ကံစွယ်ကျေးရွာ၊ ကတ်ကျေးအင်းကျေးရွာ၊ ကျီတိုင်ကုန်း(တောင်)ကျေးရွာ နှင့် ကျီတိုင်ကုန်း(မြောက်)ကျေးရွာများမှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ သာစည်မြို့နယ်အတွင်းရှိ ကံစွယ်ကျေးရွာ၊ ကတ်ကျေးအင်းကျေးရွာ၊ ကျီတိုင်ကုန်း(တောင်)/(မြောက်) ကျေးရွာများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ပြီး မေးလိုတဲ့မေးခွန်းဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကံစွယ်ကျေးရွာ၊ ကတ်ကျေးအင်းကျေးရွာနှင့် ကျီတိုင်ကုန်း(တောင်)/(မြောက်)ကျေးရွာတွေဟာ သာစည်မြို့ရဲ့ အနောက်မြောက်နဲ့ မြောက်ဘက်မြို့နဲ့တစ်ဆက်တည်း ထိစပ်နေတဲ့ မြို့ဆင်ခြေဖုံးကျေးရွာများ ဖြစ်ပါတယ်။ လွန်ခဲ့သော နှစ်များက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဓာတ်မြေဩဇာစခန်း၊ စက်မှုလယ်ယာဦးစီးဌာနရုံး၊ ခ.လ.ရ (၄၁၉)၊ ခ.လ.ရ (၄၂၀)၊ သာစည်-မြင်းခြံသွား မီးရထားသံလမ်း စတဲ့ အစိုးရပိုင်ဌာနများ တိုးချဲ့တဲ့အတွက်ကြောင့် ယင်းကျေးရွာများမှာရှိတဲ့ တောင်သူလယ်သမားများရဲ့ လယ်ယာမြေများ ပါသွားခဲ့ပါတယ်။ ထိုခေတ်ထိုအခါက သင့်တင့်သော ထောက်ပံ့ကြေးများရသော်လည်း လုံလောက်သော ငွေကြေးပမာဏ မရရှိခဲ့ကြောင်း သိရပါတယ်။ မိမိတို့ လယ်ယာမြေများကို ပြန်လည်ရရှိရေးအတွက် တောင်းဆိုခြင်းများလည်း မရှိကြောင်း သိရပါတယ်။

ယခု လက်ရှိအခြေအနေမှာတော့ အဆိုပါ ကျေးရွာများဟာ လက်လုပ်လက်စား ဆင်းရဲနွမ်းပါးသော ကျေးရွာများဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှု နည်းပါးနေတာကို တွေ့ရပါတယ်။ ရွာမှာရှိတဲ့ ရွာသူ/ရွာသားများဟာ ကြုံရာကျပန်း အလုပ်သမားများ ဖြစ်တဲ့အတွက်ကြောင့် လက်သမား၊ ပန်းရံ၊ လမ်းလုပ်သား စတဲ့

လုပ်ငန်းများကို လုပ်ကိုင်ကြရတဲ့အတွက် ရပ်ရွာဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်ဖို့ အဆင်မပြေရှိတာကို တွေ့ရှိရပါတယ်။ အဲဒါကြောင့် ကျေးရွာမှာ လျှပ်စစ်မီးလင်းရေး အပါအဝင် ပညာရေး၊ ကျန်းမာရေး စတဲ့ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် နိုင်ငံတော်မှ ဖြည့်ဆည်းပံ့ပိုးသင့်ကြောင်း တင်ပြလိုပါတယ်။

အထူးသဖြင့် တင်ပြလိုတာကတော့ ကံစွယ်ကျေးရွာနဲ့ ကက်ကျေးအင်းကျေးရွာဟာ သာစည်နဲ့ မိတ္ထီလာစက်မှုဇုန် သွားတဲ့လမ်းဘေးဝဲ/ယာမှာ ရှိပါတယ်။ သာစည်မြို့နဲ့ဆိုရင် (၁)မိုင်ခန့်ပဲ ကွာဝေးပါတယ်။ ထို့အတူ ကျွန်တော်တို့က ကျီတိုင်ကုန်းတောင်ရွာ/မြောက်ရွာဟာလည်း သာစည်မြို့ရဲ့ မြောက်ဘက်မှာ ရှိပြီးတော့မှ သာစည်မြို့နဲ့ (၁)မိုင်ခန့်ပဲ ကွာဝေးတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ရွာသူရွာသားများရဲ့ အဓိက တောင်းဆိုချက်ကတော့ သူတို့ရွာမှာ လျှပ်စစ်မီးလင်းရေးကို ကူညီပေးဖို့က ပိုပြီးအဓိကကျပါတယ်လို့ တင်ပြလာပါတယ်။

ဒါကြောင့်မို့လို့ သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့ ကံစွယ်ကျေးရွာ၊ ကတ်ကျေးအင်းကျေးရွာ၊ ကျီတိုင်ကုန်း(တောင်)/(မြောက်)ကျေးရွာများရဲ့ လူမှုစီးပွားရေး ဖွံ့ဖြိုးမှုဘဝနဲ့ ပတ်သက်ပြီးတော့မှ သက်ဆိုင်ရာ ဝန်ကြီးဌာနက ကူညီပံ့ပိုးပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရွာသူ/ရွာသားများရဲ့ကိုယ်စား တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**သန်လျင်မြို့နယ်အတွင်းရှိ ညောင်လေးပင် ကျေးရွာ၊ ကံသာမြင့်ကျေးရွာ၊ ရုံးသပြေကန်ကျေးရွာတို့ကို ဆက်သွယ်ထားသော ပျက်စီးနေသည့် ထော်သွန်ချောင်းကူး တံတားကို ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က သန်လျင်မြို့နယ်အတွင်းရှိ ညောင်လေးပင်ကျေးရွာ၊ ကံသာမြင့်ကျေးရွာ၊ ရုံးသပြေကန်ကျေးရွာတို့ကို ဆက်သွယ်ထားသော ပျက်စီးနေသည့် ထော်သွန်ချောင်းကူးတံတားကို ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော့်အနေနဲ့ သန်လျင်မြို့နယ်ထဲမှာရှိနေတဲ့ ညောင်လေးပင်ကျေးရွာအုပ်စုရဲ့ ထော်သွန်ချောင်းကူးတံတား၊ အဲဒီထော်သွန်ချောင်းကူးတံတားဟာ ကျွန်တော်တို့ အရှည်အားဖြင့် ပေ(၅၀)၊ အကျယ်ကတော့ (၁၂)ပေ၊ အမြင့်ကတော့ (၁၁)ပေ ရှိပါတယ်။ ဒီတံတားဟာ သစ်သားတံတားလေး ဖြစ်ပြီးတော့ အခုခါမှာ ပျက်စီးနေပါတယ်။ ပျက်စီးနေတဲ့အတွက်ကြောင့် ဒီဟာကို သူတို့ရဲ့ ကျေးရွာသူ/ကျေးရွာသားများက ပြင်ဆင်ပေးဖို့ ဒီဟာကို ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။

အဲဒီတော့ ဒီလိုတံတားကို ပြင်မယ်ဆိုလို့ရှိရင်လည်းပဲ ကျေးရွာသူ/ကျေးရွာသားများက သူတို့ သိန်း(၅၀)လောက်လည်း ထည့်ပေးမယ်လို့ သူတို့ပြောကြပါတယ်။ အဲဒီတော့ ဒီ သန်လျင်မြို့နယ်ထဲမှာ ရှိနေ တဲ့ ကျွန်တော်တို့ ညောင်လေးပင်ကျေးရွာ၊ ကံသာမြင့်ကျေးရွာ၊ အဲဒီကျေးရွာအုပ်စုတွေမှာ လယ်ဧက

ပေါင်းက ကျွန်တော်တို့ ဒီ ညောင်လေးပင်ကျေးရွာအုပ်စုမှာ ဆိုလို့ရှိရင် လယ်ဧကပေါင်း(၁၂၀၀)လောက် ရှိပါတယ်။ အဲဒီမှာရှိနေတဲ့ လူဦးရေကတော့ (၁၉၀၀)လောက် ရှိပါတယ်။ နောက် ကျွန်တော်တို့ ကံသာမြင့်၊ ဒီ ရုံးသပြေကန်ကျေးရွာ၊ အဲဒီရုံးသပြေကန်ကျေးရွာ အနောက်ဘက်မှာတော့ လယ်ဧကပေါင်းက (၁၀၀၀) လောက် ရှိပါတယ်။ အဲဒီတော့ ဒီမှာရှိနေတဲ့ သူတို့ ကျေးရွာသူ/ကျေးရွာသားများဟာ ဒီ တံတားလေးကို အမှီအခိုပြုပြီးတော့ သူတို့ သွားလာလှုပ်ရှားနေကြရပါတယ်။ ကျွန်တော်တို့ ထွန်စက်တွေ၊ သက်ဆိုင်ရာ ဝွန်ဒေါင်းတွေ၊ အဲဒါတွေ သူတို့ ဒီတံတားပေါ်ကပဲ သွားလာပြီးတော့ လှုပ်ရှားရပါတယ်။ ဒီတံတားလေး ပျက်စီးနေတဲ့အတွက်ကြောင့် သူတို့ လှည့်ပတ်သွားရတဲ့အခါမှာ မိုင်(၅)မိုင်လောက် သူတို့ သွားကြရတယ် လို့ ဒါ ကျွန်တော် သိရှိရပါတယ်။ ကျွန်တော် သွားတဲ့အခါမှာ သူတို့ ဒီလိုပဲ ပြောကြပါတယ်။ ဒါ (၅)မိုင် လောက် လှည့်ပြီးတော့ သွားရပါတယ်။ နောက် ကျွန်တော်တို့ အ.ထ.က သွားပြီးတော့ ကျောင်းတက်တဲ့ ကျောင်းသူ/ကျောင်းသားတွေ ကလည်းပဲ ဒီတံတားလေးပေါ်ကပဲ ဖြတ်သန်းသွားကြပါတယ်။ နောက် တောင်ဒဂုံစက်မှုဇုန်ကိုသွားတဲ့ အဲဒီ အလုပ်ဆင်းတဲ့ အဲဒီမှာရှိနေတဲ့ ကျေးရွာသူ/ကျေးရွာသားတွေက လည်း ဒီတံတားလေးကပဲ ဖြတ်ပြီးသွားကြ ရပါတယ်။ နောက် ကျွန်တော်တို့ ဒီနွေအခါမှာ ရေရှားတဲ့အခါ မှာလည်း ဒီတံတားလေးကပဲ ဖြတ်ပြီးတော့ ရေတွေ သယ်ရပါတယ်။

ဒါကြောင့်မို့လို့ ကျေးရွာသူ/ကျေးရွာသားများက ကျွန်တော့်ကို တင်ပြတဲ့အသံကို ယူလာပြီး တော့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနကို သန်လျင် မြို့နယ်အတွင်းရှိ ညောင်လေးပင်ကျေးရွာ၊ ကံသာမြင့်ကျေးရွာ၊ ရုံးသပြေကန်ကျေးရွာတို့ ဆက်သွယ်ထား သော ပျက်စီးနေသည့် ထော်သွန်ချောင်းကူးတံတားကို ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၅။**

**ဦးတင်ထွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် အားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ဖို့ ဦးစွာပထမ ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်ထွေ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးဆွေအောင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်လို့ ဦးစွာပထမ ကျွန်တော် တင်ပြမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးဆွေအောင် မှ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ပတ်သက်ပြီးတော့ စိတ်ဝင်စားစွာ ကျေးရွာများကို ကွင်းဆင်းပြီးတော့ မေးမြန်းတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ထန်းပင်ချောင်ကျေးရွာနဲ့ ဒါးပိန်တောင်ကျေးရွာ ဆက်သွယ်ထားတဲ့ မြေသားလမ်းဟာ ကျေးရွာပေါင်း(၆)ရွာ၊ လူဦးရေပေါင်း(၇၁၃၀)ဦးကို အကျိုးပြု ပါတယ်။ အဆိုပါထန်းပင်ချောင်-ဒါးပိန်တောင်လမ်းရဲ့ အရှည်(၃)မိုင်နဲ့ (၄)ဖာလုံ ကျွန်တော်တို့ ကွန်ကရစ် လမ်းအဖြစ် အဆင့်မြှင့်ပေးဖို့ဆိုလို့ရှိရင် ခန့်မှန်းကုန်ကျငွေ (၅၄၄.၂၅)သန်းခန့် ရှိမယ်လို့ ခန့်မှန်းရရှိ ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း အချုပ်အနေနဲ့ ကျွန်တော်တို့ ဒီနှစ်တင်ပြရရင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ဒီနှစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ လျာထားချက်ဟာ ကျပ်သန်းပေါင်း(၉၉၂၂.၈၈၉)သန်း ဖြစ်ပြီးတော့၊ လမ်းအရှည်ပေါင်းဆိုရင် ကတ္တရာ လမ်း (၄၅)မိုင် (၁)ဖာလုံ၊ ကျောက်ချောလမ်း (၁၁)မိုင် (၆)ဖာလုံ၊ မြေသားလမ်း (၉၃)မိုင် (၅)ဖာလုံ၊ ကွန်ကရစ်လမ်းတံတား(၈၆၅)ပေ၊ သစ်သားတံတား(၉၆၀)နဲ့ ရေပွန်(၅၀၀)တို့ကို ဆောင်ရွက်ဖို့ ခွင့်ပြုပြီး ဖြစ်ပါတယ်။

လှည်းကူးမြို့နယ် အနေနဲ့ အချုပ်အနေနဲ့ တင်ပြရရင် ဒီနှစ်ကျွန်တော်တို့ ဘတ်ဂျက်အနေနဲ့ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်မှာ ရန်ပုံငွေပေါင်း(၁၁၀၅.၇၃)သန်း၊ လမ်းအရှည်အားဖြင့် ကတ္တရာလမ်း (၈)မိုင် (၃)ဖာလုံ၊ မြေသားလမ်း(၇)မိုင်နဲ့ သစ်သားတံတား (၁၂၀)ပေ ဆောင်ရွက်ဖို့ဆိုပြီးတော့ ခွင့်ပြုထား ပါတယ်။ ကျွန်တော်တို့ ဒီနှစ်မှာလည်း ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ကျေးလက် ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်မှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကနေပြီး တော့ လျာထားတဲ့ဟာက မအူပင်-ထန်းပင်ချောင်-ရွှေတောင်ပံ-ဒါးပိန်၊ ကျွန်တော်တို့ အဲဒီလမ်းနဲ့ အပေါ်မှာပဲ ရှိပါတယ်ခင်ဗျား။ အဲဒီမှာ (၅)မိုင်နဲ့ (၁)ဖာလုံ ရှိပါတယ်။ အဲဒီ (၅)မိုင် (၁)ဖာလုံကို အကျယ် အားဖြင့် (၁၈)ပေ ချဲ့ပါမယ်။ အမြင့်အားဖြင့် မြေသား(၄)ပေဖို့ပြီးတော့ ယခုနှစ် ဘဏ္ဍာရေးနှစ်မှာ ငွေကျပ် (၆၆.၆၂)သန်းနဲ့ ဒီနှစ်ဘဏ္ဍာရေးနှစ်အပြီး ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ အဲဒီအပေါ်မှာ အဆင့်မြှင့်ပြီး တော့ ခုနတင်ပြတဲ့ ကျွန်တော်တို့ ကျောက်ချောလမ်း သို့မဟုတ် ကွန်ကရစ်လမ်း မြှင့်တင်ပေးဖို့ဆိုရင် လာမယ့်နှစ်မှာ ဒီနှစ် မြေသားလမ်းကို တိုးချဲ့ပြုပြင်ပြီး၊ ဒီ (၅)မိုင်နဲ့ (၁)ဖာလုံ ဆောင်ရွက်ပြီးလျှင် လာမယ့် ၂၀၁၅-၁၆ မှာ ဦးစားပေး အစီအစဉ်အတိုင်း တင်ပြပြီးတော့ ဆောင်ရွက်ပေးမှာဖြစ်ကြောင်း ဖြေကြားအပ် ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းအနေနဲ့ ကျွန်တော်တို့ ဆက်လက်ပြီးတော့ တင်ပြလိုပါတယ်ခင်ဗျား။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးငွေမောင် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး တော့ ဆက်လက်တင်ပြပါမယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ ခွင့်ပြုငွေနဲ့ ကျေးလက် ဒေသဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများဖြစ်တဲ့ လမ်း၊ တံတား၊ ကျေးလက် ရေပေးရေး၊ ကျေးလက် မီးလင်းရေး၊ စံပြအိမ်ရာနဲ့ ယင်လုံအိမ်သာများကို တည်ဆောက်ပေးနေတာ ဖြစ်ပါတယ်။ ကျေးလက်နေ ပြည်သူများရဲ့ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ဖို့ဆိုရင် အသက်မွေးဝမ်းကျောင်း အထောက်အကူ သင်တန်းများကိုလည်း အကောင်အထည်ဖော်ပေးလျက်ရှိပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လျာထားတဲ့နေရာမှာ နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံတော်အဆင့်၊ ပြည်နယ်နဲ့ တိုင်းဒေသအဆင့် အကြီးအကဲများ၊ ဒေသဆိုင်ရာ အကြီးအကဲများ၏ ဖွံ့ဖြိုးရေး ခရီးစဉ်များနဲ့ ဒေသခံပြည်သူများ တိုက်ရိုက်တင်ပြတဲ့ တင်ပြချက်များ၊ ပြည်သူ့လွှတ်တော်နဲ့

အမျိုးသားလွှတ်တော်မှ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးမြန်းတင်ပြချက်များ၊ ကတိကဝတ်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များရဲ့ တင်ပြမေးမြန်းချက်များနဲ့ ကတိကဝတ်များကို ကျွန်တော်တို့ ပြည်နယ်နှင့်တိုင်း အစိုးရတွေကတစ်ဆင့် ကျွန်တော်တို့ တင်ပြချက်များ၊ ကျေးရွာများအတွက် အမှန်တကယ် လိုအပ်တဲ့ ရွာသူ/ရွာသားများရဲ့ သဘောတူညီချက်ဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသမှာရှိတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနများမှ မြေပြင်ကွင်းဆင်းပြီးတော့ တင်ပြချက်များကို ဦးစားပေး အစီအစဉ်အတိုင်း လျာထားပြီးတော့၊ ရရှိတဲ့ ရန်ပုံငွေအပေါ် မူတည်ပြီးတော့ ကျွန်တော်တို့ လျာထားဆောင်ရွက်ပေးလျက် ရှိပါတယ်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ညှိနှိုင်းပြီးတော့ ပြန်ကြားချက်အရဆိုလျှင် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ သာစည်မြို့နယ်၊ ကံစွယ်ကျေးရွာ၊ ကတ်ကျေးအင်းကျေးရွာ၊ ကျီတိုင်ကုန်း(တောင်)နဲ့ ကျီတိုင်ကုန်း(မြောက်)ကျေးရွာများမှ ဒေသခံများရဲ့ လူမှုစီးပွားဘဝ တိုးတက်ရန်အတွက် ဆောင်ရွက်ချက်များကို တင်ပြပါမယ်။ သောက်သုံးရေ ရရှိရေးနဲ့ပတ်သက်ပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်နဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကံစွယ်ကျေးရွာမှာ ခွင့်ပြုငွေ (၆၈)သိန်းဖြင့် လည်းကောင်း၊ ကျီတိုင်ကုန်း(မြောက်)ကျေးရွာမှာ ခွင့်ပြုငွေ(၁၀)သိန်းဖြင့်လည်းကောင်း၊ ကျီတိုင်ကုန်း(တောင်)ကျေးရွာမှာ ခွင့်ပြုငွေ (၃၅)သိန်းဖြင့်လည်းကောင်း ရေတွင်းရေကန်များ တူးဖော်ဆောင်ရွက်ပေးခဲ့ပါတယ်။

နောက် စိုက်ပျိုးရေးနဲ့ပတ်သက်ပြီးတော့ စိုက်ပျိုးရေရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရရဲ့ အစီအစဉ်ဖြင့် ကျီတိုင်ကုန်း(တောင်)ကျေးရွာမှာ ခွင့်ပြုငွေ(၅၇၅)သိန်းနဲ့ ဘုန်းတော်ကြီးကျောင်းကန် တူးဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ၎င်းအပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်နဲ့ စိုက်ပျိုးရေရရှိရေးအတွက် ကတ်ကျေးအင်းကျေးရွာ မေတ္တာကန်ကို ပြင်ဆင်ဖို့ ခန့်မှန်းကုန်ကျငွေများကို တွက်ချက်ပြီးတော့ ၂၀၁၄-၂၀၁၅ ဖြည့်စွက်ပေ့ါ။ ယခုနှစ် ဖြည့်စွက်ရန်ပုံငွေမှာ တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ပညာရေးကဏ္ဍနဲ့ပတ်သက်လို့လည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျီတိုင်ကုန်း(တောင်)ရွာ ပညာရေးဌာန ရန်ပုံငွေ ကျပ်(၂၈၈)သိန်းနဲ့ (၈၀ x ၃၀ x ၁၂)ပေ စာသင်ကျောင်းတစ်ဆောင်၊ နောက်တစ်ခါ ငွေကျပ် (၁၀)သိန်း နဲ့ ရေလောင်းအိမ်သာ (၁)လုံး၊ နောက် လှူဒါန်းငွေနဲ့ သိန်း(၁၂၀) နဲ့ (၆၀ x ၃၀ x ၁၂)ပေ စာသင်ဆောင် (၁)ဆောင်တို့ကို တိုင်းဒေသကြီးအစိုးရက ဆောက်လုပ်ပေးခဲ့ကြောင်း ညှိနှိုင်းပြန်ကြားလာပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်မှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မူလ ရန်ပုံငွေ ကျပ်(၁၃၄၅.၄၅)သန်းနဲ့ ကတ္တရာလမ်း၊ နောက် ကျောက်ချောလမ်း (၃၈)မိုင်၊ ကတ္တရာလမ်း (၂)ဖာလုံ၊ ကွန်ကရစ်တံတား (၄၅)ပေ၊ သစ်သားတံတား (၁၅)ပေ၊ ရေကျော် (၃၈၀) ပေ၊ ရေပွန် (၇၅)ပေ ဆောင်ရွက်ခွင့်ရရှိပြီး ဖြစ်ပါတယ်။ ဒီနှစ်မှာ ရရှိပြီးဖြစ်ပါတယ်။ ကံစွယ်ကျေးရွာ၊ ကတ်ကျေးအင်းကျေးရွာ၊ ကျီတိုင်ကုန်း(တောင်)နဲ့ ကျီတိုင်ကုန်း(မြောက်)ကျေးရွာမှာ ဒေသခံပြည်သူများရဲ့ လူမှုစီးပွားတိုးတက်စေဖို့ ဆိုပြီးတော့ ကျွန်တော်တို့ လမ်းလုပ်ငန်းများနဲ့ ပတ်သက်ပြီး ရွာ(၄)ရွာမှာ ကျွန်တော်တို့ သာစည်-ကျီတိုင်ကုန်း-ရွာပုလဲ-ကန်သစ်ကုန်း (၄)မိုင်နဲ့ (၃)ဖာလုံ ကျောက်ချောလမ်း ခင်းဖို့အတွက် ခန့်မှန်းကုန်ကျငွေ (၁၄၃.၈၇) သန်းကို ၂၀၁၄-၂၀၁၅ မှာ ခွင့်ပြုပြီးသား ဖြစ်ပါတယ်။ ရန်ပုံငွေ ခွင့်ပြုထားပြီး ဖြစ်ပါတယ်။

နောက်တစ်ခါ ရေဘေးနဲ့ ပတ်သက်ပြီးတော့လည်း ကျေးရွာအုပ်စုပေါင်း(၈၀)၊ ကျေးရွာပေါင်း (၂၄၉)ရွာရှိတဲ့ သာစည်မြို့နယ်အတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅

ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်းပေါင်း(၂၇၁.၈၄)သန်းဖြင့် တွင်းတိမ် (၁)တွင်း၊ တွင်းနက် (၁၉)တွင်း၊ မိုးရေလှောင်ကန် (၄)ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်း (၃)ခု နဲ့ အခြားရေရရှိရေးလုပ်ငန်း(၉)ခု၊ စုစုပေါင်း (၃၆)ခုကိုလည်း ခွင့်ပြုချက်ရရှိပြီးဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများ မေးမြန်းထားတဲ့ သာစည်မြို့နယ်အတွင်းမှာရှိတဲ့ ကျီတိုင်ကုန်း(တောင်)ကျေးရွာမှာ အလှူရှင်လှူဒါန်းငွေနဲ့ (၂)လက်မရေတွင်းလည်း အခုတူးဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်ရှိတဲ့ ကံစွယ်ကျေးရွာ၊ ကတ်ကျေးအင်းကျေးရွာ၊ ကျီတိုင်ကုန်း(မြောက်)ကျေးရွာ သောက်သုံးရေ ရရှိရေးကို ၂၀၁၄-၂၀၁၅ ယခုနှစ်မှာတော့ လျာထားနိုင်ခြင်း မရှိသော်လည်း လာမယ့် ယခုနှစ်ပဲ ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေမှာ တင်ပြတောင်းခံပေးသွားမည် ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

ကျေးလက်မီးလင်းရေးနဲ့ ပတ်သက်လို့လည်း မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ဆူးပုတ်ကန်ကျေးရွာမှာ အိမ်ခြေ(၁၀၀)ကို ဆိုလာစနစ်နဲ့ ကျပ်သန်း(၂၀)ဖြင့် ၂၀၁၃-၂၀၁၄ မှာဆောင်ရွက်ပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ ကျန်တဲ့ (၄)ရွာကိုတော့ ၂၀၁၄-၂၀၁၅၊ ယခုနှစ် လျာထားနိုင်ခြင်း မရှိပါဘူး။ သို့သော်လည်း ကွင်းဆင်းစစ်ဆေးပြီးတော့ ၂၀၁၅-၂၀၁၆ မှာတော့ ဆက်ပြီးတင်ပြပြီးတော့ မီးလင်းရေးရရှိအောင် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ အထက်ဖော်ပြပါ ကျေးလက် လမ်း၊ တံတား၊ ရေ၊ မီး စသည့်လုပ်ငန်းများအပြင် သာစည်မြို့နယ်အတွင်းမှာရှိတဲ့ ဒေသခံပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် အရင်းမပျောက် မတည်လည်ပတ်ငွေဖြင့်ဆောင်ရွက်ဖို့ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှာ ပါဝင်တဲ့ ကတ်ကျေးအင်းကျေးရွာအတွက် ကျပ်သိန်း(၃၀၀)ကို ၂၀၁၄ မေလ တတိယအပတ်မှာ မန္တလေးတိုင်းဒေသကြီးကို ငွေများ လွှဲပြောင်းပေးပြီး ဖြစ်ပါတယ်။ အဆိုပါ ရန်ပုံငွေကို မြစိမ်းရောင်ကြီးကြပ်မှုကော်မတီ၏ စီမံခန့်ခွဲမှုနဲ့ မိသားစုများရဲ့ လူမှုစီးပွားတိုးတက်ရေးအတွက် ကျွန်တော်တို့ ဒါတွေကို နှစ်အလိုက်သင့်တင့်တဲ့ အတိုးနှုန်းနဲ့ ချေးငွေများကို ချေးပြီးတော့ ပြန်လည်ပေးဆပ်ဖို့အတွက်လည်း ပြန်လည်ပြီးတော့ အစီအစဉ် ချမှတ်ပြီးတော့ ထုတ်ချေးသွားနိုင်ကြောင်း တင်ပြလိုပါတယ်။ အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြစ်တဲ့အတွက်ကြောင့် ရေရှည်တည်တံ့ဖို့နဲ့ ဒေသခံပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်ဖို့အတွက် ရန်ပုံငွေကြီးကြပ်ရေးကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီမှ တာဝန်ရှိသူများက သင်တန်းပေးခြင်း၊ ကျေးရွာသူ/ကျေးရွာသားများအား စီမံကိန်းလုပ်ငန်းကို သဘောသဘာဝနှင့် ပတ်သက်၍ သိရှိအောင် ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးရန်လိုအပ်မှာဖြစ်ပါတယ်။ ဆောင်ရွက်လည်း ဆောင်ရွက်ခဲ့ပြီးလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ သာစည်မြို့နယ်အတွင်းမှာရှိတဲ့ ကံစွယ်ကျေးရွာ၊ ကတ်ကျေးအင်းကျေးရွာ၊ ကျီတိုင်ကုန်း(တောင်)/(မြောက်) ဒေသခံပြည်သူများရဲ့ လူမှုဘဝ စီးပွားဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဖော်ပြပါလုပ်ငန်းများအပြင် ကျွန်တော်တို့ ဝန်ကြီးဌာနများရဲ့ ဆောင်ရွက်နေတဲ့ လိုအပ်တဲ့ မီးရရှိရေး၊ ရေရရှိရေးလုပ်ငန်းများကိုလည်း ဆက်လက်ကွင်းဆင်းဆောင်ရွက်ပြီးတော့ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမှာ ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

မေးခွန်း နံပါတ်(၃)အနေနဲ့ ကျွန်တော်တို့ ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါက်တာမြင့်ကြည် ရဲ့ မေးခွန်းနဲ့ပတ်သက်၍ ပြန်လည်တင်ပြပါမယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်လေးပင်၊ ကံသာမြင့်ကျေးရွာ၊ ရုံးသပြေကန် ရွာလမ်းပေါ်မှာရှိတဲ့ ထော်သွန်ချောင်းကူးတံတားဟာ ကျေးရွာ(၄)ရွာရှိ လူဦးရေအားဖြင့် (၅၉၈၀)ကျော်ကို အကျိုးပြုပါတယ်။ အဆိုပါ တံတားကို အုတ်ခုံခံ သံကူကွန်ကရစ်တံတား (၅၀ x ၁၂ ပေ x ၁၁)ပေ တည်ဆောက်လို့ရှိရင် ခန့်မှန်းအားဖြင့် ကျပ်သန်း(၅၀) ကုန်ကျမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အချုပ်အနေနဲ့ တင်ပြရရင် ဒီနှစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ကျပ်သန်းပေါင်း(၉၉၂၂.၈၈၉)သန်း ခုနက တင်ပြသလို ကတ္တရာလမ်း (၄၅)မိုင်၊ ကျောက်ချောလမ်း (၁၁)မိုင်၊ မြေသားလမ်း (၉၃)မိုင်၊ ကွန်ကရစ်တံတား၊ သစ်သားတံတားများကို ကျွန်တော်တို့ ဆောင်ရွက်ခွင့် ပြုထားတာ ဖြစ်ပါတယ်။

သန်လျင်မြို့နယ်အနေနဲ့ ယခုနှစ် ခွင့်ပြုထားတဲ့ငွေကတော့ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေ ကျပ်(၃၆၈.၇၁၆)သန်း၊ ကတ္တရာလမ်း (၂)မိုင် (၁)ဖာလုံ၊ သစ်သားတံတား(၂၅၀)ပေ ဆောင်ရွက်ခွင့် ပြုထားတာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားတဲ့ သန်လျင်မြို့နယ်၊ ညောင်လေးပင်၊ ကံသာမြင့်ကျေးရွာ၊ ရုံးသပြေကန်ကျေးရွာမှာရှိတဲ့ ထော်သွန်ချောင်းကူးတံတားဟာ ဒီနှစ် ၂၀၁၄-၂၀၁၅ ခုနှစ်မှာတော့ ခွင့်ပြုထားခြင်း မရှိပါဘူး။ သို့သော်လည်း လာမယ့် ဘဏ္ဍာရေးနှစ် ၂၀၁၅-၂၀၁၆ မှာတော့ လျာထားတင်ပြမယ်လို့ ခွင့်ပြုချက် ရရှိရေးအတွက် ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၀း၄၅)နာရီတွင် ခေတ္တရပ်နားပြီး (၁၁း၀၀)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ ငွေကြေးဖောင်းပွမှုကို တည်ငြိမ်စေရန် မူဝါဒချမှတ် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် မှ တင်သွင်းထားတဲ့ ငွေကြေးဖောင်းပွမှုကို တည်ငြိမ်စေရန် မူဝါဒချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၄။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ဧည့်သည်တော်များ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံးနှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ကျွန်တော် ဦးအုန်းတင် က လေးစားစွာ ရိုသေဂါရဝပြုအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဒီကနေ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် ရဲ့ ငွေကြေးဖောင်းပွမှုကို တည်ငြိမ်စေရန် မူဝါဒချမှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအပေါ်မှာ ထောက်ခံဆွေးနွေးသွားဖို့ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ငွေကြေးဖောင်းပွမှုဆိုတာ ဘာလဲ။ ငွေကြေးဖောင်းပွမှု ဆိုတာဟာ တိုင်းပြည်အတွင်း လှည့်ပတ်သုံးစွဲနေတဲ့ ငွေကြေးပမာဏ များလာတာကို ဆိုလိုပါတယ်။ ဒီလိုပြည်တွင်းမှာ ပုံမှန်လည်ပတ်သုံးစွဲနေတဲ့ ငွေကြေးပမာဏ ပိုမိုများပြားလာတဲ့အတွက် စားသုံးကုန်ပစ္စည်း၊ အခြေခံလုပ်ငန်းသုံးပစ္စည်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေရဲ့ ဈေးနှုန်းတွေဟာ မြင့်တက်လာပြီး ကုန်ထုတ်လုပ်မှုတွင် စရိတ်စက မြင့်မားလာတဲ့အတွက် ကုန်ထုတ်လုပ်မှုတွေ ကျဆင်းပြီး ဈေးကွက်ဝယ်လိုအားနဲ့ ထုတ်လုပ်မှုအားဟာ မမျှမတဖြစ်လာပါတယ်။ ဒီလိုဖြစ်လာတဲ့အတွက်ကြောင့် ပြည်သူလူထုတစ်ရပ်လုံးဟာ ဒီငွေကြေးဖောင်းပွမှုရဲ့ဒဏ်ကို ခံစားကြရပါတော့တယ်။ စီးပွားရေးပညာရှင် John T. Harvey က ငွေကြေးတိုးများလာမှုကြောင့် ဖြစ်ပေါ်လာတဲ့ ငွေကြေးဖောင်းပွမှုဟာ ကမ္ဘာမှာ လက်တွေ့မကျနိုင်သော အယူအဆအပေါ် မလွဲမရှောင်သာ မှီတည်အားထားကြရတာဖြစ်တယ်လို့ ဆိုပါတယ်။ သူကပဲ ငွေကြေးဖောင်းပွလာမှုကို ဖြစ်ပေါ်စေပြီး ငွေကြေးတိုးပွားလာမှုဟာ ငွေကြေးဖောင်းပွမှုရဲ့ အခြေခံစခန်းပဲ ဖြစ်လာပါတယ်လို့ ဆိုပါတယ်။ အစိုးရအသုံးစရိတ်၊ ပုဂ္ဂလိက အသုံးစရိတ်တွေဟာ လှည့်ပတ်နေတဲ့ ငွေကြေးစီးဆင်းမှုထဲကို ဝင်ရောက်လာတဲ့အတွက် ငွေကြေးပမာဏ တိုးပွားလာပြီး ငွေကြေးဖောင်းပွမှုတွေ ဖြစ်ပေါ်လာပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ ငွေကြေးဖောင်းပွမှုကို ကျွန်တော်ပြောလိုပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ လာမယ့်နှစ် ၂၀၁၄ ခုမှာ (၆.၈)ရာခိုင်နှုန်း

တိုးတက်နိုင်ပေမယ့် ငွေကြေးဖောင်းပွမှုကိုတော့ စိုးရိမ်တယ်လို့ ကမ္ဘာ့ဘဏ်က ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှာ ထုတ်ပြန်တဲ့ မြန်မာနိုင်ငံစီးပွားရေး စောင့်ကြည့်အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဒီအစီရင်ခံစာမှာ မြန်မာ့စီးပွားရေး တိုးတက်မှုဟာ သဘာဝဓာတ်ငွေ့၊ ဝန်ဆောင်မှုလုပ်ငန်းတွေ၊ ဆောက်လုပ်ရေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်တင်ပို့မှုတွေ အားကောင်းလာတာကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ (၆.၅)ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ စားသောက်ကုန်ဈေးနှုန်းနဲ့ အိမ်ခြံမြေငှားရမ်းခ စတဲ့ စရိတ်တွေ မြင့်မားလာတာနဲ့အတူ ငွေကြေးဖောင်းပွမှုဟာ ၂၀၀၃ ခုနှစ်၊ ဩဂုတ်လမှာ (၇.၃)ရာခိုင်နှုန်းအထိ ရှိခဲ့ပါတယ်။ ဒီအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဒါပေမဲ့ ငွေကြေးဖောင်းပွမှုနှုန်းဟာ ဆယ်ဂဏန်းအောက် ရှိနေဆဲဖြစ်လို့ စိုးရိမ်စရာမရှိသေးပေမယ့် အစိုးရပိုင်းက တာဝန်ယူမှုတွေ၊ တာဝန်ရှိသူတွေအနေနဲ့ လက်ရှိ အနေအထားကို သေသေချာချာ အနီးကပ်စောင့်ကြည့်နေဖို့လိုကြောင်း ဖော်ပြပါရှိပါတယ်။ ကမ္ဘာ့ဘဏ်နဲ့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ထုတ်ပြန်ချက်မှာ မြန်မာနိုင်ငံရဲ့ ငွေကြေးဖောင်းပွမှုဟာ (၆.၃)ရာခိုင်နှုန်း ဖြစ်ပေမယ့် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ထုတ်ပြန်ချက်မှာ (၇.၃)ရာခိုင်နှုန်းအထိ တိုးတက်လာတာ တွေ့ရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ငွေကြေးဖောင်းပွရတဲ့အကြောင်းကို တွေးလိုက်တဲ့အခါမှာ အကြမ်းဖျင်းအားဖြင့် (၃)မျိုးတွေ့ရပါတယ်။ မြန်မာနိုင်ငံတွင် ငွေကြေးဖောင်းပွမှု ဖြစ်ရတဲ့ အကြောင်းရင်းများမှာ (က) အစိုးရအသုံးစရိတ် မြင့်မားခြင်း၊ (ခ) ဘဏ်အတိုးနှုန်း လျော့နည်းခြင်း၊ (ဂ) ပုံစံမမှန်တဲ့ ရင်းနှီးမြှုပ်နှံမှုတို့ကြောင့် ဖြစ်ပါတယ်။

(က) အစိုးရအသုံး စရိတ်မြင့်မားခြင်း။ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီရဲ့ အစီရင်ခံစာ၊ ၅/၂၀၁၄ အရ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ခန့်မှန်းသုံးစွဲငွေ (၅၉၄၈)ဘီလီယံ ဖြစ်ပါတယ်။ အဲဒီနှစ်မှာပဲ အမှန်သုံးစွဲငွေဟာ (၇၁၄၇)ဘီလီယံ ဖြစ်ပါတယ်။ ဆိုတော့ အမှန်တကယ်သုံးစွဲခဲ့တဲ့ ပိုတဲ့ဟာက (၁၁၉၉)ဘီလီယံ ဖြစ်ပါတယ်။ ဆိုလိုတဲ့သဘောကတော့ နိုင်ငံတော်အစိုးရကနေပြီးတော့ ကျွန်တော်တို့ လွှတ်တော်စတဲ့ နှစ်မှာပဲ စကြပါစို့။ ၂၀၁၀-၂၀၁၁ မှာ ခန့်မှန်းခြေ အားဖြင့် (၅၉၄၈)ဘီလီယံ လိုတယ်လို့ သူက ခန့်မှန်းပြီးတောင်းပါတယ်။ နောက်ပြီးတော့ RE မှာ တစ်ခါထပ်တောင်းတဲ့အခါကျတော့ အမှန်တကယ် တောင်းခဲ့တဲ့ငွေပေါင်းဟာ (၇၁၄၇)ဘီလီယံ ဖြစ်ပါတယ်။ အဲဒီတော့ ပိုတဲ့ငွေဟာ (၁၁၉၉)ဘီလီယံ ဖြစ်ပါတယ်။ ပိုငွေ ရာခိုင်နှုန်းအားဖြင့် ဆိုလို့ရှိရင် (၂၀.၂)ရာခိုင်နှုန်း ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ခန့်မှန်းတောင်းဆိုငွေ (၇၉၈၃)ဘီလီယံ တောင်းပါတယ်။ နောက် RE မှာတင်ပြီးတော့ အမှန်တကယ်သုံးစွဲတဲ့ငွေဟာ (၈၄၀၆)ဘီလီယံ ဖြစ်ပါတယ်။ ဆိုတော့ ပိုသုံးတဲ့ ပိုက်ဆံဟာ (၄၂၃)ဘီလီယံ ဖြစ်ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ဆိုလို့ရှိရင် (၅.၃)ရာခိုင်နှုန်း ဖြစ်ပါတယ်။ နောက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ခန့်မှန်း(၁၁၆၅၁)ဘီလီယံ တောင်းပါတယ်။ သုံးပါတယ်။ နောက် RE တင်ပြီးတော့ အားလုံးပေါင်းနှစ်မှာ အမှန်တကယ်သုံးစွဲတဲ့ ငွေပေါင်းဟာ၊ ဘတ်ဂျက်ဟာ (၁၃၄၂၁) ဘီလီယံ ဖြစ်ပါတယ်။ ပိုသုံးတဲ့ ပိုက်ဆံကတော့ ခန့်မှန်းခြေထက် ပိုသုံးတဲ့ ပိုက်ဆံကတော့ ဘီလီယံ (၁၇၇၀) ဖြစ်ပါတယ်။ အဲဒီတော့ ပိုတဲ့ရာခိုင်နှုန်းဟာ (၁၅.၂)ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဆိုတော့ ဒီဟာတွေကို ကျွန်တော် တင်ပြနေရတဲ့အကြောင်းက ဘာလဲဆိုလို့ရှိရင် နိုင်ငံတကာမှာ ငွေကြေးကို သုံးစွဲတဲ့အခါမှာ စနစ်တစ်ခု ရှိပါတယ်။ ကမ္ဘာ့ဘဏ်နဲ့ နိုင်ငံတကာငွေကြေးအဖွဲ့တို့ရဲ့ သဘောထားအရ ဆိုလို့ရှိရင် ကမ္ဘာ့ဘဏ်နဲ့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့ရဲ့ ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲမှု စနစ်အရ မူလခန့်မှန်းခြေ BE နဲ့ အမှန်သုံးစရိတ်ဟာ (၅)ရာခိုင်နှုန်းအောက်သာ ကွာခြားသင့်တယ်လို့ ဖော်ပြ

ပါတယ်။ ဆိုတော့ ကျွန်တော်တို့က ဒီနိုင်ငံတော် အစိုးရရဲ့ သုံးစွဲနေတဲ့ ဘတ်ဂျက်ဟာ နိုင်ငံတကာ စံချိန်စံညွှန်း သတ်မှတ်ထားတဲ့ (၅)ရာခိုင်နှုန်းထက် ပိုများနေတဲ့အတွက်ကြောင့် မြန်မာပြည်မှာ ငွေကြေးဖောင်းပွမှုတွေ ဖြစ်နေပါတယ်။ နိုင်ငံတော်အစိုးရရဲ့အသုံးစရိတ်ဟာ၊ အသုံးစရိတ်မြင့်မားမှုဟာ ဘတ်ဂျက်လိုငွေ (Budget Deposit) ကို ဖြစ်စေတဲ့အတွက် ပြည်တွင်းမှာ ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေပါတယ်။

(ခ) ဘဏ်အတိုးနှုန်း လျော့နည်းခြင်း။ လက်ရှိ မြန်မာနိုင်ငံမှာ ပုဂ္ဂလိကဘဏ်တွေမှာ ပေးနေတဲ့ ဘဏ်အတိုးနှုန်းဟာ (၈)ရာခိုင်နှုန်း ဖြစ်ပါတယ်။ အစိုးရရဲ့ ဘဏ်အတိုးနှုန်းကတော့ (၄)ရာခိုင်နှုန်းလို့ ထင်ပါတယ်။ အတိုးနှုန်းက နည်းတဲ့အတွက် ဘဏ်တွေမှာ ငွေလာစုတဲ့သူတွေ နည်းပြီးတော့ အပြင်လုပ်ငန်းတွေအတွက်ပဲ အပ်နှံပြီး ရင်းနှီးကြတာ တွေ့ရပါတယ်။ ဒါနဲ့ကြောင့် ငွေတွေဟာ ဘဏ်ထဲကို ရောက်မလာဘဲ အပြင်ပုဂ္ဂလိကဆီကို ရောက်သွားတဲ့အတွက် ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေတာ ဖြစ်ပါတယ်။

(ဂ) လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နောက် ငွေကြေးဖောင်းပွရခြင်း အကြောင်းတစ်မျိုးကတော့ မြန်မာနိုင်ငံမှာ ပုံစံမမှန်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဖြစ်နေလို့ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ပြည်ပပို့ကုန်လုပ်ငန်းဟာ တိုးတက်ပြီး ပြည်ပမှ သွင်းကုန်တွေကို နည်းနိုင်သမျှနည်းအောင် စီမံဆောင်ရွက်ခြင်းဖြင့် ပြည်ပဝင်ငွေ တိုးပွားလာပြီး ငွေကြေးတည်ငြိမ်မှုကို ရရှိကာ ငွေကြေးဖောင်းပွမှုကို လျော့နည်းကျဆင်းသွားမှာ ဖြစ်ပါတယ်။ ဒါနဲ့ ပို့ကုန်လုပ်ငန်းတိုးတက်မှုနဲ့ ပို့ကုန်ပစ္စည်းတွေ အရည်အသွေးမြင့်ပြီး ဈေးကောင်းရနိုင်ဖို့အတွက် စနစ်တကျ စီမံကိန်းချပြီး အကောင်အထည်ဖော် လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီကနေ့ မြန်မာနိုင်ငံမှာ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ အိမ်ခြံမြေငှားရမ်းရောင်းချတဲ့လုပ်ငန်းတွေက လွှမ်းမိုးနေတာကြောင့် ငွေကြေးဖောင်းပွမှုတွေ ပိုမိုမြင့်မားလာတာ တွေ့ရပါတယ် ခင်ဗျား။

ခိုင်မာသောမူဝါဒ လိုအပ်ခြင်း။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့ ငွေကြေးဖောင်းပွမှု လျော့ကျစေရန်နဲ့ ငွေကြေးစနစ် တည်ငြိမ်စေရန်အတွက် သက်ဆိုင်ရာနိုင်ငံတော်အစိုးရအနေနဲ့ (ဃ) ရေရှည်တည်တံ့ခိုင်မာတဲ့ ငွေကြေးမူဝါဒ (Monetary Policy) တစ်ရပ်ကို ချမှတ်ခြင်း၊ ပြည်ပပို့ကုန် ဖွံ့ဖြိုးတိုးတက်စေပြီး ပို့ကုန်ပစ္စည်းများ အရည်အသွေးမြင့်မားအောင် စီမံဆောင်ရွက်ပေးခြင်း တို့ကို လုပ်ဆောင်ရစမြဲ ဖြစ်ပါတယ်။ အဲဒီလို ဖြစ်တဲ့အတွက်ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ အနေနဲ့လည်း ခိုင်မာသော ငွေကြေးမူဝါဒတစ်ရပ် ချမှတ်ပေးရန် လိုအပ်ပါကြောင်း ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၅။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ ဗဟိုဘဏ်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ အဆိုရှင်ရဲ့ ဒီအဆိုဟာ အင်မတန်အရေးကြီးတဲ့ အဆိုဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်လည်း တတ်နိုင်သလောက် ဆွေးနွေးချင်ပါတယ်။ ဒီငွေကြေးဖောင်းပွမှုနဲ့ ကုန်ဈေးနှုန်း မြင့်မားမှုပေါ့နော်၊ ဒါကတော့ တော်တော်လေး ဆက်စပ်နေပါတယ်။ ဒီနှစ်ပင်လိမ်ကြိုးလိုပေါ့။ သူက ခွဲလို့မရလောက်အောင် ဆက်စပ်တယ်။ သို့သော်လည်း တူတာတော့ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဗဟိုဘဏ်ဆိုတာက ဒီ Monetary Policy ကို ချမှတ်တဲ့ဟာ ဖြစ်တယ်။ သို့သော် သူက ကုန်ထုတ်လုပ်မှု မလုပ်ဘူး။ အဲဒီလိုပဲ ဒီကုန်ထုတ်လုပ်မှုကို လုပ်တဲ့သူတွေက ဒီဗဟိုဘဏ် ငွေကြေးပေါ်လစီ မလုပ်ဘူး ဆိုတော့ ဒါ ကွဲတော့ ကွဲတယ်။ နှစ်ပင်လိမ်ကြိုးလိုပဲ။ ဒါပေမဲ့ ဒီ ဗဟိုဘဏ်ရဲ့ Target လုပ်တဲ့အချိန်မှာသော်လည်းကောင်း အမျိုးမျိုးပေါ့နော်၊ ဆက်စပ်မှုတွေကလည်း အကုန်လုံး ရှိနေတယ်။ ဒီလိုမျိုးဖြစ်နေတယ်။

ဒီအဆိုရှင်ဟာ စဆွေးနွေးတုန်းကလည်း ဒီကုန်ဈေးနှုန်းနဲ့ ပတ်သက်ပြီးတော့လည်း သူက ဆွေးနွေးပါတယ်။ CPI ပေါ့။ Consumer Price Index တို့၊ ဘာတို့။ သို့သော် ဒီကနေ့ ကျွန်တော် တွေ့တဲ့အချိန်မှာ ဗဟိုဘဏ်ပဲတွေ့တယ်။ ကျန်တဲ့ကိစ္စနဲ့ပတ်သက်တဲ့ ဝန်ကြီးဌာနတွေပေါ့နော်၊ စိုက်ပျိုးရေး ဝန်ကြီးဌာနတို့၊ ကုန်သွယ်ရေးဝန်ကြီးဌာနတို့ပေါ့နော်၊ သူတို့လည်း လာသင့်တယ်။ နိုင်ငံတော်အစိုးရကနေ ဒါ ကောင်းကောင်းလည်း ကိုင်တွယ်ရမယ့်အရာတွေ ဖြစ်ပါတယ်။ ဒီကိစ္စဟာ နိုင်ငံတကာမှာလည်း ကြုံတွေ့ရတဲ့ ဒီ သူတို့ ဖြေရှင်းရတဲ့ပြဿနာ၊ အခက်ကြုံရတဲ့ ပြဿနာ တော့ ဟုတ်ပါတယ်။ သို့သော် ကျွန်တော်တို့နိုင်ငံမှာတော့ ဒီငွေကြေး ဖောင်းပွမှုနှုန်းနဲ့ ကုန်ဈေးနှုန်း မြင့်မားလာမှုနှုန်းက မြန်လွန်းတယ်။ ဒီလိုဖြစ်နေတဲ့အတွက်ကြောင့် ကျွန်တော်တို့ အခု ဒီမိုကရေစီအစိုးရ ခေတ် ရောက်လာပြီ။ ဒီအချိန်မှာတော့ ကျွန်တော်တို့ အစိုးရပေါ့နော်၊ Systematic Research လုပ်ပြီးတော့ ကောင်းကောင်းလေး ကိုင်တွယ်သင့်နေပြီလို့ ကျွန်တော်မြင်ပါတယ်။

ကျွန်တော်တို့ အခု ဒီဟာနဲ့ပတ်သက်ပြီးတော့ ဗဟိုဘဏ်ကကိစ္စနဲ့ ခုနက ဦးအုန်းတင် လည်း အများကြီး ဆွေးနွေးပြီးသွားပါပြီ၊ ငွေကြေးပေါ်လစီနဲ့ပတ်သက်တာတွေ။ ကျွန်တော်က ဒီဘက် ကုန်ဈေးနှုန်း ဘက်မှာ နည်းနည်းဆွေးနွေးချင်တယ်။ ဝန်ထမ်းလစာ နည်းနည်းတက်ရင်လည်း ကုန်ဈေးနှုန်းတွေက တန်းတက်တယ်။ အဲဒါမျိုးတွေ ကျတော့ ကျွန်တော်တို့က ဘယ်လိုလဲဆိုတော့ Weak Institution တွေပေါ့။ ကျွန်တော်တို့ရဲ့ Institution တွေက အားနည်းလို့၊ အရမ်းအားနည်းနေလို့ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့က ကောင်းကောင်းလေး ဒီနိုင်ငံတော်ကနေ ကိုင်တွယ်သင့်နေပါပြီ။ အဲဒီမှာ ဒီလိုမျိုးကိစ္စမှာ တခြားနိုင်ငံမှာ ပေါ့နော်၊ ဒီစိုက်ပျိုးရေး ဝန်ကြီးဌာနအပြင် ပြီးတော့ ကုန်သွယ်ရေး ဆက်စပ်နေတဲ့ကိစ္စတွေ၊ ဒီဆက်စပ်နေတဲ့ ဝန်ကြီးဌာနအပြင် အခု အိန္ဒိယတို့မှာတော့ ဘယ်လိုသုံးသလဲဆိုတော့ ဒီ Consumer Affairs Food and Public Distribution ဆိုပြီးတော့ ဒီ Ministry ဝန်ကြီးဌာနကို သက်သက်ကိုထားတယ်။ ဒီကိစ္စမျိုး၊ ဒီကုန်ဈေးနှုန်းကို ကိုင်တွယ်ဖို့ပေါ့နော်။ ဒါမျိုးကိုလည်း ကျွန်တော်တို့နိုင်ငံမှာလည်း စဉ်းစား သင့်တယ်။ ကျွန်တော်တို့ရဲ့ ဖြစ်ပျက်ပုံကတော့ ဆိုးလွန်းတယ်။ ကုန်ဈေးနှုန်းတက်တဲ့ ပုံစံတွေကလည်း မြန်လွန်းတယ်။

အဲဒီမှာ ကျွန်တော်တို့ ဘာလိုသလဲဆိုတော့ ဒီစိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းတွေနဲ့ ပတ်သက် ပြီးတော့ ဒီဈေးကွက်ဆိုင်ရာကော်မတီပေါ့၊ အဲဒီလိုမျိုး ဥပဒေပေါ့၊ ဒီသူတို့ကတော့ ဘယ်လို Agriculture Produce Marketing Committee Act ပေါ့။ ဥပဒေ။ အဲဒီလိုမျိုး ဥပဒေတွေလည်းဆွဲတယ်။ ခုနက

ဦးအုန်းတင် ပြောသလိုပေါ့။ ကျွန်တော်တို့ ဥပဒေတွေလည်း လိုတယ်။ အဲဒီလိုမျိုး ကျွန်တော်တို့ နိုင်ငံတော်ကနေ ဥပဒေတွေကို လုပ်ပေးပြီးတော့ ဒီကော်မတီတွေကလည်း မြို့နယ်တိုင်းမှာ ထားသင့်တယ်။ မြို့နယ်တိုင်းမှာ စောစောတုန်းက အဆိုရှင် ဆွေးနွေးတုန်းကလည်း ဆွေးနွေးပါတယ်။ ဒီအသင်းတွေတော့ ရှိပေမယ့် ဒီအသင်းတွေကလည်း မကိုင်တွယ်ဘူးလား။ အဲဒါမျိုးလေးတွေပေါ့နော်။ ကျွန်တော်တို့ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ ဒီဥပဒေတွေကိုလည်း ကောင်းကောင်းလေး ရေးဆွဲပြီးတော့ ကိုင်တွယ်သင့်တယ် မြို့နယ်တိုင်းမှာ။ အဲဒါမှ ကျွန်တော်တို့ ဒီကိစ္စတွေကလည်း သက်သာလာမှာ ဖြစ်တယ်။ ဒီဝန်ထမ်းလစာတက်တိုင်း ချက်ချင်းတက်တယ် ဆိုတာမျိုးကတော့ မဖြစ်သင့်ဘူး။ တချို့နိုင်ငံ တွေမှာတော့ ဒီနည်းနည်း ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံတွေမှာ အဲဒီလိုမျိုး မျက်လှည့်ပြတာတွေလည်း ရှိတယ် လို့ ကြားဖူးတယ်။ ဝန်ထမ်းလစာတွေကို နည်းနည်းချင်း၊ နည်းနည်းချင်း မတက်ဘဲနဲ့ အဆပေါင်းများစွာ တက်ခိုင်းပြီးတော့ ကုန်စျေးနှုန်းက မလိုက်နိုင်အောင် မျက်လှည့်ပြတာတွေလည်းရှိတယ်လို့ ကြားဖူးတယ်။ အဲဒီလိုမျိုးပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် တစ်မျိုးမျိုးပေါ့နော်၊ ဒီဥပဒေတွေလည်း ကျွန်တော်တို့ ပြင်ဖို့လိုအပ်တယ်။

ခုနက ဒီစိုက်ပျိုးရေးဝန်ကြီးဌာနလည်း ဒီကိစ္စမှာ ထွက်ကုန်ပစ္စည်းတွေနဲ့ ပတ်သက်ပြီးတော့ မူဝါဒတွေအများကြီး လုပ်တယ်။ ကုန်သွယ်ရေး အခု ကျွန်တော်တို့မှာတော့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လို့ ခေါ်ပါတယ်။ ဒါတွေနဲ့လည်း ကျွန်တော်တို့ အများကြီး ချင့်ချိန်ပြီးတော့ ခုနတုန်းကပြောတဲ့ ဝန်ကြီးဌာနအသစ်တွေလည်း လိုအပ်ရင် လိုအပ်သလို လုပ်ပြီးတော့ ဒီဥပဒေတွေလည်း ဆွဲပြီးတော့ ကိုင်တွယ်သင့်နေပြီလို့ ကျွန်တော် မြင်ပါတယ်။

အခု ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံတွေရဲ့ ကုန်စျေးနှုန်းတွေထက်တောင်မှ ကျွန်တော်တို့ ကုန်စျေးနှုန်းက မြင့်နေတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်မှာဆိုပါတော့ နယ်စပ်မှာ ဆန်စျေးနှုန်းနဲ့ ကျွန်တော်တို့ဘက်က ဆန်စျေးနှုန်းက အင်မတန်ကွာပါတယ်။ သူတို့က ပိုပြီးတော့ အများကြီး သက်သာပါတယ်။ ပြီးတော့ ဆီစျေးတွေကအစပေါ့နော်၊ အဲဒီလိုမျိုး ကျွန်တော်တို့ Trade Policy တွေကလည်း အများကြီးဆိုင်တယ်။ ကုန်သွယ်ရေးကိစ္စတွေနဲ့လည်း အများကြီးဆိုင်တယ်။ ဒီကိစ္စကို ကျွန်တော်တို့ အလေးထားပြီးတော့ နိုင်ငံတော်ကနေပြီး ကိုင်တွယ်သင့်နေပြီဆိုတာကို တင်ပြရင်းနဲ့ ထောက်ခံဆွေးနွေးပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၄။**

**ဥက္ကဋ္ဌ။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၄။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် ရဲ့ ငွေကြေးဖောင်းပွမှုကို တည်ငြိမ်စေရန် မူဝါဒချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါက်တာမြင့်ကြည် ရဲ့ အဆိုမှာ ဖော်ပြထားတဲ့အတိုင်း ပြည်တွင်း ငွေကြေးဖောင်းပွမှုဟာ တရိပ်ရိပ်တက်နေပြီးတော့ ငွေကြေးဖောင်းပွမှု တည်ငြိမ်အောင် ဆောင်ရွက်ရတာ အင်မတန်ခက်ခဲလျက် ရှိနေပါတယ်။ ငွေကြေးဖောင်းပွမှုဟာ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးအကျပိုင်းကို ရောက်နေတယ်ဆိုတဲ့ ပြယုဂ်ဖြစ်ပါတယ်။ အဲဒီတော့ ဒီငွေကြေးဖောင်းပွမှုဆိုးကျိုးကို ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ပင်စင်စားတွေ၊ လစာနည်းဝန်ထမ်းတွေ၊ နောက် ဆင်းရဲသား လူတန်းစားတွေက အများဆုံးခံစားကြရတာ ဖြစ်ပါတယ်။ အဲဒီတော့ ငွေအရင်းအနှီး ကြီးကြီး မားမားပိုင်ဆိုင်တဲ့ လုပ်ငန်းရှင်အချို့သာ ဒီငွေကြေးဖောင်းပွမှုအပေါ်မှာ အကျိုးအမြတ် ရရှိသွား ကြတာ ဖြစ်ပါတယ်။

နောက် ဒီငွေကြေးဖောင်းပွမှုကို လိုက်ပြီးတော့ ကျွန်တော်တို့နိုင်ငံခြားငွေနဲ့ လဲလှယ်မှုလုပ်တဲ့ အခါမှာ ဒီ ငွေကြေးဖောင်းပွမှုကို လိုက်ပြီးတော့ နိုင်ငံခြားငွေလဲလှယ်မှုနှုန်း အတိုး/အလျှော့တွေကိုလည်း ထိန်းညှိရတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီနိုင်ငံခြားငွေ လဲလှယ်တဲ့နှုန်း အတိုး/အလျှော့ဟာ ကျွန်တော်တို့ နိုင်ငံခြားကုန်သွယ်မှု ပိုငွေ၊ လိုငွေကို ဖြစ်စေပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ နိုင်ငံတကာနဲ့ ငွေပေးငွေယူ ရှင်းတမ်းတွေ နောက် ကျွန်တော်တို့ နှစ်စဉ် GDP ဘတ်ဂျက်လိုငွေတွေ၊ အဲဒါတွေကိုလည်း အတိုးနှုန်း ပိုငွေ၊ လိုငွေတွေ ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့်မို့ ဒီငွေကြေးဖောင်းပွမှုဟာ ကျွန်တော်တို့နိုင်ငံအတွက် တိုးတက်ဖို့၊ ကျွန်တော်တို့ ရည်မှန်းထားတဲ့ စီးပွားရေးရည်မှန်းချက် အောင်မြင်ဖို့ အင်မတန်ကို အရေးကြီး ပါတယ် ခင်ဗျား။

အဲဒီတော့ ဒီငွေကြေးဖောင်းပွမှု ဖြစ်ရခြင်းကို ဒါ ပြန်ကြည့်တဲ့အခါမှာ ရောင်းလိုအား နည်းပြီးတော့ ဝယ်လိုအားများလို့ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုလို့ရှိရင် ကုန်စည်နဲ့ ဝန်ဆောင်မှု နည်းပြီးတော့ ပြင်ပမှာ ငွေကြေးပမာဏ လည်ပတ်မှုများနေလို့ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီငွေကြေးဖောင်းပွမှုနှုန်းကို တည်ငြိမ်အောင် ကျွန်တော်တို့က ဒီရောင်းလိုအားနဲ့ ဝယ်လိုအားကို မျှခြေ ဖြစ်အောင် ကျွန်တော်တို့က ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီတော့ ရောင်းလိုအားနဲ့ ဝယ်လိုအားမျှခြေ ဖြစ်ဖို့အတွက် ကျွန်တော်တို့ ငွေကြေးပေါ်လစီ၊ ဘဏ္ဍာရေးပေါ်လစီတွေနဲ့ ထိန်းညှိရမှာ ဖြစ်ပါတယ်။ ငွေကြေးပေါ်လစီကတော့ သူက ဘဏ်အတိုးနှုန်းကို အတိုး/အလျှော့ လုပ်ခြင်းအားဖြင့် ပြင်ပမှာ ရောက်နေတဲ့ ငွေကြေးပမာဏ အတိုး/အလျှော့ကို သူ ထိန်းညှိမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဘဏ္ဍာရေးပေါ်လစီကတော့ အခွန်နဲ့ အသုံးစရိတ် အဲဒါကို သူ ထိန်းညှိပေးမှာ ဖြစ်ပါတယ်။ အဲဒီတော့ ရောင်းလိုအားနဲ့ ဝယ်လိုအားမျှခြေဖြစ်အောင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော နည်းအားဖြင့်ဖြစ်စေ တွန်းအားပေးနေတဲ့ အကြောင်းအရာ အချက်အလက်တွေ ရှိပါတယ်။

အဲဒီအချက်အလက်တွေကတော့ နိုင်ငံခြားကုန်သွယ်မှု အခြေအနေဖြစ်ပါတယ်။ နောက် တစ်ချက်ကတော့ ကျွန်တော်တို့ နိုင်ငံခြားငွေပေးငွေယူရှင်းတမ်း ဒီဟာလည်းပါဝင်ပါတယ်။ နောက် နှစ်စဉ်အလိုက် ရသုံးဘတ်ဂျက်လိုငွေပြမှု၊ နောက် နိုင်ငံခြားငွေလဲလှယ်မှုနှုန်း၊ ငွေမည်းများကို ငွေဖြူ ပြုလုပ်မှု၊ တရားမဝင်မှောင်ခိုလုပ်ငန်းများ ကြီးထွားရှင်သန်လာမှု၊ ဈေးကွက်မှာ လွတ်လပ်စွာ ယှဉ်ပြိုင် နိုင်မှု မရှိမှု၊ နောက် အစိုးရစီမံကိန်းတွေ လျှော့ချထားမှု၊ လုပ်ငန်းရှင်ကြီးများဟာ ငွေကြေးဈေးကွက်မှာ ဈေးကစားမှု၊ လုပ်ငန်းရှင်များဟာ သူတို့ရဲ့ အရင်းအနှီးများကို ကုန်ထုတ်လုပ်ငန်းမှာ မရင်းနှီးဘဲနဲ့ တိုက်တာ၊ အိမ်၊ မြေ၊ ကားစသည်ဖြင့် အဲဒီမှာ ငွေကို ပုံအောပြီးတော့ ရင်းနှီးမှု၊ ရွှေ၊ ဒေါ်လာ စုဆောင်းမှု၊

နိုင်ငံခြားအရင်းအနှီး အများအပြားဝင်ရောက်လာမှု၊ နောက် ဘဏ်တိုးနှုန်းနဲ့ အခွန်အကောက်၊ နိုင်ငံခြား အရန်ငွေထားရှိမှု၊ နောက်ဆုံးအနေနဲ့ သဘာဝဘေးအန္တရာယ်နဲ့ အခြားကိစ္စရပ်များကြောင့် ကုန်ထုတ်လုပ်ငန်းတွေကို ပုံမှန်ဆောင်ရွက်နိုင်ခြင်းမရှိမှု စတဲ့ အချက်တွေဟာ ကျွန်တော်တို့ ငွေကြေးဖောင်းပွမှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းများဖြင့်ဖြစ်စေ တွန်းအား ပံ့ပိုးနေတဲ့အချက်တွေပဲ ဖြစ်ပါတယ်။

ကျွန်တော်ကတော့ အချိန်ကန့်သတ်ချက်အရ ဒီအထဲမှာ ကျွန်တော် ကုန်သွယ်မှုတစ်ခုကိုပဲ တင်ပြပါမယ်။ ကျွန်တော်တို့ ကုန်သွယ်မှုဟာ ၂၀၁၄-၂၀၁၅ ဧပြီလ တစ်လထဲမှာပဲ ပို့ကုန် ကုန်သွယ်မှု စုစုပေါင်းဟာ ဒေါ်လာ(၅၄၂.၃၄)သန်း ရှိပြီးတော့ စုစုပေါင်းသွင်းကုန် ကုန်သွယ်မှု ပမာဏဟာ US$ (၁၁၇၆.၃၅)သန်း ရှိပါတယ်။ ကျွန်တော်တို့ လိုငွေအနေနဲ့ US$ (၆၃၃.၉၉) သန်း ရှိပါတယ်။ ပြန်ကြည့်ရင် ကျွန်တော်တို့ရဲ့ Export ပို့ကုန်ပမာဏရဲ့ နှစ်ဆ လိုငွေပြနေတာ ဖြစ်ပါတယ်။ ဒီလို လိုငွေတွေ ပြနေတဲ့အခါကျတော့ ကျွန်တော်တို့ ရဲ့ စီမံကိန်းတွေ၊ အကောင်အထည်ဖော်မယ့်ဟာတွေ မလုပ်နိုင်ဘူး။ မလုပ်နိုင်တဲ့အခါကျတော့ ငွေကြေး ဖောင်းပွမှုတွေ ဖြစ်မယ်။ ဒီလိုတွေ ဆက်တိုက်ဖြစ်လာစရာအကြောင်း ရှိပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးနိုင်တဲ့ မဟာဗျူဟာ အနေနဲ့ ပို့ကုန်တိုးမြှင့်ရေး ဖြစ်တယ်ဆိုတာကိုလည်း ကျွန်တော်တို့ စီးပွားရေးပညာရှင်များက အသိအမှတ်ပြုထားကြပါတယ်။ ဒါကြောင့်မို့လည်း ၁၉၇၀ ခုနှစ်နောက်ပိုင်းကစပြီးတော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ သွင်းကုန် အစားထိုးရေးပေါ်လစီ အဲဒါကို မလုပ်တော့ဘဲနဲ့၊ ဦးစားမပေးတော့ဘဲနဲ့ ပို့ကုန်တိုးမြှင့်ရေးပေါ်လစီကိုပဲ ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဆိုလိုတာက ကုန်သွယ်မှုလိုငွေပြမှုဟာ ကျွန်တော်တို့ရဲ့ ငွေဖောင်းပွမှုကို များစွာထိခိုက်စေလျက်ရှိတယ်။ ဆိုတော့ ဒီ ၂၀၁၅ ခုနှစ်မှာ AEC အာဆီယံစီးပွားရေးအသိုက်အဝန်းကို စတင်ကျင့်သုံးကြတော့မှာ ဖြစ်ပါတယ်။ အဲဒီလိုကျင့်သုံးတဲ့ အခါမှာ ကုန်စည်တွေ၊ ဝန်ဆောင်မှုတွေ၊ နည်းပညာတွေ၊ အလုပ်သမားတွေ ဒါ အထိန်းအသိမ်းမဲ့ ဝင်လာကြမှာ ဖြစ်ပါတယ်။ အဲဒီအခါကျရင် ကျွန်တော်တို့ ဘယ်လို လုပ်ကာကွယ်နိုင်မလဲ။ ကာကွယ်မယ့် နည်းလမ်းတွေကို ရှာရမယ်။ ဘယ်လိုလုပ်မလဲဆိုလို့ရှိရင် ဒီသွင်းကုန် နည်းသွား အောင် သွင်းကုန်အခွန်ကို တိုးမြှင့်မလား။ ဒါလည်း ၂၀၁၅ ခုနှစ်ကျလို့ရှိရင် ဆောင်ရွက်လို့ ရတော့မယ့် အနေအထားမှာ မရှိပါဘူး။ အဲဒါဆိုရင် ကျွန်တော်တို့ ဒီငွေလဲနှုန်းကို ချလိုက်မှာလား၊ ဒီလိုလုပ်မှာလား။ ကျွန်တော်တို့ ငွေလဲနှုန်းကို ၂၀၁၁ ခုနှစ်က ချခဲ့ဖူးပါတယ်။ အဲဒီတုန်းက ချတဲ့အခါမှ တစ်ဒေါ်လာကို ကျပ်ငွေ(၈၀၀)ကျော်လောက် ရှိတယ်။ ဒါပေမဲ့ အခု (၉၀၀)ကျော်လောက် ဖြစ်တယ်။ ဒါတွေဟာ ငွေလဲလှယ်နှုန်းတွေ တက်သွားတာ ဖြစ်တယ်။ အဲဒီတော့ ငွေတန်ဖိုးကို ချမှာလား။ ဒါမှမဟုတ် ဘဲနဲ့ ပို့ကုန်တိုးမြှင့်တဲ့ လုပ်ငန်းကို လုပ်မလား။

ပို့ကုန်တိုးမြှင့်တဲ့လုပ်ငန်းတွေလုပ်မယ်ဆိုရင် ကျွန်တော်တို့အစိုးရက ပို့ကုန်လုပ်ငန်းရှင်တွေကို လုပ်သာကိုင်သာရှိအောင် ပံ့ပိုးကူညီပေးရမယ်။ အရင်းအနှီးတွေ ဖန်တီးပေးရမယ်။ မြေ၊ အဆောက်အဦ၊ စက်ယန္တရား၊ ကုန်ကြမ်းတွေ ဒါတွေ လွယ်လွယ်ကူကူရအောင် ဆောင်ရွက်ပေးရမှာဖြစ်သလို သူတို့ထုတ်လုပ်တဲ့ပစ္စည်းတွေ ဈေးကွက်ဝေစု ပြည်တွင်း၊ နိုင်ငံတကာ ဈေးကွက်ဝေစု ရရှိဖို့အတွက်လည်း ကျွန်တော်တို့ တာဝန်ရှိတဲ့အစိုးရဌာနများ ကနေပြီးတော့ သေသေ ချာချာကို အခုတည်းက ကြိုတင်လုပ်မှ ရမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာမှာကတော့ ငွေဖောင်းပွမှု နှုန်းကို (Consumer Price Index - CPI) နဲ့ ဖော်ထုတ်ပြီးတော့ တွက်ချက်ပါတယ်။ အဲဒီ CPI ကို လုပ်အားတိုင်းတာရေးဗျူရို (BLS) ကနေပြီးတော့ လစဉ် လစဉ် ထုတ်ပြန်ပေးနေပါတယ်။ ဒါ့အပြင် GDP Deflator ဆိုတဲ့ ကျွန်တော်တို့ ဒီအမှန် စုစုပေါင်းကုန်ထွက်၊ စုစုပေါင်း Real GDP ကို အခြေခံပြီးတော့ တွက်ချက်တဲ့ အတိုးနှုန်း GDP Deflator နဲ့ ကျွန်တော်တို့ တွက်ချက်ပြီးတော့ ဖော်ထုတ်ပါတယ်။ GDP Deflator ကိုလည်း အမေရိကန်ပြည်ထောင်စု စီးပွားရေးဆန်းစစ်လေ့လာရေးဗျူရို (BEA) ကုန်သွယ်ရေး ဌာနကနေပြီးတော့ သုံးလကို တစ်ကြိမ် ထုတ်ပြန်လေ့ရှိပါတယ်။

ကျွန်တော်ဆိုလိုတာကတော့ အခုနတုန်းက ကျွန်တော့်ရှေ့မှာ ဆွေးနွေးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေ ဆွေးနွေးသွားသလိုပါပဲ။ ဒီကိစ္စ သိပ်ကိုအရေးကြီးတယ်။ အရေးကြီးတဲ့အခါကျတော့ ဒီဟာကို နိုင်ငံတကာမှာ ဈေးနှုန်းတွေကို ရရှိအောင် စနစ်တကျဖွဲ့စည်းထားတဲ့၊ သုတေသန လုပ်နေတဲ့၊ လေ့လာဖော်ထုတ်နေတဲ့ အဖွဲ့အစည်းတွေ ရှိတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ အဲဒီလို အဖွဲ့အစည်းတွေ ရှိပြီလား။ ရှိပြီဆိုရင် ဘယ်လိုဖွဲ့စည်းထားသလဲ။ မရှိသေးဘူးဆိုရင် အဲဒီစာရင်းဇယား တွေကို ဘယ်လိုနည်းနဲ့ ရယူတာလဲ။ ကျွန်တော်တို့ CSO ကပဲ ဒီစာရင်းဇယား ရယူတာလား။ CSO ရဲ့ စာရင်းဇယားတွေကရော ဘယ်လောက်အထိ မှန်ကန်နေပြီလဲ။ မှန်ကန်တိကျသလဲ။ သူတို့ကို ဘယ်လောက်အထိ အားကိုးလို့ရမလဲ။ ဒါကလည်း ဒီမှာ ကျွန်တော်တို့ တက်ရောက်နေတဲ့ လွှတ်တော် ကိုယ်စားလှယ်တွေ အပါအဝင် အားလုံးသိရှိပြီး ဖြစ်မှာပါ။

ကျွန်တော် ဆိုလိုတာက ကျွန်တော်တို့ နိုင်ငံတကာမှာ လုပ်ငန်းတွေကို လေ့လာသုတေသန လုပ်တဲ့ အဖွဲ့တွေရှိသလို ကျွန်တော်တို့နိုင်ငံမှာလည်း ဒီလိုမျိုးအဖွဲ့တွေ ဖွဲ့စည်းထားဖို့ လိုအပ်ပါတယ်။ အဲဒီတော့ ဒီအဖွဲ့ကို ဗဟိုဘဏ်အဖွဲ့လောက်နဲ့ မလုံလောက်ဘူးလို့ ယူဆပါတယ်။ ဗဟိုဘဏ် အဖွဲ့လောက်နဲ့ ကျွန်တော် အခုနတုန်းကပြောခဲ့တဲ့ ဒီငွေကြေးဖောင်းပွမှုကို တွန်းအားပေးနေတဲ့ အချက်တွေ အများကြီးရှိပါတယ်။

အဲဒီတစ်ခုလုံးကို ဗဟိုဘဏ်တစ်ခုတည်းနဲ့ လွှမ်းခြုံပြီးတော့ မှန်မှန်တိတိကျကျ မဖော်ထုတ် သုံးသပ်နိုင်တဲ့ အနေအထားမှာ မရှိဘူးလို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီအဖွဲ့ကို ဖွဲ့မယ်ဆိုရင်လည်း ကျွန်တော်တို့ စီးပွားရေးပညာကို စနစ်တကျ လေ့လာတတ်မြောက်ထားတဲ့ ပုဂ္ဂိုလ် တွေ ပါမယ်။ နောက်တစ်ခုက ကျွန်တော်တို့ လုပ်ငန်းရှင်တွေပါမယ်။ နောက် ဌာနဆိုင်ရာကနေ ပြီးတော့ ဒီ Subject တွေကို ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းပြီးတော့ သေသေချာချာ Research လုပ်မယ်။ စာရင်းဇယားကို သေချာရေးမယ်။ အခုနတုန်းက ကျွန်တော်ပြောတဲ့ အချက်အလက်တွေ ဝန်ကြီးဌာန တော်တော်များများ၊ အားလုံးနီးပါးလို ဆိုင်ပါတယ်။

အဲဒီအချက်တွေကို မှန်မှန်ကန်ကန် ရယူပြီးတော့ လစဉ်ဖြစ်စေ၊ သုံးလတစ်ကြိမ် ဖြစ်စေ အဲဒီဟာကို ကျွန်တော်တို့က မှန်မှန်ကန်ကန် ထုတ်ပြန်ပေးနိုင်မှ အခုနတုန်းက ငွေကြေး ဖောင်းပွမှုနှုန်း၊ ငွေလဲလှယ်မှုနှုန်းကို မှန်မှန်ကန်ကန် တိတိကျကျ လုပ်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီငွေလဲလှယ်နှုန်းသာ မှန်မှန်ကန်ကန် တိတိကျကျ မလုပ်နိုင်ဘူး။ ဈေးကွက်က ပြဋ္ဌာန်းတဲ့အတိုင်း မလုပ်နိုင်ဘူး။ ဈေးကွက်က ပြဋ္ဌာန်းတယ်ဆိုတာလည်း နိုင်ငံတကာရဲ့၊ သူ့ရဲ့ အစိုးရ၊ အဖွဲ့အစည်းရဲ့ သူတို့ရဲ့ လွှမ်းမိုးမှုတွေ အများကြီးပါတယ်။ အဲဒီလွှမ်းမိုးမှု မခံရအောင်လည်း ကျွန်တော်တို့က ကိုယ့်ကိုကိုယ် ကာကွယ်တဲ့

အနေနဲ့ လုပ်ထားနိုင်တယ်။ အဲဒီလို လုပ်ထားနိုင်မှ ကျွန်တော်တို့ရဲ့ စီးပွားရေး စီမံကိန်းဟာ အောင်မြင်ပြီးတော့ ကျွန်တော်တို့နိုင်ငံကလည်း ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်လို့ ကျွန်တော့် အနေနဲ့ ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို ထောက်ခံဆွေးနွေးရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၀။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာတဲ့ ဗဟိုဘဏ်ဒုဥက္ကဋ္ဌနဲ့ ကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက်လာတဲ့ ကော်မရှင် ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေကြောင်း ဦးစွာဂါရဝပြုပါတယ်။ ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က ဦးမြင့်ထွန်း အနေနဲ့ အဆိုကို ထောက်ခံ ဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ အဆို တင်ပြသွားတဲ့ ကိုယ်စားလှယ်တော်ကြီး ဒေါက်တာမြင့်ကြည် နဲ့ ဆွေးနွေးခွင့်ပြုတဲ့ ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်ပါတယ်။ တောင်သူလယ်သမားနဲ့ ပတ်သက်တာတွေလည်း ကျွန်တော် နည်းနည်းထည့်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အင်္ဂလိပ်စာလုံးတွေ ပါရင်လည်း ခွင့်ပြုစေလိုပါတယ်။

ကျွန်တော်ရဲ့ ဝန်ထမ်းသက် နှစ်(၄၀)ကျော် တွေ့ကြုံခဲ့ရတဲ့အတိုင်း ဆွေးနွေးသွားရမယ် ဆိုရင် ငွေကြေးဖောင်းပွမှုကို Inflation ရယ်၊ သူ့ညီအစ်ကိုဖြစ်တဲ့ ကုန်ဈေးနှုန်းဟာ ကျွန်တော်တို့နိုင်ငံမှာ တဖြည်းဖြည်းနဲ့ တော်တော်လေးအချိုးညီ တက်နေပါတယ်။ ဒါလည်း ကိုယ်စားလှယ်တော်ကြီးတွေ ဆွေးနွေးသလို ဒီအတိုင်းဆက်သွားမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ အန္တရာယ်ရှိပါတယ်။ ပြီးတော့ ဒါ ကျွန်တော်တို့ တစ်နိုင်ငံလုံး ခံစားနေရတဲ့ အထူးသဖြင့် ဝန်ထမ်းတွေ၊ အခြေခံလူတန်းစားတွေ၊ ကျေးလက်နေ တိုင်းရင်းသားပြည်သူတွေ တော်တော်လေးခံစားနေကြရတာဖြစ်ပါတယ်။

ဒါအရှေ့က ကိုယ်စားလှယ်တော်ကြီးတွေလည်းပြောပါတယ်။ ခေတ်အဆက်ဆက်ကလည်း ဒီ Inflation နဲ့ ပတ်သက်ပြီးတော့လည်း နည်းမျိုးစုံနဲ့ ကြိုးစားခဲ့ကြပါတယ်။ ဒါပေမဲ့ သိပ်တော့ အဆင် မချောလှပါဘူး။ လာမယ့် ဆယ်စုနှစ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေဟာ သန်း(၁၀၀)လောက် ဖြစ်မယ်လို့ ဒီလိုမှန်းထားပါတယ်။ ဒါကြောင့်မို့ ဒီအဆိုဟာ အင်မတန် အရေးကြီးတယ်လို့ တင်ပြလို ပါတယ်။ ကျွန်တော်တို့ငယ်ငယ်က လူဦးရေဟာ (၂၄)သန်းပဲရှိပါတယ်။ အခုသန်း(၆၀) အခုတော့ Inflation ဟာလည်း သိသိသာသာ ဖြစ်လာပါတယ်။ ကျွန်တော်တို့ အရေးအခင်းတွေလည်း ဒီကြားထဲမှာ သုံးလေးခါလောက် Crisis တွေ ဖြစ်ခဲ့တာ ဒါ Inflation နဲ့လည်း ပတ်သက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စားဝတ်နေရေးနဲ့လည်း ဒါ ဆိုင်နေတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဘယ်သူမှလည်း ကိုယ့်နိုင်ငံကို Inflation ဖြစ်စေမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ကျောင်းသားဘဝ မုန့်ဖိုး(၁၀)ပြားရတာတွေ၊ အရာရှိ ပေါက်စမှာ လစာ(၃၁၅)ကျပ် ရတာတွေ၊ အခု ပြောလို့လည်း ဒီခေတ်လူငယ်တွေ ယုံပါ့မလားတောင် မသိပါဘူး။ အဲဒီတုန်းက ရွှေဈေးဟာ ငွေ(၄၀၀)ကျပ်ဈေးပဲ ရှိပါတယ်။

ဆိုလိုတာက လွန်ခဲ့တဲ့ နှစ်ငါးဆယ်လောက်က ကျွန်တော်တို့ တစ်ကျပ် ထိုင်းလေးဘတ်၊ ကျွန်တော်တို့ တစ်ဆယ်ကျပ် မလေးတစ်ရင်းဂစ်၊ ကျွန်တော်တို့ ဆယ့်တစ်ကျပ် စင်ကာပူတစ်ဒေါ်လာ၊ အခု

ကျွန်တော်တို့ ကျပ်သုံးဆယ်မှာ ထိုင်းတစ်ဘတ်၊ ကျွန်တော်တို့ လေးရာကျပ်၊ မလေးတစ်ရင်းဂစ်၊ ကျွန်တော်တို့ ခုနှစ်ရာကျပ်လောက်မှာ စင်ကာပူ တစ်ဒေါ်လာ ဒါ အကြမ်းဖျင်း ကျွန်တော်တင်ပြတာ ဖြစ်ပါတယ်ခင်ဗျား။ သူ့ခေတ်နဲ့ သူ့အခါပါပဲ။ ဒီလို Inflation တွေဟာ နိုင်ငံတော်မှာချည်းပဲ တာဝန်ရှိတယ်လို့ ကျွန်တော် မယူဆပါဘူး။ သို့သော်လည်းပဲ ကျွန်တော် တွေးမိတဲ့အချက်ကလေး (၇)ချက်တော့ တင်ပြလိုပါတယ်။

ပထမအချက်ကတော့ နိုင်ငံတော်စီးပွားရေးစီမံကိန်းကြီးတွေ၊ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်ကြီးတွေရဲ့ လုပ်ငန်းတွေမှာကို ငွေကို ဘယ်လိုကိုင်တွယ် လှည့်ပတ်သုံးစွဲနေကြသလဲ ဆိုတာ ဒါကို မျက်ခြေမပြတ် စုံစမ်းနေရမယ်လို့ ထင်ပါတယ်။ ဥပဒေအပြင်ဘက်က လုပ်ဆောင်မှုတွေရှိရင် ထိထိရောက်ရောက် ဖော်ထုတ်တားဆီးရမယ်လို့ သုံးသပ်ပါတယ်။ ပြီးတော့ တစ်ဦးတစ်ဖွဲ့က မြေဧက ထောင်၊ သောင်းချီပြီး ယူထားတာတွေရှိရင်လည်း အခြေခံလူတန်းစားတွေကို ခွဲဝေပေးရမယ်လို့ သုံးသပ်ပါတယ်။ (၂) တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေမှာ လာဘ်ပေးလာဘ်ယူမှု မပေါ်ပေါက်အောင် ထိထိရောက်ရောက် တားဆီးရမယ်လို့ သုံးသပ်ပါတယ်။ ခုတော့ သက်ဆိုင်ရာအဖွဲ့ ဖွဲ့ပြီးပါပြီ။ ကျွန်တော်တို့ Result တော့ မတွေ့ရသေးပါဘူး။ (၃)ကတော့ အဖွဲ့အစည်းပေါင်းစုံပေါ့ခင်ဗျား။ ငြိမ်းချမ်းရေးယူထားတဲ့ အဖွဲ့တွေလည်း ပါပါတယ်။ နောက် စေ့စပ်ရေးဆွေးနွေးပွဲ လုပ်နေတဲ့အဖွဲ့တွေလည်း ပါပါတယ်။ သူတို့ရဲ့ စီးပွားရေး လုပ်ငန်းတွေဟာ ဥပဒေယိုပေါက်များ ဖြစ်နေမလား။ ဒါလည်း ထိထိရောက်ရောက် ထိန်းသိမ်းပေးသွား ရမှာ ဖြစ်ပါတယ်။ (၄)ကတော့ လယ်သမားလူတန်းစားအတွက် ထဲထဲဝင်ဝင် ပြန်ပြီးတော့ ချင့်ချိန် ပေးရမယ်လို့ သုံးသပ်ပါတယ်။ ငွေကြေးဖောင်းပွမှုနဲ့ ကုန်ဈေးနှုန်းအချိုး ဆက်နွှယ်နေသလို တစ်ခါ တစ်လေကျရင် လယ်သမားနဲ့ ပြောင်းပြန်အချိုးကျ ဖြစ်တတ်ပါတယ်။ ကုန်ဈေးနှုန်း သိပ်ကျနေရင်လည်း လယ်သမားတွေ အခက်အခဲဖြစ်နိုင်တာကိုလည်း သတိပြုကြရမှာ ဖြစ်ပါတယ်။ (၅)ကတော့ နေ့စဉ် ရင်ဆိုင်နေကြရတဲ့ မီးဖိုချောင်ကိစ္စပါ။ လွန်ခဲ့တဲ့တစ်နှစ် နှစ်နှစ် ကျော်လောက် က ဝက်သားတစ်ပိဿာ ကျပ်(၃၀၀၀) ထောင်ပါ။ အခုဆိုလို့ရှိရင် (၅၀၀၀)၊ (၆၀၀၀)လောက် ဖြစ်နေပါတယ်။ အဲဒီတော့ နောင် နှစ်နှစ် သုံးနှစ်မှာ သောင်းဂဏန်းများ ဖြစ်သွားမလား။ ဒါ စိုးရိမ်စရာပါ။ နောက်ပြီးတော့ တစ်ပတ် တစ်ပတ်ကို ရာနဲ့ထောင်နဲ့ချီပြီးတော့ အိမ်နီးချင်းနိုင်ငံတွေကို ခိုးထုတ်နေတဲ့ နွားတွေ၊ မှောင်ခိုနွားတွေပါ။ အဲဒါကြောင့် အမဲသားဈေးတွေလည်း ခုန်တက်နေပါတယ်။ လယ်သမားတွေဆီမှာလည်း နွားတွေ ရှားကုန် ပါပြီ။ ပြီးတော့ စည်ပင်သာယာလေလံကြေးတွေ၊ အခွန်တွေမြင့်နေတာလည်း ပြန်သုံးသပ်ရမယ်လို့ မြင်ပါတယ်။

မွေးမြူရေး အပါအဝင် ဆန်၊ စပါးနဲ့ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို တကယ်ထိထိရောက်ရောက် အားပေးဖို့ လိုနေသေးတဲ့အတွက် ပြန်သုံးသပ်ကြရမယ်လို့ ထင်ပါတယ်။ နောက် မြန်မာပေါ်ဆန်းမွှေး အင်မတန်ကောင်းတဲ့အကြောင်း ဂုဏ်ယူနေထက်ကို အထွက်နှုန်းမြင့်ပြီးတော့ ပြည်ပကို များများပို့နိုင်ဖို့ အားပေးဖို့ လိုပါတယ်။ မြန်မာ့ထုတ်ကုန်မှန်သမျှကို အာဆီယံမှာ မညံ့အောင် ကြိုးစားကြရပါမယ်။ လယ်သမားတွေအတွက် ဈေးငွေမူချတဲ့အခါမှာ တစ်သမတ်တည်း ပုံသေမချဘဲနဲ့ ဥပမာ - လယ်ကွက် တစ်ကွက် တစ်ဧကရဲ့တန်ဖိုးဟာ တစ်သိန်း၊ နှစ်သိန်းလောက်ပဲ တန်တဲ့လယ်ကို အခုအတိုင်း တစ်သိန်း နှုန်းနဲ့ ချေးပေးနေတာ ကောင်းပါတယ်။ သို့သော်လည်း တစ်ဧကကို (၁၅)သိန်း၊ သိန်း(၂၀)တန်တဲ့ လယ်ကိုတော့ ဒါ သင့်တင့်တဲ့နှုန်းနဲ့ ပိုပြီးတော့ တိုးမြှင့်ပြီးတော့ အဆတိုး ချေးပေးလိုက်ရင် ပိုမကောင်းပေဘူးလား။ ဒါ စဉ်းစားကြရမှာ ဖြစ်ပါတယ်။ ဒါဆို သူတို့ အရည်အသွေးတွေ ကောင်းပြီးတော့ ပိုပြီးတော့ စိုက်လာနိုင်မယ်လို့လည်း မြင်ပါတယ်။ ဘာလို့လဲဆိုတော့ အခုဟာက လယ်ယာမြေပိုင်ဆိုင်မှုဆိုတဲ့

ပုံစံ(၇)ကြီးကို စိုက်ဘဏ်က အပေါင်ဆိုပြီးတော့ ပဲခူးတိုင်းဒေသကြီးလို၊ တချို့တိုင်း/ပြည်နယ်တွေမှာ သိမ်းထားလိုက်တော့ ငွေလိုရင် ငွေရှင်နေသူကို ဘယ်လိုသွားပြီးတော့ ချေးရမလဲလို့ ကျွန်တော်တို့ စဉ်းစားရမှာ ဖြစ်ပါတယ်။

မကွေးလိုတိုင်းကျတော့ သူက ပုံစံ(၇)မိတ္တူပဲ ယူထားတဲ့အတွက် အဆင်ပြေတယ်လို့ သိရပါတယ်။ အဲဒီတော့ လယ်ကောင်းကောင်းစိုက်တဲ့လူက ငွေလိုရင် ပုံစံ(၇)ကိုပဲ အားကိုးပြီးတော့ ပေါင်နှံကြရမှာ ဖြစ်ပါတယ်။ ဒါလေးပြေပြီး ပေါင်ရချေးရတာ ဖြစ်ပါတယ်။ ဒါ သူတို့ တော်တော်လေး သာယာဝတီ၊ လက်ပံတန်းဘက်မှာ တော်တော်လေးစိတ်မကောင်း ဖြစ်နေကြပါတယ်။ အဲဒီတော့ နောက်တစ်ခါ ကျွန်တော်တို့ (၁၀)ဧကကျော်ရင် မချေးပေးဘူးဆိုတဲ့ ဒီဟာကလည်း တစ်ခုခုတော့ အားပေးဖို့တော့ နည်းလမ်းတစ်ခုခု ပြန်စဉ်းစားဖို့၊ သုံးသပ်ဖို့ လိုမယ်လို့ မြင်ပါတယ်။

အဲဒီတော့ များများစိုက်တဲ့သူတွေကို အားမပေးဘူးဆိုရင် တစ်နည်းနည်းနဲ့ အားပေးရမယ်လို့ သုံးသပ်ပါတယ်။ တချို့လယ်ဧက သိန်း(၂၀)လောက်တန်တယ်။ ဥပမာ - (၉)ဧကဆိုရင် ကျွန်တော်တို့ သိန်း(၁၈၀)လောက် တန်သွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ (၁၈၀) လောက် တန်ပြီးတော့ ပုံစံ(၇)ကြီးကို သိမ်းလိုက်တယ်။ ချေးတော့ (၉)သိန်းလောက်ပဲရမယ်။ (၉)ဧက ဆိုတော့။ အဲဒီတော့ ဒါလေးလည်း ချေးတဲ့ငွေနဲ့ ပေါင်တဲ့ငွေ။ ရွှေဆိုလို့ရှိရင် ဥပမာ - တစ်ကျပ်သား (၆)သိန်း၊ (၇)သိန်း။ သွားပေါင်လိုက်ရင် ချေးပေးတဲ့လူက (၅)သိန်းလောက် ချေးပေးတာတွေ ရှိပါတယ်။ ဒါလေးတွေလည်း ကျွန်တော်တို့ စီးပွားတွက် တွက်ဖို့လိုမယ်လို့ ဒီလိုမြင်ပါတယ်။ ဒါကြောင့်မို့လို့ အစိုးရအသိအမှတ်ပြုတဲ့ ပုဂ္ဂလိကဘဏ်တွေကလည်း သူတို့သတ်မှတ်ထားတဲ့ အတိုးနှုန်းနဲ့ ဒီ(၁၀)ဧက ကျော် စိုက်တဲ့သူတွေကို ဝိုင်းကူပြီးတော့ ချေးမပေးသင့် ဘူးလား။ အဲဒီတော့ ဥပဒေမှာတော့ ကျွန်တော်တို့ ပေါင်နိုင်တယ်၊ ချေးနိုင်တယ် ဘဏ်တွေမှာ ဆောင်ရွက်နိုင်ပါတယ် ဆိုပြီးတော့ ဒီလိုဖော်ပြထားပါတယ်။ တကယ်လက်တွေ့မှာတော့ လုပ်ဖို့ လိုပါတယ်။

ဒီလိုပဲ တခြားသီးနှံသမားတွေ၊ ကိုင်းသမားတွေ၊ မွေးမြူရေးသမားတွေ ဒီထက်ပိုပြီး အားပေးဖို့ နည်းလမ်းတွေ ရှာကြံကြဖို့လည်း လိုတယ်လို့ ကျွန်တော် သုံးသပ်ပါတယ်။ အဲဒီတော့ စိုက်ပျိုးရေးနိုင်ငံမှာ စိုက်ပျိုးတဲ့သူမှန်သမျှ တက်တက်ကြွကြွနဲ့ အဆင်ပြေပြေဖြစ်ဖို့ဆိုတာ အခုထက် ပိုပြီးတော့ အားသွန်ခွန်စိုက် ကူညီပံ့ပိုးပေးကြမယ်လို့ မြင်ပါတယ်။ ဒါမှလည်း Inflation ဆိုတဲ့ဟာကြီးက သက်သာတဲ့ အကျိုးသက်ရောက်မှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော် လေ့လာမိတာလေးတစ်ခု တင်ပြပါရစေ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာမှာ အခု ကိုကိုးပင်တွေ ဈေးတော်တော်ကောင်းနေပါတယ်။ ဒီအပင်က ဒါ Costarica နိုင်ငံက အကောင်းဆုံး ထွက်တာပါ။ ဒါ ကျွန်တော်တို့နိုင်ငံ ရေ မြေနဲ့ သွားကိုက်နေပြီးတော့ မြေကိုနည်းနည်းပဲ ပြုပြင်ရမယ်လို့ သိရပါတယ်။ တချို့လည်း စိုက်တော့စိုက်နေကြပါတယ်။ ဒါမျိုးတွေလည်း အားပေးသင့်ရင် အားပေးရမယ်လို့ သုံးသပ်ပါတယ်။

ဟိုတုန်းက ဈေးကောင်းကောင်းနဲ့ အားပေးခဲ့တဲ့ ရာဘာ။ အခုတော့ ဈေးသိပ်မရှိတော့ပြန်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် အများအကျိုးနည်းတဲ့အပင်တွေ၊ အခြေခံစားကုန်မဟုတ်တဲ့ အပင်တွေကတော့ စမ်းတဝါးဝါးနဲ့ ကွက်ကြားမိုးရွာသလို မစိုက်မိဖို့ကလည်း တစ်ဖက်က စိစစ်ချိန်ဆ နေရမယ်လို့ သုံးသပ်ပါတယ်။ နံပါတ်(၆)ကတော့ လစာတွေ စောင်းပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ထမ်း

တွေကလည်း အလုပ်ကို ပိုပြီးတော့လုပ်ဖို့ အရည်အသွေးတွေ မြှင့်တင်ကြဖို့ လိုပါတယ်။ ဘာလို့လဲဆို ဝန်ထမ်းတွေ ဝင်ငွေတိုးတာနဲ့ ကုန်ဈေးနှုန်းတွေ တက်တာဟာလည်း ခုန ကိုယ်စားလှယ်တော်ကြီးတွေ တင်ပြသွားတာ ပါပါတယ်။ ဒါတွေလည်း အများကြီး ထည့်သွင်းသုံးသပ်ကြရမှာ ဖြစ်ပါတယ်။

နောက်ဆုံးအချက်ဖြစ်တဲ့ သတ္တမအချက်အနေနဲ့ Inflation ကို ပြည်သူတွေမှာလည်း တာဝန် ရှိပါတယ်။ ဝေဖန်တာတွေ များလွန်းလို့ပါခင်ဗျား။ ကျွန်တော် ခရီးသွားနေတာ အခုထမင်းဆိုင်ငယ်တွေမှာ ဝင်စားပါတယ်။ တစ်နပ်ကို (၅၀၀) အသားတစ်တုံးပါ ပါတယ်။ ထမင်းလိုက်ပွဲက (၁၀၀) ဆိုတော့ တစ်ရက် (၂)နပ်ဆိုရင် ခုနက (၆၀၀)၊ (၁၂၀၀) ကျပါတယ်။ အဲဒီတော့ မနက်စောစောစာကို ကျွန်တော်တို့ (၄၀၀)ပဲထား ပေါင်းလိုက်ရင်တော့ (၁၆၀၀)ပေါ့။ ဒါ စားဖို့အတွက်ပါ။ ဘာလို့လဲဆို ကျွန်တော်နေတဲ့ ဘေးက လက်ဖက်ရည်ဆိုင်မှာတောင် အီကြာကွေးတစ်ချောင်း (၁၅၀)၊ လက်ဖက်ရည်တစ်ခွက် (၂၅၀) ဒါကြောင့်မို့ ကျွန်တော် (၄၀၀) အနေနဲ့ တွက်ထားတာပါ။

အဲဒီတော့ လူတစ်ယောက်ရဲ့တစ်နေ့ (၂၀၀၀) ဆိုရင် ဝတ်ဖို့၊ နေဖို့ မပါရင်တော့ စားဖို့ပဲဆိုရင် လုံလောက်ပါတယ်လို့။ ဒါကို ခန့်မှန်းကုန်ကျစရိတ်ပြောတဲ့ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကို ဝိုင်းပြီးတော့ ဟာသ သဘောမျိုး လုပ်ကြ၊ ပြောကြ၊ ဆိုကြတာတွေလည်း ကျွန်တော် တွေ့ရပါတယ်။ အဲဒီတော့ ဝတ်ဖို့၊ နေဖို့ တော့ ဒါ သီးခြားတွက်ရမှာ ဖြစ်ပါတယ်။ ဒါတွေလည်း ပြန်စဉ်းစားသုံးသပ်ကြရမယ်လို့ ထင်ပါတယ်။ ဒီနှုန်းဟာ အိမ်ထောင်စုအတွက်တော့ သူရည်ရွယ်ပြောခဲ့တယ်လို့ မထင်ပါဘူး။ နောင်မှာ ကျွန်တော်တို့ အနည်းစု လုပ်ခ၊ အနည်းဆုံးအခကြေးငွေ၊ အနည်းဆုံးလစာတွေ နည်းဥပဒေမှာတွက်ချက်တဲ့အခါမှာ ဒီအယူအဆတွေဟာ အကျိုးဝင်လာပါလိမ့်မယ်။ ဆေးလိပ်ကလေး၊ ကွမ်းယာကလေးနဲ့ လက်ဖက်ရည် ဆိုင်ထိုင်ပြီး ဂျာနယ်ဝယ်ဖတ်နေရင်တော့ မလောက်ဘူးပေါ့ဗျာ။ ဆိုင်ကြီးတွေမှာ စားရင်တော့လည်း မလောက်ပါဘူး။

ဒါဟာ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်တွေကလည်း အထူးစိတ်ဝင်တစား တွက်ချက်နေရတာ ဖြစ်ပါတယ်။ လူအများစုဖြစ်တဲ့ စိုက်ပျိုးရေးသမားတွေ တောင်သူလယ်သမားတွေ အခြေခံလူတန်းစား တွေ နေ့စဉ်လိုလို ငါးပိရည်၊ တို့စရာလေးနဲ့ ပဲပုတ်လေးနဲ့ ဒါ စားပြီးတော့ မိုးထဲ၊ လေထဲမှာ ချွေးတစ်လုံးလုံး နဲ့ ကုန်းရုန်းလုပ်နေကြတာတွေကို စဉ်းစားလိုက်ရမယ်ဆိုရင် ဒီဝေဖန်တာတွေလည်း မှန်ကန်သွားမှာပါ။ မလိုလားအပ်တဲ့ ဟာသနှောကြ၊ ပြောကြတာတွေ ဒါတွေ နည်းနည်းလျှော့မယ်ဆိုရင် ပြည်သူတွေမှာ အာရုံထွေပြားမှု လျော့မယ်လို့ ထင်ပါတယ်။ အဲဒီတော့ နိဂုံးပိုင်းအနေနဲ့ကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံ၊ နိုင်ငံတကာ ငွေကြေးဖောင်းပွမှု အခြေအနေနဲ့ ပြည်ပနိုင်ငံကြီးတချို့ရဲ့ ငွေကြေးဖောင်းပွမှုကို ကျွန်တော် Power Point လေးနဲ့ နည်းနည်း တင်ပြလိုပါတယ်။

အဲဒီတော့ နိုင်ငံတိုင်းမှာ ငွေကြေးဖောင်းပွတာတွေဟာ လှည့်ပတ်သုံးစွဲနေတဲ့ Money in Circulation ပေါ့။ လိုအပ်တဲ့ငွေကြေးပမာဏ။ ဒါ လိုတာထက် ပိုသွားတဲ့အတွက် ငွေကြေးဖောင်းပွမှု ပေါ်ပေါက်ပါတယ်။ အဲဒီတော့ နိုင်ငံတိုင်းဟာ ပြည်သူတွေရဲ့ကောင်းကျိုးအတွက်လုပ်တဲ့အခါမှာ ငွေကြေး သုံးစွဲရတဲ့အခါမှာ ကျွန်တော်တို့ လမ်းဖောက်တာ၊ တံတားဆောက်တာ၊ ကျောင်းဆောက်တာ၊ သက်ကြီး ရွယ်အိုတွေ ဆင်းရဲတာတွေ ထောက်ပံ့တာ၊ ကျွန်တော်တို့နိုင်ငံမှာဆိုရင်တော့ နာဂစ်တို့လို လေဘေး၊ နောက် ရခိုင်၊ ကချင်၊ မိတ္ထီလာတို့လို အရေးအခင်းတွေဟာ မမျှော်လင့်ဘဲနဲ့ ငွေကြေးကို အမြောက်အမြား သုံးစွဲရတဲ့ အနေအထားလေးတွေ ရှိပါတယ်။

ဒါကြောင့်မို့လို့ လုပ်ငန်းတွေကို လုပ်ဆောင်ဖို့အတွက် အစိုးရက ငွေရှာရပါတယ်။ ငွေရှာတဲ့ အခါမှာ ကျွန်တော်တို့ နည်း(၃)နည်းနဲ့ ရှာရပါတယ်။ ကျွန်တော်တို့ Race revenue through taxes ဆိုတဲ့ အခွန်များ တိုးကောက်ခြင်း၊ နောက်တစ်ချက်က ကျွန်တော်တို့ Treasury Bond ငွေကြေးစာချုပ် များ ထုတ်ပြီးတော့ ပြည်သူတွေကို ရောင်းချတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြည်သူတွေဆီက ငွေချေး ယူတာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ Printing of Money ငွေစက္ကူရိုက်နှိပ် ထုတ်လုပ်ခြင်းတို့ ဖြစ်ပါတယ်။ အဲဒီတော့ ဒီ(၃)နည်းဟာ အစိုးရတွေရဲ့ ငွေရှာတဲ့ နည်းတွေ ဖြစ်ပါတယ်။ အစိုးရအနေနဲ့ ငွေတိုးမြှင့်ဖို့ဆိုတာက ငွေစက္ကူရိုက်နှိပ်ခြင်းကို Inflation Taxes လို့ ခေါ်ပါတယ်။

ဒီ Taxes ကတော့ ဘယ်သူမှ ရှောင်လွှဲလို့မရပါဘူး။ Taxes အတွက်လည်း ဘယ်သူမှ ပြေစာမရပါဘူး။ အဲဒီတော့ ဒီ Inflation နဲ့ ပတ်သက်ပြီးတော့ နိုင်ငံတိုင်းမှာ ရှိနေဦးမှာဖြစ်ပါတယ်။ သို့သော်လည်း အနည်းအကျဉ်းပဲ ဖြစ်သင့်တယ်လို့ ကျွန်တော် ပြောလိုပါတယ်။ အဲဒီတော့ နိုင်ငံတွေ တော်တော်များများ ရှာတဲ့အထဲမှာ လောလောဆယ် ကျွန်တော် တွေ့လိုက်တာကတော့ Inflation နဲ့ ပတ်သက်ပြီး အမေရိကန်မှာ (၃)ရာခိုင်နှုန်းပဲ ရှိပါတယ်။ ဒါကို သူတို့ တော်တော်လေး Control လုပ်ထား တာ နမူနာယူရမှာ ဖြစ်ပါတယ်။ အီတလီနဲ့ ဂရိကတော့ များပါတယ်။ (၁၀)ရာခိုင်နှုန်း။ တစ်ခါတစ်လေ (၁၀)ရာခိုင်နှုန်း ကျော်ပါတယ်။ ဒါ ရိုက်နှိပ်တာတွေ ဖြစ်တဲ့အတွက် ဂရိမှာလည်း ဟိုတစ်လောက ပြဿနာ တွေ ဖြစ်ဖူးပါတယ်။

ဒါကြောင့်မို့လို့ အီတလီနဲ့ ဂရိနိုင်ငံဟာ ငွေကြေးဖောင်းပွမှုနှုန်းမှာ အမေရိကန်ထက် တော်တော်လေး မြင့်မားနေတယ်လို့ ကျွန်တော်တို့ ပြောလို့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၀ ထုတ်ဝေထားတဲ့ ငွေကြေးပမာဏ (Money Supply) (၅၅၉၁)ဘီလီယံ။ နောက်တစ်နှစ်ဖြစ်တဲ့ ၂၀၁၁ ခုနှစ်မှာ ထုတ်ဝေထားတဲ့ ငွေကြေးပမာဏက (၆၅၇၂)ဘီလီယံ။ ဒါကြောင့်မို့ အဲဒီနှစ်မှာ (၉၈၁)ဘီလီယံ ပိုပြီးတော့ ရိုက်နှိပ်ထုတ်ဝေထားတာ ရှိပါတယ်။ သို့သော်လည်း ၂၀၁၁-၂၀၁၂ မှာ ကျွန်တော်တို့ အမှန်ငွေ (Actual Revenue) ဟာ နည်းနည်းလေး တက်ပါတယ်။ ကောင်းပါတယ် အဲဒါ။ ကျပ်(၆၈၀၉)ဘီလီယံ အဲဒီတော့ ခုနကငွေကြေး ထပ်ပိုးရိုက်ထားတာနဲ့ လက်ရှိဝင်ငွေနဲ့ တွက်လိုက်ရင် ဖောင်းပွမှုဟာ (၁၄.၃၉)ရာခိုင်နှုန်း ရှိပါတယ်။ အဲဒီတော့ ကျွန်တော်နိုင်ငံတွေ ယှဉ်လိုက်တဲ့အခါကျတော့ အမေရိကန်လို (၃)ရာခိုင်နှုန်း မလုပ်နိုင်တောင်မှ ခုနက ကိုယ်စားလှယ်တော်ကြီး ဦးအုန်းတင် ဆွေးနွေး သွားသလို (၅)ရာခိုင်နှုန်း၊ (၆)ရာခိုင်နှုန်း၊ (၇)ရာခိုင်နှုန်း စသဖြင့် ထိန်းသိမ်းရမယ်လို့ သုံးသပ်ဖို့အဖြေ ထွက်လာပါတယ်။

ကျွန်တော် နိဂုံးချုပ်ပါမယ် ခင်ဗျား။ ဦးစံပြည့် ပြောသလို ပဲ ဗဟိုဘဏ်က ပုဂ္ဂိုလ်တွေ စီးပွားရေး ပညာရှင်တွေ အတွေ့အကြုံရှိပြီးတော့ နားလည်တတ်ကျွမ်း စိတ်ချရတဲ့ ပြည်တွင်းပြည်ပပုဂ္ဂိုလ်တွေ၊ ကိုယ်ကျိုးမဖက်တဲ့ လုပ်ငန်းရှင်တွေ၊ တက်ကြွတဲ့ ပညာတတ် အခြေခံလူတန်းစားတွေနဲ့ သီးခြားအဖွဲ့ တစ်ဖွဲ့ဖွဲ့ပြီး နေ့စဉ်နှင့်အမျှ ကမ္ဘာပေါ်မှာ ဖြစ်ပေါ်နေတဲ့ ငွေလဲလှယ်နှုန်း၊ အရေးကြီးကုန်ပစ္စည်း ဈေးနှုန်း အတက်/အကျ၊ ငွေကြေးတန်ဖိုးအတက်/အကျ၊ ပြည်တွင်းလိုအပ်ချက် အခြေအနေ ဒါတွေကို နာရီနဲ့အမျှ မိနစ်နဲ့အမျှ လေ့လာသုံးသပ်ပြီးတော့ ကိုယ့်နိုင်ငံက ဈေးကစားနိုင်တဲ့ ကုန်ပစ္စည်း၊ ရွှေ၊ ငွေ စတာတွေနဲ့ ချိန်ထိုးကစားနေမယ်ဆိုရင် ငွေကြေးဖောင်းပွမှု တည်ငြိမ်အောင် မူချမှတ်နိုင်မယ်လို့ သုံးသပ်မိတဲ့အကြောင်း

အကြံပြုတင်ပြရင်း အဆိုရှင် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို ထောက်ခံတင်ပြ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၂း၀၀)နာရီတွင် ခေတ္တရပ်နားပြီး (၁၃း၀၀)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၃း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကော်မတီအစည်းအဝေးများရှိတဲ့အတွက် နေ့လယ်ပိုင်း ခွင့်တင်တဲ့ပုဂ္ဂိုလ်(၂၁)ဦး ရှိပါတယ်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အစည်းအဝေး။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ငင်းအတိုင်း။ ဦးမြဲအုန်း၊ ကချင်(၈)၊ ငင်းအတိုင်း။ ဦးပီမောင်စိုး၊ ကယား(၁)၊ ငင်းအတိုင်း။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ငင်းအတိုင်း။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ငင်းအတိုင်း။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ငင်းအတိုင်း။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ငင်းအတိုင်း။ ဦးစိုင်းကျော်ဇော်သန်း၊ ရှမ်း(၂)၊ ငင်းအတိုင်း။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ငင်းအတိုင်း။ ဦးဉာဏ်လင်း၊ ဧရာဝတီ(၃)၊ ငင်းအတိုင်း။ ဗိုလ်မှူးကျော်နိုင်ဌေး၊ တပ်မတော်၊ ငင်းအတိုင်း။ ဦးခင်မောင်ဌေး၊ မန္တလေး (၁၀)၊ ငင်းအတိုင်း။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကျန်းမာရေး။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ငွေစာရင်းပူးပေါင်းအစည်းအဝေး။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ ငင်းအတိုင်း။ ဦးအောင်ချို့ဦး၊ ပဲခူး(၁၁)၊ ငင်းအတိုင်း။ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်(၃)၊ ငင်းအတိုင်း။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ငင်းအတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၄)၊ ကျန်းမာရေး။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ကော်မတီလုပ်ငန်း။

ယခု တင်ပြခဲ့တဲ့ နေ့လယ်ပိုင်းခွင့် (၂၁)ဦးအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် နေ့လယ်ပိုင်းခွင့်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၃း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၃။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး အမှူးရှိတဲ့ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ ကိုယ်စားလှယ်များနဲ့ ကော်မရှင် အဖွဲ့ဝင်များအားလုံး စိတ္တသုခ၊ ကာယသုခ သုခအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်း များ တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) ဒေါက်တာမြင့်ကြည် တင်သွင်းသွားတဲ့ အဆိုကို ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ ရက်သတ္တပတ်က ဂျီနီဗာမြို့မှာ ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ ဆင်းရဲမွဲတေမှုလျှော့ချရေးညီလာခံမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ကျွန်တော်တို့ တစ်နေ့ကို (၂)ဒေါ်လာ အနိုင်နိုင်ရအောင် ရှာနေရတဲ့အချိန်မှာ ပြည်သူ(၈၃၉)သန်းရှိတယ်လို့ ကြေညာချက်မှာ ထုတ်ပြန်တာကို ကြားလိုက်ရပါတယ်။ ဆင်းရဲမွဲတေမှုလျှော့ချရေးဟာ ကျွန်တော်တို့နိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး က အရေးတကြီး ဆောင်ရွက်နေတဲ့ကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့် ငွေကြေးဖောင်းပွမှုကို တည်ငြိမ်ရေးမူဝါဒ ချမှတ်ရန်တင်သွင်းတဲ့ ဒေါက်တာမြင့်ကြည် ရဲ့ အဆိုဟာ ပြည်သူတစ်ရပ်လုံးနဲ့ ပတ်သက်နေပြီးတော့ အရေးကြီးတဲ့အတွက် ဆွေးနွေးတင်ပြရခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်တဲ့ဗဟိုဘဏ်တစ်ခုကို ဥပဒေနဲ့အညီ ထူထောင်ပေးခဲ့ပြီး လည်း ဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ နည်းဥပဒေ ထွက်ရှိသေးတာတော့ မတွေ့ရပါဘူး။ အထူးသဖြင့် ဘဏ္ဍာငွေကြေးပိုင်းမှာ ရငွေနဲ့ သုံးငွေ၊ ရင်းနှီးမြှုပ်နှံမှုနဲ့ စားသုံးမှုကို ကိုင်တွယ်တဲ့ ပညာရပ် ဟာလည်း ကျွန်တော်တို့ သာမန်ပြည်သူတွေရော Local ပညာတတ်များအကြားမှာ စိမ်းနေတဲ့ဘာသာရပ် ဖြစ်ပါတယ်။ ကျွန်တော်တို့ သိတတ်တဲ့အရွယ်မှာ လူကြီးတွေဟာ စားကုန်၊ သောက်ကုန်တွေ အသုံးအဆောင် ပစ္စည်းတွေကို ဝယ်ခြမ်းတဲ့အခါမှာ ရွှေနဲ့တွက်ပြီးတော့ ဝယ်လေ့ရှိပါတယ်။

အဲဒီအချိန်တုန်းကတော့ ကျွန်တော်တို့ ရွှေ(၁)ကျပ်သားရဲ့ဈေး၊ စပါးတစ်ရာရဲ့ဈေး၊ သစ်မာ တစ်တန်ရဲ့ ဈေးတွေဟာ မျှခြေမှာ ရှိနေတာကို တွေ့ရှိရပါတယ်။ (၄၀၀)ကျပ် ပတ်ဝန်းကျင်လောက် ရှိပါတယ်။ ဒါကြောင့် အိမ်ကိုပဲဝယ်ဝယ်၊ ကားပဲစီးစီး၊ ရွှေဘယ်လောက် ကုန်တယ်ဆိုတာနဲ့ပဲ တွက်ချက် ပြီးတော့ တိုင်းတာပါတယ်။ ဒါကလည်း သူတို့သုံးစွဲရတဲ့ငွေကြေးတွေဟာ ခေတ်အဆက်ဆက် အမျိုးမျိုး ဖြစ်နေကြတဲ့အတွက် ဒါ ရွှေနဲ့ပဲတွက်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ အဲဒီခေတ်က ကျွန်တော်တို့သိနေတဲ့ ရွှေတစ်ကျပ်သား (၄၀၀)ခေတ်မှာ ဆန်တစ်တင်းဟာ (၁၀)ကနေပြီးတော့ (၁၆)ကျပ် လောက်ပဲကျပါတယ်။ ဆန်တစ်ပြည်မှ တစ်ကျပ်လောက်ပဲ ကျသင့်တာကို တွေ့ရပါတယ်။

ဒါမှမဟုတ် လက်လီရောင်းရင်တော့ ဆန်တစ်ပြည်ကို ငါးမတ် ပါ။ ဒါကြောင့် မူလတန်းပြ ဆရာ လစာ(၁၂၆)ကျပ်၊ အလယ်တန်းပြဆရာ (၁၈၅)ကျပ်လောက်ရပေမယ့် ဆန်တစ်ပြည် ငါးမတ်၊ နို့ဆီ

တစ်ဗူး ငါးမတ်ရတာမို့ ပိုငွေတွေကို စုဆောင်းပြီးတော့ ရွှေတောင်မှ ဝယ်ယူစုဆောင်းနိုင်တဲ့ အနေအထားမှာ ရှိတာကို တွေ့ရပါတယ်။ ဒါပေမဲ့ တစ်ချိန်တုန်းက ကျွန်တော်တို့နိုင်ငံမှာ ဆန်တစ်ပြည်ကို ပြားဂဏန်းလောက်မြင့်တက်တာတောင်မှ ကျွန်တော်တို့ ပြဿနာတွေ တက်တာတွေ ရှိခဲ့ပါတယ်။ ဒါကြောင့် စီမံကိန်းစီးပွားရေးစနစ်မှာ အစိုးရက စပါးကို ဝယ်ယူကြိတ်ခွဲပြီးတော့ အထူးသဖြင့် ဝန်ထမ်းနဲ့ အလုပ်သမားတွေ၊ အခြေခံလူတန်းစားတွေ များပြားတဲ့ ရန်ကုန်မြို့ကို ဆန်မပြတ်ဖို့အတွက် သမဝါယမကနေ ဖြန့်ဖြူးပေးပြီးတော့ တိုင်းပြည်ရဲ့ တည်ငြိမ်အေးချမ်းမှုရအောင် ထိန်းပေးတဲ့စနစ်တွေကိုလည်း ကျွန်တော်တို့ သိမြင်ခဲ့ရပါတယ်။ ကြုံတွေ့ခဲ့ရပါတယ်။

ကျွန်တော်တို့ ဒီမှာ ဈေးနှုန်းတွေကို ပြန်ပြီးလေ့လာတဲ့အခါမှာ ကျွန်တော်တို့ ပုဂံခေတ်မှာ စပါးတစ်တင်းကို (၂)ကျပ်ရှိပါတယ်။ နွားတစ်ကောင်မှ (၄)ကျပ်ပါ။ ရွှေတစ်ကျပ်သားကို (၁၁)ကျပ် ပေးရတဲ့အချိန်မှာ ဆန်တစ်တင်းဟာ (၅)ကျပ်လောက်ကျပါတယ်။ ဒါကြောင့် ရွှေနဲ့ စပါး တစ်တင်းဈေးနဲ့ တွက်ရင် သိပ်ပြီးတော့ ဆန်စပါး ဈေးမြင့်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် အနော်ရထာမင်းကြီးဟာ မိတ္ထီလာကန် အပါအဝင် ငလိုင်သင်၊ ပြောင်းပြာ၊ ကင်းတား၊ ကျီးမဲ စတဲ့ ဆည်(၇)ဆည်ကို တည်ဆောက်ပေးခဲ့ပါတယ်။ စမုံမြစ်မှ လွှဲပြီးတော့ ဇော်ဂျီနဲ့ ပန်းလောင်မြစ်မှာ ဒီဆည်တွေကို တည်ဆောက်ပေးပြီးတော့ ပြည်သူလူထုရဲ့ စားဝတ်နေရေးကို ဖြေရှင်းပေးခဲ့ကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။

ဒီမြန်မာမင်းတွေလက်ထက်မှာ ချင်းတွင်း၊ လယ်တွင်း၊ ဘော်တွင်း၊ တောင်တွင်း ဆိုပြီးတော့ တွင်း(၄)တွင်း ရှိပါတယ်။ ဒီဟာတွေကတော့ စပါးအထူးအထွက်တိုးတဲ့ ဒေသတွေပါ။ ဒီပဲယင်းနဲ့ ကိုးသန်းပယ် ထိုဝယ်လေးမျက်နှာ လို့ ဆိုတဲ့အတိုင်း ဒီပဲယင်းနယ်မှာ ပယ်ကိုးသန်းလောက် စိုက်တယ်လို့လည်း သိရပါတယ်။ အဲဒီမှာ ပယ်ဟာ နှစ်မျိုး ရှိပါတယ်။ မင်းပယ်ဟာ (၃)ဧကကျော် ရှိပြီးတော့ ပကတိပယ်ကတော့ (၁)ဧကခွဲနီးပါး (၁.၃)ဧကလောက် ရှိပါတယ်။ ပုဂံခေတ်မှာ သီးနှံမျိုးစုံစိုက်ပျိုးနေပြီးတော့ လယ်တစ်ပယ်မှ စပါး (၆)တင်း (၇)တင်းလောက်ပဲ ထွက်ပါတယ်။ ဒါပေမဲ့ သူ့ခေတ်နဲ့ သူ့လူတွေဟာ ဖူလုံလောက်ငှမှုရှိကြောင်းကို တွေ့ရှိရပါတယ်။

အလားတူပဲ ကျွန်တော်တို့ ကုန်းဘောင်ခေတ်လောက်မှာ ဆန်(၃)တင်းဝင်အိတ် တစ်အိတ်ကို (၁၁)ကျပ် (၇)ပဲ ကျပါတယ်။ ဝက်မစွပ်ဝန်ထောက်မင်းကြီးရဲ့ (၄၂)နှစ်မြောက် ဆွမ်းကပ်ပွဲမှာ နေ့စဥ်မှတ်တမ်းမှာ တွေ့ရှိရပါတယ်။ ရွှေတစ်ကျပ်သား (၂၆)ကျပ်ခေတ်မှာ ကျွန်တော်တို့ ဆန်တစ်တင်းရဲ့ ကျသင့်ငွေဟာ (၃)ကျပ် (၈)ပဲ၊ (၄)ကျပ်လောက် ဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုလိုနီခေတ်မှာတော့ ကျွန်တော်တို့ ကုန်ဈေးနှုန်း၊ ဆန်စပါးဈေးတွေ တည်ငြိမ်တာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ၁၉၄၄-၁၉၄၅ ခုနှစ်၊ ဂျပန်အထွက်နဲ့ အင်္ဂလိပ်အဝင်မှာ ကျွန်တော်တို့နိုင်ငံမှာ ငွေကြေးဖောင်းပွမှု တစ်ကြိမ်ဖြစ်ပေါ်ခဲ့ဖူးပါတယ်။

ဂျပန်တွေဟာ ငွေစက္ကူထုတ်စက်တွေ ပါလာပြီးတော့ အတိုင်းအဆမရှိဘဲနဲ့ ငွေတွေကို ရိုက်နှိပ်သုံးစွဲခဲ့ပါတယ်။ ဒါကြောင့် ဈေးတွေဟာ ကမောက်ကမ ဖြစ်လာပါတယ်။ ဈေးသည်တွေဟာ ငွေစက္ကူအနွမ်းဆိုရင်တောင် မယူပါဘူး။ အဲဒီခေတ်က ထောင်မလဲ သဲကော် ဆိုတဲ့ အသစ်စက်စက်နဲ့ မှပဲ အရောင်းအဝယ်ဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေကို အဆမတန် ဈေးကြီးပေးဝယ်ခဲ့ရတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်က ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အဘ ဦးတင်မြင့် နဲ့ စကားစပ်မိပါတယ်။

သူငယ်ငယ် ဂျပန်ခေတ်က ခေါင်းညှပ်ဖို့နဲ့ ခေါက်ဆွဲကြော်စားဖို့ ဂျပန်ငွေ(၁၀၀၀၀) ထည့်ပေး လိုက်ပါတယ်။ ခေါင်းတစ်ခေါင်းညှပ်ခ က (၅၀၀၀) ဖြစ်ပါတယ်။ ဒီအခါမှာ ခေါင်းညှပ်သမားက မင်းပိုက်ဆံ မရေနိုင်ဘူး။ ပုံးထဲသာ ပစ်ထည့်လိုက်တော့ ဆိုပြီးတော့ ခေါင်းညှပ်ပြီးတော့ ခေါက်ဆွဲကြော်စားတာဟာ (၁၀၀၀၀) လောက်ကုန်တယ်လို့ ပြောပါတယ်။ ဒီ အဘ ဦးတင်မြင့် ပြောတဲ့ ဓလေ့တွေဟာ တစ်ချိန် တစ်ခါတုန်းက အမှန်ပဲရှိခဲ့တာကိုတွေ့ရပါတယ်။ ဆရာသော်တာဆွေ ရေးတဲ့ ကျွန်တော့်ဘဝဇာတ်ကြောင်း ဆိုတဲ့ ရှုမဝအခန်းဆက်တွေမှာလည်း ပါဖူးပါတယ်။ ရွာမှာနေတုန်းက တစ်ပတ်တစ်ခါမှာ ခေါင်းညှပ်မယ်။ ခေါက်ဆွဲကြော်စားရတာဟာ သူ့အဖို့ နတ်သုဒ္ဓါတမျှလို့ ထင်မှတ်မိခဲ့ပါတယ်။

ဒါပေမဲ့ နောက်ပိုင်း ရန်ကုန်မြို့ကို ရောက်လာပြီးတော့ မိုးကုတ် ဦးမြမောင် နဲ့ သူ အပေါင်းအသင်း ဖြစ်ပါတယ်။ နေ့တိုင်း ကားတစ်မျိုး တစ်မျိုး ပြောင်းစီးပြီးတော့ ဟိုတယ်တွေ တစ်ခုပြီးတစ်ခု ပြောင်းစား ရတော့တဲ့အခါမှာ သူတွေ့ခဲ့ရတဲ့ နတ်သုဒ္ဓါလို့ ထင်တာဟာ ဘာမှမဟုတ်တော့ဘူး အလကားပါပဲ ဆိုတဲ့ စာတွေကိုလည်း ကျွန်တော်တို့ ဖတ်ခဲ့ရပါတယ်။ ဒီဂျပန်ငွေစက္ကူတွေ မတရားရိုက်နှိပ်ထုတ်ဝေတဲ့ အရှိန်ကြောင့် အင်္ဂလိပ်က ဂျပန်ငွေစက္ကူကို လိုက်မမီဘူး ဖြစ်လာပါတယ်။ ဒါကြောင့် အင်္ဂလိပ်ငွေစက္ကူရှားပါးပြီး တန်ဖိုးရှိလာအောင် စီမံဆောင်ရွက်ခဲ့ရပါတယ်။ ဒီစီမံဆောင်ရွက်ချက်ကတော့ ဘဏ်များမှာ ငွေထုတ်ပေးခြင်း မပြုတော့ဘဲနဲ့ ငွေအသွင်းကိုပဲ လက်ခံပါတယ်။ ဒီနည်းနဲ့ အပြင်မှာ အင်္ဂလိပ်ငွေဟာ တဖြည်းဖြည်းနဲ့ ရှားပါးလာပါတယ်။

ဒါကြောင့် ထောင်ဂဏန်းနဲ့ ရောင်းရတဲ့ပစ္စည်းဟာ ရာဂဏန်းလောက် ကျလာပါတယ်။ ရာဂဏန်း ကနေပြီးတော့ ဆယ်ဂဏန်း၊ ဆယ်ဂဏန်းကနေ ခုဂဏန်း၊ ခုဂဏန်းကနေပြီးတော့ ပြားဂဏန်း အထိ တဖြည်းဖြည်း ကျဆင်းသွားအောင် ဆောင်ရွက်ပါတယ်။ ဒီနည်းနဲ့ အင်္ဂလိပ်အစိုးရဟာ ငွေကြေး ဖောင်းပွမှုကို ထိန်းချုပ်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဂျပန်ဝန်ကြီးချုပ်ရဲ့ ဆောင်ရွက်ချက်တွေကိုလည်း အကျဉ်းချုံးပြီးတော့ တင်ပြလိုပါတယ်။ ဒါကတော့ ဖြေရှင်းနည်းတွေပါ။ စစ်ရှုံးပြီးစ ဂျပန်နိုင်ငံဟာ ကမ္ဘာ့ရေးရာတွေမှာ ပါဝင်ခြင်း မရှိတော့ဘဲနဲ့ စီးပွားရေးကိုပဲ အာရုံစိုက်ပြီး ဆောင်ရွက်ပါတယ်။ ဆာမူရိုင်းစိတ်ဓာတ်ကို ကျင့်သုံးပါတယ်။ ပြိုင်ဆိုင်ရာမှာ အရှုံးဆိုတဲ့ စကားမရှိရဘူး။ နိုင်ရမယ်။ မနိုင်ရင် ဟာရာခီရီ ဆိုပြီး ကျင့်သုံးတဲ့ဓလေ့ ဖြစ်ပါတယ်။ ဂျပန်ဝန်ကြီးချုပ် မာစတာ ရှင်ဇိုးအာဘေး တာဝန်ယူပြီးတဲ့ (၆)လအကြာမှာ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကြောင့် ဂုဏ်ယူဝံ့ကြွားနိုင်ခဲ့ပါတယ်။ နိုင်ငံတကာကလည်း စီးပွားရေး၊ စက်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုတွေကို အဆက်မပြတ် အကဲခတ် လေ့လာကြည့်ရှုနေရပါတယ်။ (၆)လကြာတဲ့အခါမှာ ဂျပန်ယန်းငွေ တက်လိုက်/ကျလိုက် မတည်မငြိမ် ဖြစ်နေရာကနေပြီးတော့ ၂၀၁၂ ခုနှစ်မှာ တတိယ အမြင့်ဆုံးကို ရောက်ရှိလာပါတယ်။ ဂျပန်အစိုးရဟာ အမျိုးသားပို့ကုန်ကို မြန်မြန်ဆန်ဆန်နဲ့ အများအပြား ပို့ဆောင်နိုင်ရန်အတွက် လိုအပ်တဲ့အစီအမံတွေ၊ အထောက်အကူတွေကို ဆောင်ရွက်ပေးနိုင်တဲ့အတွက်ကြောင့်လို့ ဆိုပါတယ်။ အထူးသဖြင့် ဂျပန်နိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌအသစ်ကို ခန့်အပ်ခဲ့ပြီး ဦးဆောင်ကုမ္ပဏီကြီးတွေကိုလည်း ဝန်ထမ်းများကို လစာနဲ့ ဆုကြေးငွေတွေပေးဖို့ တွန်းအားပေးခဲ့တဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။

ဒီဂျပန်နိုင်ငံ မစ်ဆူဘီရှီကော်ပိုရေးရှင်း၊ မာဆူရှီတာကော်ပိုရေးရှင်း၊ ကျွန်တော်တို့ မာရှုဘီနီ ကော်ပိုရေးရှင်းဆိုတဲ့ ဒီကော်ပိုရေးရှင်းကြီးတွေရဲ့ ဥက္ကဋ္ဌ၊ ဒါရိုက်တာ အဖွဲ့ဝင်တွေနဲ့လည်း ကျွန်တော်တို့

တိုကျိုမြို့မှာ တွေ့ဆုံဆွေးနွေးခဲ့ဖူးပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ ဥက္ကဋ္ဌတွေကတော့ အသက်အရွယ်ကြီးရင့်ပြီးတော့ အတွေ့အကြုံရှိတဲ့သူတွေဖြစ်ပေမယ့် ဒါရိုက်တာ အဖွဲ့ဝင်လေးတွေကတော့ ဒါ အသက်(၃၀)လောက်ပဲရှိတဲ့ လူငယ်လူရွယ်လေးတွေ ဖြစ်ပါတယ်။ ကနေဒါနိုင်ငံမှာ သွားရောက်ပြီးတော့ ပညာသင်ယူခဲ့ရသူတွေလည်း ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာပဲ ငွေကြေးနဲ့ ပတ်သက်ပြီးတော့ အဲဒီတုန်းက ကျွန်တော်တို့နိုင်ငံမှာ ကျင့်သုံးနေတဲ့ တစ်နိုင်ငံ စနစ်(၂)မျိုးဆိုတဲ့ ပေါ့နော်၊ ကျွန်တော်တို့ ဒေါ်လာနဲ့ FEC စနစ်တွေကလည်း ဆွေးနွေးရတဲ့ အချက်တစ်ချက်တစ်ခု ဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့ စင်ကာပူနိုင်ငံမှာကတော့ နိုင်ငံ့ဝန်ထမ်းတစ်ဦးဟာ သူ့ရဲ့ လစာ(၁၄)ရာခိုင်နှုန်း သုံးစွဲရုံနဲ့တင် လူတန်းစေ့နေထိုင်စားသောက်နိုင်တယ်လို့ ကျွန်တော် သိရှိရပါတယ်။ စောစောက ဂျပန်ဝန်ကြီးချုပ် စောစောကပို့ကုန်မြင့်တက်တဲ့အချိန်နဲ့ နိုင်ငံတော်ရဲ့ စတော့ဈေးကွက်ကို မြှင့်တင်ခဲ့ပါတယ်။

နှစ်ပေါင်း(၂၀)အတွင်း ပထမဆုံးအနေနဲ့ စတော့ဈေးကွက်ကို (၅၀)ရာခိုင်နှုန်းကျော် မြှင့်တင်နိုင်ခဲ့တယ်။ ဒီအခြေအနေကို နိုင်ငံတကာကလည်း စောင့်ကြည့်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီမှာ အမေရိကန်နိုင်ငံကို တရားဝင်အလည်အပတ် ရောက်ရှိတဲ့အခါမှာ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပါတယ်။ မိန့်ခွန်းရဲ့ အနှစ်ချုပ်ကို ပြောရမယ်ဆိုရင် ကမ္ဘာ့နိုင်ငံတွေနဲ့စာရင် ဂျပန်နိုင်ငံဟာ နောက်ကျန်နေခဲ့ပြီ။ Japan is Back ဆိုတဲ့ စကားကို သုံးစွဲခဲ့ပါတယ်။ ဒီလိုကြီးကျယ်တဲ့ အလှည့်အပြောင်းတွေကို ဝန်ကြီးချုပ်အာဘေး ဟာ မြား(၃)စင်းနဲ့ ဖြေရှင်းမယ်လို့ ဆိုပါတယ်။ ၎င်းရဲ့ မြား(၃)စင်းစီမံကိန်း (Three Arrows Project) ဟာ ၎င်းရဲ့ စီးပွားရေးမူဝါဒအရ ဂျပန်မှာရှိတဲ့ ငွေလုံး ငွေရင်းအားလုံးကို စုပေါင်းပြီးတော့ ဖြေလျှော့ဖို့ ဖြစ်ပါတယ်။ ဒီအစီအစဉ်ကတော့ ငွေကြေးအားလုံးကို စောစောက ကျွန်တော်တို့ အင်္ဂလိပ်ခေတ်က လုပ်ခဲ့သလိုပဲ၊ အသွင်း/အထုတ် မလုပ်ဘဲနဲ့ ဘဏ်တွေ မှာသိမ်းဆည်းထားမှာ ဖြစ်ပါတယ်။ ပြည်ပထောက်ပံ့မှုကို (၂)နှစ်အတွင်း (၂)ဆဖြစ်အောင် ဆောင်ရွက် ဖို့ဖြစ်ပါတယ်။ ယန်းငွေ (10) Trillion တန်ဖိုးရှိတဲ့ ပြည်သူ့လုပ်ငန်းများ တိုးတက်မြှင့်တင်ရေးမှာ တည်ဆောက်မှုကို ပြန်လည်ပြုပြင်ရန်ဆိုတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ ဘဏ္ဍာရေးကျွမ်းကျင်သူတွေက နည်းနည်းသံသယရှိခဲ့ပါတယ်။ ဘာကြောင့် လဲဆိုတော့ ဒီစီမံကိန်းမှာ ပါဝင်နေတဲ့ အစိတ်အပိုင်းတွေဟာ အရေးကြီးတဲ့ အစိတ်အပိုင်းတွေဖြစ်တဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ သူ့ရဲ့ ဒုတိယမြားနဲ့ တတိယမြား(၂)စင်းကတော့ ယခင်အခါက ကြိုးပမ်းခဲ့ ပေမယ့်လည်း မအောင်မြင်ခဲ့ပါဘူးလို့ ဝပ်ဆဲဒါးတက္ကသိုလ်မှ စီးပွားရေးပါမောက္ခ မာဆာဆူမိဝါတာကာဘေး ကနေပြီးတော့ ထောက်ပြခဲ့ပါတယ်။ ပထမဆုံး မြားတစ်စင်း ဖြစ်တဲ့ ငွေကြေးဖြေလျှော့နည်းတွေဟာလည်း ထင်သလိုမဖြစ်ဘဲ ကွာခြားမှုအမျိုးမျိုးတွေ ဖြစ်ပွားလာနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလို ငွေလုံးငွေရင်းကို ဖြေလျှော့မယ်ဆိုရင် ငွေကြေးပမာဏ ကျဆင်းနိုင်မှု Deflation ကို တိုက်ရိုက်တိုက်ခိုက်သလို ဖြစ်နိုင်ပြီးတော့ ၁၉၇၇ ခုနှစ်ကတည်းကရှိခဲ့တဲ့ ဂျပန်နိုင်ငံရဲ့ ခံနိုင်ရည်စွမ်းအားကို ဖျက်ဆီးသလို ဖြစ်သွားနိုင်တဲ့အတွက် ဖြစ်ပါတယ်။

ငွေကြေးတန်ဖိုး ကျဆင်းနေချိန်မှာ ကျွန်တော်တို့ ထုတ်ကုန်ပစ္စည်းများဟာ ရောင်းချရမှာ မဟုတ်ပါဘူး။ ထုတ်လုပ်တဲ့ ကုမ္ပဏီတွေကလည်း ကုန်ထုတ်လုပ်မှုကို လျှော့ချလာနိုင်ပါတယ်။ ပြည်သူတွေကလည်း ငွေကြေးသုံးစွဲခြင်းထက် စုဆောင်းထားမှုကို ပိုမိုပြီးတော့ ဂရုစိုက်လာမှာ ဖြစ်ပါတယ်လို့ ပါမောက္ခဝါတာကာဘေးက ဆိုပါတယ်။ ငွေကြေးတန်ဖိုး ကျဆင်းနေတဲ့အချိန်မှာ စားသုံးသူနဲ့ ရင်းနှီး

မြှုပ်နှံမှု တို့ကို တိတိကျကျ စာရင်းပြုစု ထားသင့်တယ်လို့လည်း ဆိုပါတယ်။ ဂျပန်နိုင်ငံမှာ ဝန်ကြီးချုပ် အာဘေး ပြုလုပ်တဲ့အပြောင်းအလဲတွေဟာ ဒီလို ပြဿနာများ ပေါ်ပေါက်ခဲ့ရင် ကျင့်သုံးဖို့အတွက် ဒီဇိုင်းပုံစံသတ်မှတ်ပေးခြင်းပဲ ဖြစ်ပါတယ်။ ငွေကြေးဖောင်းပွမှုကို (၂)ရာခိုင်နှုန်းအထိ ခွင့်ပြုရန် ညွှန်ကြား ထားပါတယ်။ ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ဖို့အတွက် ဝန်ကြီးချုပ်ဟာ Bank Governor အဖြစ် ရှေ့နေ ဟာရူခိကိုခူရောဒါး ကို ၂၀၁၀ ပြည့်နှစ်ကတည်းက ခန့်ထားပြီးလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ မကြာမတင်ကာလမှာပဲ ဂျပန်ဝန်ကြီးချုပ်အာဘေး ဟာ မိမိရဲ့ဦးထုပ်ကို ကြိုးဝိုင်း ထဲကို ပစ်သွင်းလိုက်တယ်လို့ ကျွန်တော်တို့ ဖော်ကျူးစ်မဂ္ဂဇင်းမှာ ရေးသားထားတာ တွေ့ရပါတယ်။ အဓိပ္ပာယ်ကတော့ အမေရိကန်ထုံးစံ ယှဉ်ပြိုင်မယ် ဆိုပြီးတော့ ကမ္ဘာကို စိန်ခေါ်လိုက်ခြင်းပဲ ဖြစ်ပါတယ်။ အဲဒီနှစ်မှာ စတော့ဈေးကွက်တွေ မြင့်တက်ဖို့အတွက် အစပျိုးလာပါတယ်။ ယန်းငွေ ဈေးနှုန်းကလည်း တဖြည်းဖြည်းနဲ့ ကျဆင်းလာခဲ့တယ်။ ဒါကြောင့် သမရိုးကျ ရင်းနှီးမြှုပ်နှံသူတွေဟာ အစုလိုက် အပြုံလိုက် ဈေးကွက်ထဲကို ဝင်လာကြပါတယ်။ မတူတဲ့ကိစ္စတွေကို ကျွန်တော်တို့ ဖယ်ထားပြီး တူတာတွေကို စုပေါင်းပြီး လုပ်တဲ့အတွက် လွန်ခဲ့တဲ့ (၁၀)နှစ်ကလို စတော့ဈေးကွက်က တိုးတက်အောင် ဆောင်ရွက် နိုင်ခဲ့ပါတယ်။ Bank Governor မစ္စတာဟာရုဟိခိုခုရောဒါ က ငွေကြေးအသုံးစာရင်းကိုလည်း၊ ဖြေလျှော့မှုကိုလည်း ပြည်သူလူထုကို အသေးစိတ် ရှင်းလင်းတင်ပြခဲ့တဲ့နည်းနဲ့ ငွေကြေးမတည်ငြိမ်မှုကို ပြီးဆုံး အောင် ဖြေရှင်းနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ငွေကြေးဖောင်းပွမှုကို တိုင်းတာရာမှာ စားသုံးသူ ဆည္ဒွန်းကိန်း (Consumer Prices Index - CPI) နဲ့ အခြေခံပြီးတော့ တွက်ချက်ပါတယ်။ ကျွန်တော့် ရှေ့က ကိုယ်စားလှယ်ကြီး ဦးစံပြည့် တို့လည်း ဆွေးနွေးသွားတာ ကြားရပါတယ်။ ဒီစားသုံးသူ ဆည္ဒွန်းကိန်းကို အစားအသောက်အုပ်စုနဲ့ အစားအသောက်မဟုတ်တဲ့ အုပ်စုဆိုပြီးတော့ အဲဒီမှာ အမယ်တွေရဲ့ ဈေးနှုန်း ပြောင်းလဲမှုကို လေ့လာတွက်ချက်ခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၂ နဲ့ ၂၀၁၃ ဘဏ္ဍာနှစ်မှာ ငွေဖောင်းပွမှုနှုန်းဟာ (၂.၈၇)ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ငွေဖောင်းပွမှုနှုန်း (၅.၇၁)ရာခိုင်နှုန်းရှိကြောင်း သိရပါတယ်။ ပြီးခဲ့တဲ့နှစ်က ငွေဖောင်းပွမှုနှုန်း မြင့်လာတယ်လို့ Selected Money Economic Indicator, March 2014) အရ သိရှိရပါတယ်။ ဒီအစားအသောက်အုပ်စုမှာ ဆန်နဲ့ သားငါးဈေးနှုန်း ရှေ့နှစ်ကထက် မြင့်တက်လာတာကို တွေ့ရှိရပြီးတော့ အစားအသောက် မဟုတ်တဲ့ အုပ်စုကတော့ အိမ်ငှားစရိတ်တွေ၊ လျှပ်စစ်နဲ့လောင်စာ ဈေးနှုန်းတွေ မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

ဒီစားသုံးမှုအညွှန်းကိန်း တွက်ချက်ရာမှာ ရွေးချယ်ထားတဲ့အမယ်တွေဟာ အခြေခံလူတန်းစား တွေ အသုံးပြုတဲ့ အခြေခံကုန်ပစ္စည်းများသာ ဖြစ်ရန်အတွက် အကန့်အသတ် ရှိပါတယ်။ ဒါကြောင့် လက်ရှိဖြစ်ပေါ်နေတဲ့ ငွေဖောင်းပွမှုနှုန်းဟာ လက်တွေ့အခြေခံ လူတန်းစားများ မဖြစ်မနေ အသုံးပြုရတဲ့ ကုန်ပစ္စည်းများနဲ့ အိမ်သုံးစရိတ်များရဲ့ ပြောင်းလဲမှုကို ထင်ဟပ်မှုမရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် အခြေခံကုန်ထုတ်ဈေးနှုန်း မြင့်တက်မှုဟာ စီးပွားရေးလုပ်ငန်းရဲ့ ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှု စရိတ်များ မြင့်တက်လာခြင်းကြောင့် ဖြစ်ပါတယ်။ လုပ်ငန်းစရိတ်တွေနဲ့ လုပ်ငန်းသုံး အဆောက်အဦ ငှားရမ်းခ မြင့်တက်ခြင်းဖြစ်ပါတယ်။ ဒီစရိတ်တွေ ပါဝင်မှုအချိုးအစား မြင့်မားလာပြီးတော့ ငွေကြေး ဖောင်းပွမှုကို ဖြစ်ပေါ်စေဖို့အတွက် တွန်းအားပေးသလို ဖြစ်ပါတယ်။

ဒီအခြေအနေဟာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ပိုမိုပြီးတော့ တိုးပွားလာနိုင်တဲ့ အလားအလာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ လုပ်ငန်းသုံးအဆောက်အဦ ငှားရမ်းခနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ရန်ကုန်မြို့မှာဆိုရင်လည်း ကျွန်တော်တို့ ဒီကျူရှင်သင်တန်းတွေ၊ စားသောက်ဆိုင်တွေ၊ စတိုးဆိုင်တွေ၊ ဗျူတီပါလာ စတဲ့ ဒီတိုက်ခန်းတွေရဲ့ ငှားရမ်းခဟာ ပြီးခဲ့တဲ့နှစ်က နှစ်သိန်းခွဲ ရှိပေမယ့် ဒီနှစ်မှာ လေးသိန်း တောင်းဆိုလာတာ ရှိပါတယ်။ အလားတူပဲ ကျွန်တော်တို့ ရှမ်းလမ်းပေါ့နော်၊ ဗဟိုလမ်းမှာ ဘီယာဆိုင်တစ်ဆိုင်ကို ငှားရမ်းခ တစ်လ ကျပ်သိန်းလေးဆယ်အထိ မြှင့်ပြီး တောင်းလာတာတွေကိုလည်း တွေ့ရှိရပါတယ်။ လုပ်ငန်းကြီးတွေဆောင်ရွက်ဖို့ အတွက်ကတော့ ကျွန်တော်တို့ ရန်ကုန်-မန္တလေး လမ်းမပေါ်မှာရှိတဲ့ လှည်းကူးလိုနေရာတို့၊ ကျွန်တော်တို့ ထားဝယ်ရေနက်ဆိပ်ကမ်း နေရာတွေမှာ တစ်ဧကကို ကျပ်သိန်းပေါင်း တစ်သောင်းခွဲလောက်အထိ ဒါ ဈေးခေါ်ပြီးတော့ ပြည်သူတွေအနေနဲ့ကလည်း လုပ်ငန်းကိုင်ငန်းတွေ သိပ်မရှိတဲ့အတွက်၊ လုပ်စရာမရှိတဲ့အတွက် ဝယ်ယူဖို့ကို စိတ်အားထက်သန်နေတာကို တွေ့ရှိရပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံရဲ့ ငွေကြေးဖောင်းပွမှုကို စရိတ်တွေကနေ တွန်းတင်နေတာ ဖြစ်ပါတယ်။ ဒီစရိတ်တွေကို လျှော့ချနိုင်မယ်ဆိုရင် ငွေဖောင်းပွမှုနှုန်းအမှန်ကို တွက်ချက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် စရိတ်တွေကို လျှော့ချဖို့ကိစ္စကတော့ အရေးကြီးတဲ့ကိစ္စတစ်ရပ် ဖြစ်လာပါတယ်။ ငွေဖောင်းပွမှုနှုန်း မြင့်မားခြင်းဟာ တစ်ဦးချင်းဝင်ငွေနဲ့ ဝယ်ယူစွမ်းအား Per Capita ၊ (PPP) Purchasing Power Priority ကို ထိခိုက်လာနိုင်တဲ့အတွက် ငွေဖောင်းပွမှုနှုန်း တည်ငြိမ်ရေးနဲ့ ပတ်သက်တဲ့ မူဝါဒကို အရေးတကြီး ချမှတ်ကျင့်သုံးရန် လိုအပ်လာတဲ့ အတွက်ကြောင့် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၁။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၁။**

**ဦးနိန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများနဲ့ ဖိတ်ကြားထားသော ပညာရှင်၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိန်းခင်းပေါင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ရဲ့ ငွေကြေးဖောင်းပွမှု တည်ငြိမ်စေရန် မူဝါဒချမှတ်ဆောင်ရွက်ပေးပါရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အသိပညာ အတတ်ပညာများဖြင့် အရှိန်အဟုန်ပြင်းပြင်း ချီတက်နေရသော မျက်မှောက်ခေတ်မှာ မေးလိုက် မှိန်လိုက် အချောင်လိုက်နေလျှင် မည်မျှပင် အရင်းအနှီး ပေါကြွယ်ဝပါစေ တစ်နေ့ကုန်ခမ်း Dry-up ဖြစ်ပါလိမ့်မယ်။ အရင်းအနှီးဆိုရာမှာ နိုင်ငံရဲ့ မြေပေါ်မြေအောက် သယံဇာတသာမက နိုင်ငံသူ/နိုင်ငံသားများရဲ့ ဉာဏ်ရည်ဉာဏ်သွေး၊ အရည်အချင်းများလည်း အပါအဝင် ဖြစ်ပါတယ်။ ပညာခေတ်မှာ နောက်မကျစေလိုပါ။ အောက်မကျစေလိုပါ။ လက်ဆင့်ကမ်း အမွေကောင်းများ၊ ထိုးထွင်းသိမြင်သော အစွမ်းအစများဖြင့် နိုင်ငံ့ဂုဏ်ဆောင်သူများ ဖြစ်ကြစေဖို့ ရည်သန်၍ စုစည်းတင်ပြလို

ပါတယ်။ အမြင်အသိ တစ်ထပ်တည်း ဖြစ်စေပါတယ်။ အရင်းရှင်ဟူသော ဝေါဟာရဟာ မကောင်းဆိုးဝါး မိစ္ဆာအဓိပ္ပာယ်မဟုတ်ပါ။ ဆိုရှယ်လစ်နဲ့ အရင်းရှင် တို့ဟာ နီ/ပြာခဲတံလို အသုံးပြုသူ၊ အသုံးချတတ်သူတို့ အပေါ် မူတည်ပါတယ်။ ဥပဒေများနဲ့ ပတ်သက်၍လည်း နည်းပညာသစ်တွေ၊ ဥပဒေစိုးမိုးရေးနယ်ပယ် အပါအဝင် နယ်ပယ်အသီးသီးကို ဖြန့်ဝေဝင်ရောက်လာကြတဲ့အခါ ခေတ်မမီတော့တဲ့ ဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ မူဝါဒ၊ လုပ်ထုံး လုပ်နည်းများက နည်းပညာအခြေပြု အံ့တုမှုတွေအပေါ် လုံလောက်တဲ့ စစ်ဆေးအကဲဖြတ်ခြင်းကို ကာကွယ်ပေးနိုင်တဲ့စွမ်းအား အားပျော့ခဲ့ရပါတယ်။ စိန်ခေါ်မှု တွေ ရှိလာခဲ့ပါတယ်။ သမရိုးကျ နည်းစနစ်တွေက ခေတ်မမီတော့တဲ့အတွက် အတိတ်မှာကျန်ခဲ့ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းဟာ ငွေကြေးဈေးကွက် ကျဆင်းမှုကြောင့်မဟုတ်ဘဲ နိုင်ငံအများအပြားမှာ ရှိကြတဲ့ အစိုးရက အိမ်ရာမြေ ဖောင်းပွမှု ချေးငွေ တိုးပေးစေခြင်း၊ အရည်အသွေးမမီတဲ့ စဉ်းမျဉ်းများ ချမှတ်ခြင်းနဲ့ ကြီးကြပ်မှုကင်းမဲ့ခြင်း၊ အားနည်းခြင်း အပါအဝင် နဂိုစည်းမျဉ်းစည်းကမ်းတွေကို လျော့ရဲလာခြင်းနဲ့ ၎င်းကိုအသက် ပြန်သွင်းခြင်းပြုရန် ပျက်ကွက်ခြင်းတို့ ပါဝင်ပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံ(၂)မျိုးစလုံးမှာ လွတ်လွတ်လပ်လပ် ပွင့်လင်းမြင်သာတဲ့ ဈေးကွက် (Open Market) ကို ဒုတိယအဆင့် အယူအဆအဖြစ် သဘောထား လက်ခံပြီး ပုဂ္ဂလိက တစ်ဦးချင်းပိုင်ဆိုင်မှု နိုင်ငံတော်မဟာဗျူဟာအရ စက်ရုံများ၊ ကားများ၊ ဘဏ်ကြီးများ၊ နိုင်ငံဖြတ်ကျော် ငွေကြေးအရွေ့အပြောင်း လှုပ်ရှားမှုများနဲ့ စက်မှုဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် ရွှေ့ပြောင်းအလုပ်သမားတွေကိုလည်း အဆိုပါ ဈေးကွက်ထဲ ပါဝင်လာ တာတွေ့ ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးလုပ်ငန်းများကို လွှမ်းခြုံမယ်ဆိုရင် ကမ္ဘာလုံးဆိုင်ရာ အကျပ် အတည်းကို မျှော်မှန်းနိုင်စွမ်းမရှိပါ။ စီးပွားရေးရဲ့ ပုံစံများကပင်လျှင် အဆိုပါ အကျပ်အတည်းကို တွက်ဆ၍ ရနိုင်ပါတယ်။ အဓိကပင်မပြဿနာကို ဝိုင်းဝန်းအဖြေရှာရာမှာ နည်းလမ်းကျတဲ့အယူအဆ ထက် ပိုမိုနက်နဲသည့် စားသုံးသူနဲ့ ရင်းနှီးမြှုပ်နှံသောသူများရဲ့ အပြုအမူမှာ နည်းလမ်းမကျခြင်း ကြောင့် ဖြစ်တယ်လို့ ပုံချပြီးတော့ ပြောဆိုကြပါတယ်။ နည်းလမ်းမကျခြင်း ဆိုသည်မှာ စီးပွားရေး လုပ်ငန်းရှင်တိုင်း အနာဂတ်ဖြစ်ပျက်မှုများကို ကြိုတင်မသိရှိနိုင်သည့်တိုင်အောင် ဆုံးဖြတ်ချက်ချရန် လိုအပ်တဲ့ သတင်းများ အားလုံးကို ရရှိပြီး အဆိုပါ အနာဂတ်ဖြစ်ရပ်များအတွက် ဆုံးဖြတ်ချက် ချမှတ်ရခြင်း ဖြစ်စေခဲ့ပါတယ်။ အကယ်၍ ဈေးကွက်အတွင်း ဆောင်ရွက်သူများအနေနဲ့ တရားနည်းလမ်းကျကျ၊ သဘာဝကျကျ ဆင်ဆင်ခြင်ခြင်ဖြင့် ဆောင်ရွက်ပြုခဲ့ရင် ဖောင်းပွမှုများ ဖြစ်ပွားမည်မဟုတ်ပါ။ အဆိုပါလောဘကြောင့် ဖြစ်ပွားရသည့် ဖောင်းပွမှုများကပင်လျှင် တရားနည်းလမ်းမကျတဲ့ ဈေးကွက်အပေါ် တုံ့ပြန်ပေးခြင်း ဖြစ်တယ် လို့ သုံးသပ်ယူဆမိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမေရိကန်စာရေးဆရာ Akerlof နဲ့ Shiller တို့ရဲ့ Animal Spirits စာအုပ် မှာ တိရိစ္ဆာန်စိတ်ဓာတ် ငြင်းခုံကြရာမှ အိမ်၊ ခြံ၊ မြေဈေးကွက်၊ စတော့ဈေးကွက်နဲ့ စွမ်းအင်သာမက အခြားလူသုံးကုန်ဈေးကွက်များရဲ့ ဈေးကစားမှုများကြောင့် ဖောင်းပွခြင်းဖြစ်လာတယ်လို့ ဆိုကြပါတယ်။ အဆိုပါ ဖောင်းပွခြင်းဟာ ပြန်ရချက် သံသရာမှာ ဈေးကစားသော ဈေးနှုန်းများက အပြုသဘော လိုက်လျောညီထွေရှိကာ ပိုမိုဝယ်လိုအားကို တွန်းအားပေးရာ ရောက်ရှိပြီး၊ ဈေးနှုန်းများ အဆမတန် တိုးတက်လာကာ နောက်ဆုံးတွင် ပေါက်ကွဲသည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ပါတယ်။ Shiller ရဲ့

ပြဿနာဖြစ်စဉ်ကို ထောက်ပြရာမှာ၊ လူထုစစ်တမ်း ကောက်ယူရာမှာ ဖော်ပြခြင်းဖြစ်ပြီး၊ လူအများက အိမ်ရာဈေးနှုန်း (၁၀)ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဟု မှားယွင်းစွာ တွေးဆမျှော်မှန်းခဲ့ပါတယ်။

အဆိုပါ မျှော်မှန်းချက်ဟာ မြေကွက်များ အကန့်အသတ်ရှိမည် ဟု မှားယွင်းသည့် နားလည်မှု အပေါ် အခြေခံထားခြင်းဖြစ်၍ ဆိုးကျိုးဆက်အဖြစ် ဆောက်လုပ်ရေးဆိုင်ရာ အိမ်ဆောက်ပစ္စည်းအမျိုးမျိုး တို့ရဲ့ တန်ဖိုးများကိုပါ ပို၍ဈေးမြင့်တက်စေခဲ့ပါတယ်။ အိမ်၊ ခြံ၊ မြေ ဖောင်းပွမှုများကို စီမံခန့်ခွဲရာမှာ ရေတိုမူဝါဒကို ရည်မှန်းချက်ထား၍ ဆောင်ရွက်ရန် အရေးကြီးမှန်းသိရှိသော်လည်း စီးပွားရေးပညာရှင်များ အနေနဲ့ ၎င်းအချက်များကို အဓိကထားရန် ပျက်ကွက်ခြင်းမျိုး ဖြစ်ခဲ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမှန်တကယ် အဆင့်မြင့် ပုံမှန်စီးပွားရေးဖြစ်စဉ်များက တွက်ဆနိုင်ပြီး၊ ဆက်စပ်မှုရှိသည့်သာမက လုပ်ဆောင်မှုလမ်းစဉ်သည်လည်း အစီအရီလမ်းကြောင်းချ၊ လမ်းဖောက်ထားသကဲ့သို့ ဆင့်ကဲဆင့်ကဲ လိုက်ပါလာကြပါတယ်။ ဥပမာအားဖြင့် ကားကိုလိုအပ်ချက်အတိုင်း မတင်သွင်းနိုင်လျှင် ဈေးနှုန်းမြင့်တက်ပါမည်။ လိုအပ်ချက် ဝယ်လိုအားကို မဆောင်ရွက်၊ မဖြည့်စွမ်းနိုင်ပါက ဈေးနှုန်းမျဉ်းကြောင်းဟာ အောက်မှအပေါ် သို့မဟုတ် တောင်မှ မြောက်သို့ မြင့်တက်သွားပါလိမ့်မည်။ ငွေကြေးဟာ လားရာနှစ်ဘက်ရှိပြီး အညွှန်းကိန်းများဟာ တောင်မှ မြောက်သို့ ညွှန်ပြနေလျှင် စီးပွားရေးဖွံ့ဖြိုးမှုကို ပြသရာရောက်ပြီး အညွှန်းကိန်းဟာ မြောက်မှ တောင်သို့ မြားအောက်စိုက်ဖြစ်ပါက စီးပွားရေးဖွံ့ဖြိုးမှု သို့မဟုတ် စီးပွားရေးဈေးကွက်ဟာလည်း လေးလံထိုင်းမှိုင်းခြင်းကို ဖော်ဆောင်ပြသရာ ရောက်ရှိသွားပါလိမ့်မယ်။ ထို့ကြောင့် စီးပွားရေးဟာ အပြုသဘော သို့မဟုတ် အပျက်သဘော လှုပ်ရှားမှုများကို ဖြစ်ပေါ်စေကာမူ လူတို့ဟာ ဖြစ်စဉ်ကို တုန်လှုပ်မှုနဲ့ တိုက်ရိုက် အချိုးကျတဲ့ တုံ့ပြန်မှုကို လုံးဝမပြုနိုင်ကြပါဘူး။ ၎င်းအပြင် လူဟာ ပြဿနာများကို တစ်လမ်းသွား တုံ့ပြန်တတ်ပါတယ်။ တစ်ခါတလေ ရူးရူးမိုက်မိုက်လည်း ဆောင်ရွက်တတ်ကြပါတယ်။ လူတွေဟာ ငွေဆုံးရှုံးမှုကို ရွံမုန်းသလောက် ငွေရရှိရေး အောင်မြင်မှုကိုသာ ချစ်မြတ်နိုးတတ်ကြပါတယ်။ သို့သော် ဘဝသက်တမ်းတစ်ခုအတွင်း ဖြစ်စဉ်တစ်ရပ်ကို တစ်ကြိမ်သာတွေ့ခဲ့ရသည်မှာ ဥပမာအားဖြင့် ငန်းနက်ဖြစ်ပါတယ်။ ဘဲငန်းနက်။ ၎င်းအကြောင်းနဲ့ ဆက်စပ်ပြီးတော့ ၁၃-၆-၂၀၀၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၆)၌ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ မွေးမြူရေးကန်တွင် မွေးမြူထားသော ငန်းနက်တစ်စုံမှာ တန်ဖိုးငွေကျပ်(၁၀)သိန်းအထိ တစ်ဟုန်ထိုး ဈေးတက်သွားတာကိုလည်း ဆောင်းပါးရှင်သက်နိုင် (ပြင်ဦးလွင်) မှ ပြည်တွင်းသတင်းနဲ့ ကြော်ငြာသတင်းမှတ်စုတွင် ရေးသားထားတာကို ဖတ်ရှုလေ့လာသိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေနဲ့ပတ်သက်၍ ရင်းနှီးမြှုပ်နှံသူတို့က ရွှေကို အမြဲတမ်းကောင်းမွန်နေသော အပိုရင်းနှီးမြှုပ်နှံမှုအဖြစ် ဆောင်ရွက်လာခြင်းကြောင့် ဝယ်လိုအား တိုးတက်လာပြီး ဆယ်စုအတွင်း ရွှေဈေးနှုန်း တဖြည်းဖြည်းတက်လာခဲ့ပါတယ်။ ၎င်းအပြင် အမေရိကန် ဒေါ်လာအခြေပြု အပေါင်၊ နောက်ခံ စာချုပ်စာတမ်းများ၊ အကြွေးအတည်းများ၊ ဥရောပကြွေးနီ ပေါက်ကွဲမှု ပြဿနာများ၊ ရေနံရောင်းနိုင်ငံများက ရေနံကိုရွှေဖြင့်သာချိတ်ဆက် ရောင်းချလိုခြင်း စသောအချက်များကလည်း ရွှေဈေးကို မြင့်တက်လာစေပါတယ်။ အကယ်၍ ပြည်တွင်းသုံးစွဲငွေ အပါအဝင် အမေရိကန်ဒေါ်လာအပေါ် ယုံကြည်မှု နည်းပါးလာခြင်းနဲ့ ငွေကြေးဖောင်းပွမှုနှုန်းဟာ ရှိသင့်သည်ထက် အနာဂတ်တွင် ပိုမိုများပြားလာနိုင်သည်ကို စိုးရိမ်ကြောင့်ကြတဲ့အခါမှာလည်း ရွှေဈေးနှုန်းဟာ

အတက်ဘက်သို့ ဦးတည်နေပါတယ်။ ထို့အပြင် မြန်မာ့ရွှေဈေးဟာ နယ်စပ်ကုန်သွယ်ရေး တရုတ်-မြန်မာ နယ်စပ်မှာ ဖြစ်ပေါ်နေသော ရွှေဈေးဟာလည်း ဆက်နွှယ်ဆက်စပ်လျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ သတ်မှတ်ထားသော အကျိုးသက်ရောက်မှုအဖြစ် တစ်စုံတစ်ခုသော အတိုင်းအတာအထိ စီးပွားရေး ပြောင်းလဲမှုက ဒီလောက်ကြီးကြီးမားမား ပြဿနာကို မပေါ်စေနိုင်သော်လည်း တစ်ခုသော အတိုင်းအတာတစ်ခုကို ကျော်လွန်ပါက ရုတ်တရက် အဆက်အစပ်မရှိသော စီးပွားရေး အပြောင်းအလဲဟာ ခုန်ပျံကျော်လွှားခြင်းနဲ့ ဆိုးကျိုး ငွေကြေးဖောင်းပွခြင်းနဲ့ မလွဲမသွေ ရင်ဆိုင်ရမည့် အခြေအနေသို့ ရောက်ရှိနိုင်မည်ဖြစ်ပါသဖြင့် တည်ငြိမ်ထိန်းကျောင်း တည့်မတ်ပေးနိုင်ရန် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးအနေဖြင့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေများ၊ မူဝါဒများ ရေးဆွဲ ပြဋ္ဌာန်းဆောင်ရွက်ပေးသင့်ပါကြောင်း အောင်မြင်တဲ့အချိန်တွေနဲ့ ဆုံရသလို အောင်မြင်မှုနည်းပြီး အကျပ်အတည်း အခက်အခဲများနဲ့ ကြုံရတတ်ပါတယ်။ ဤကဲ့သို့ ဆုံးရှုံးမှုများနဲ့ ရင်ဆိုင်ရာမှာလည်း အထူးသဖြင့် ခေါင်းအေးအေးဖြင့် ပြဿနာဇစ်မြစ်ကို တွေ့အောင်ရှာပြီး ပြဿနာတစ်ခုချင်းကိုသော် လည်းကောင်း၊ ပြဿနာ အစုအဝေးကိုသော်လည်းကောင်း ဖြေရှင်း ဆောင်ရွက်သင့်ပါတယ်။

ဥပမာအားဖြင့် လိပ်လိုပြေးပြီး ယုန်လိုဝီရိယနဲ့ နေရမယ့်အစား ယုန်ကဲ့သို့ လျင်မြန်စွာ ပြေးနိုင်ပြီး လိပ်ကဲ့သို့ အမြဲတမ်းဝိရိယရှိရှိ နေတတ်ထိုင်တတ် အာရုံပြုတတ်ဖို့လည်းရှိဖို့ သဘောပေါက်နားလည် သင့်ပြီလို့ ယူဆမိပါတယ်။ အမိနိုင်ငံတော်နဲ့ နိုင်ငံသားများ၏အကျိုးကို မျှော်ကိုး၍ မှန်မှန်ကန်ကန်နဲ့ မှန်ကန်သော အရောင်းအဝယ်ဖြစ်ဖို့ အရောင်းအဝယ် စိတ်ပါဝင်စား သူများဖြစ်ခြင်း၊ စေတနာအရင်းခံ၍ စိတ်ဆန္ဒရှိသူများ၊ ယုံကြည်မှုအပြည့်အဝနဲ့ လုပ်ချင်သူများကိုသာ ထာဝရတံခါး ဖွင့်ထား၍ ကြိုဆိုလျက် ရှိပါကြောင်းကို အပြုသဘောဖြင့် အကြံပြုသုံးသပ်ရင်း ရန်ကုန် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ရဲ့ ငွေကြေးဖောင်းပွမှု တည်ငြိမ်စေရန် မူဝါဒ ချမှတ်ဆောင်ရွက်ပေးပါရန် အဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးနိန်းခင်းပေါင် က လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၃၂။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၃း၃၂။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခနဲ့ ပြည့်စုံပါစေလို့ ကျွန်မ မေတ္တာပို့သရင်းနဲ့ ဂါရဝပြုပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို ကျွန်မက စီးပွားရေးပညာရှင်လည်း မဟုတ်ဘူး။ ကျွန်မ ဒီဟာနဲ့ပတ်သက်လို့လည်း သိပ်ကို ရင်းနှီးကျွမ်းဝင်တာ မရှိသော်ငြားလည်းပဲ ကျွန်မက အကြောင်း ကိစ္စတစ်ခုကို ဝေဖန်တဲ့အခါ၊ စဉ်းစားတဲ့အခါ၊ ဝေဖန်သုံးသပ်တဲ့အခါမှာ ကျွန်မတို့ ထောင့်စုံဘက်စုံကနေ ပြီးတော့ ချဉ်းကပ်ပြီးတော့မှ လေ့လာပြီးတော့ ဝေဖန်သုံးသပ်ကြတာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်မကလည်း

ကျွန်မစိတ်ဝင်စားတဲ့ဘက်ကနေပြီးတော့ ကျွန်မ ဒါကို ဝေဖန်သုံးသပ်ပြီးတော့၊ ဆွေးနွေးပြီးတော့ ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

အဲဒါကတော့ ကျွန်မက ကျွန်မတို့ရဲ့ သွားလက်စ နိုင်ငံတော်ဟာ အခုမှပဲ ညင်သာသိမ်မွေ့တဲ့ အခြေအနေတစ်ခုကို ကိုင်ပြီးတော့မှ အောင်မြင်စွာနဲ့ ကျွန်မတို့ ပါတီစုံဒီမိုကရေစီနိုင်ငံတော်စနစ်ကို ကျင့်သုံးတဲ့ နိုင်ငံတော်ကို သွားနေတဲ့အချိန်မှာ ကျွန်မတို့ ဆောင်ရန်တွေ၊ ရှောင်ရန်တွေ၊ သတိထားရမှာတွေလည်း အများကြီးရှိသလို စိန်ခေါ်မှုတွေကလည်း အများကြီးရှိပါတယ်။ အဲဒီတော့ ကျွန်မတို့နိုင်ငံမှာ ရှိနေတဲ့ နိုင်ငံတော်ကြီးက အခုလို နိုင်ငံတော်အသစ်ကို သွားနေတဲ့အချိန်မှာ ဒီနိုင်ငံကို မှီတင်းနေထိုင်ကြကုန်သော ပြည်သူလူထုအားလုံးရဲ့ လူနေမှုဘဝတွေ အဆင်ပြေဖို့အတွက် ကျွန်မတို့ ဒီ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ အဆိုဟာ အင်မတန် ဒါလည်း အရေးကြီးတဲ့ အချက်တစ်ချက် ဖြစ်ပါတယ်။ အဲဒါအပြင် ကျန်တဲ့ နိုင်ငံရေးအခြေအနေနဲ့ ပတ်သက်လို့လည်း အရေးကြီးတယ်လို့ ကျွန်မက အဲဒီလိုပဲ သုံးသပ်မိပါတယ်။ အဲဒီတော့ ကျွန်မတို့တစ်ခုခုကို ကျွန်မတို့က ဝေဖန်ပိုင်းခြားတဲ့အခါမှာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်မှာ ကျွန်မတို့က အတိတ်သမိုင်းကြောင်းတွေက ယူသင့်တာ ယူပြီးတော့ ရှောင်သင့်တာ၊ ဆောင်သင့်တာတွေကို ကျွန်မတို့ ဒါ သင်ခန်းစာအနေနဲ့ ကျွန်မတို့က ယူကြရမှာ ဖြစ်ပါတယ်။

အဲဒီတော့ကာ အခုဒီ ကျွန်မတို့ ငွေကြေးဖောင်းပွမှု တည်ငြိမ်စေရန် မူဝါဒချမှတ်ဆောင်ရွက်ပေးပါ လို့ တင်ပြထားတဲ့ အဆိုမှာ ကျွန်မတို့ ဒီငွေကြေးဖောင်းပွမှု မရှိခဲ့လို့ရှိရင် ငွေကြေးဖောင်းပွမှု ဆိုးဆိုးရွားရွား ဖြစ်လာရင် သို့မဟုတ် ငွေကြေးဖောင်းပွမှုတွေ များလာရင် ဘာတွေဖြစ်နိုင်သလဲဆိုတာ ကျွန်မတို့က ပြီးခဲ့တဲ့အတိတ်မှာ ဒါ နိုင်ငံရေးမှာ သာဓကတွေ  ရှိခဲ့ပါတယ်။ အဲဒါလေးတစ်ခုနဲ့ ကျွန်မက သင်ခန်းစာအနေနဲ့ ကျွန်မ တစ်ခုတင်ပြချင်ပါတယ်။ အဲဒါကတော့ ကျွန်မတို့ ဂျာမနီနိုင်ငံမှာ အရင်တုန်းက အာဏာရှင် ဟစ်တလာ ဆိုတာ ပေါ်ပေါက်ခဲ့တယ်ဆိုတာ အားလုံးသိပါတယ်။ အဲဒီ ဟစ်တလာ က သူ အာဏာရယူဖို့ ကြိုးစားနေတဲ့အချိန်မှာပဲ ဂျာမနီမှာ စစ်စရိတ်တွေ၊ စစ်အကြွေးတွေ အများကြီးပဲ ဆပ်နေရတဲ့ အချိန်မို့လို့ နိုင်ငံက ချွတ်ခြုံကျပြီးတဲ့အခါကျတော့ အတော်လေး အခြေအနေဆိုးရွားနေတဲ့ အချိန်အခါ ကာလပေါ့၊ အဲဒီလို ဖြစ်ပါတယ်။ အဲဒီလိုဆိုတဲ့အခါကျတော့ကာ အဲဒီလောက်အချိန်မှာ ပြည်သူလူထုကလည်း အတော်လေး ငြီးငြင်ပင်ပန်းဆင်းရဲနေတဲ့အချိန်မှာ ဟစ်တလာ ကလည်း သူကြိုးစားနေတဲ့ အချိန်မှာ ဒီအချက်ဟာ သူ့ဗျူဟာပေါ့နော်၊ အဲဒီအတွက် အင်မတန် သူ ပြလို့ကောင်းတဲ့ ပြယုဂ်တစ်ခု ဖြစ်ခဲ့တယ် လို့ ကျွန်မ လေ့လာသိရှိရပါတယ်။ အဲဒါကတော့ သူက ဒီလို ငွေကြေးဖောင်းပွတာဟာ ကျွန်မ ဖတ်ခဲ့ရတာ ကျွန်မ သိခဲ့ရတာကတော့ တော်တော်ကို အံ့သြစရာကောင်းတဲ့ ကိန်းဂဏန်းပါ။ သို့သော်လည်း အဲဒီဟာ နှစ်ခု၊ သုံးခု ဖတ်ရမှ တကယ် Confirm ဖြစ် မယ်ထင်လို့ အဲဒီဟာကိုတော့ မပြောတော့ပါဘူး။

အဲဒီတော့ အဲဒီလောက် ငွေကြေးဖောင်းပွပြီးတော့ ပြည်သူလူထု ဒီလိုဖြစ်နေတာဟာ အခု လက်ရှိ အစိုးရညံ့လို့၊ လက်ရှိအစိုးရအပေါ်မှာ တာဝန်ရှိတယ်ဆိုပြီးတော့ သူကတော့ အဲဒီဟာတွေကို လုပ်ပေးနိုင်မယ့်သဘောပါမှာပါ။ အဲဒီလိုနဲ့ စည်းရုံးလိုက်တဲ့အခါမှာ လူငယ်ထုအပါအဝင် ပြည်သူလူထုတွေက အဲဒီအချိန်မှာ ကယ်တင်ရှင်ကို မျှော်လင့်နေတဲ့အခါကျတော့ကာ ယုံကြည်ပြီးတော့ ဟစ်တလာ ဟာ အာဏာရသွားပါတယ်။ ရသွားတော့ အဲဒီ့ တကယ် အာဏာရသွားတဲ့အခါမှာတော့ သူရဲ့ အင်မတန်အတ္တကြီးတဲ့ အငြိုးတွေ၊ အတေးတွေ၊ အာဏာအလွဲသုံးစား လုပ်မှုတွေရဲ့အောက်မှာ သက်ရှိသက်မဲ့တွေ အားလုံး ပျက်စီးပြုန်းတီးခဲ့တာကို ကျွန်မတို့ သမိုင်းအထောက်အထားတွေ ရှိပါတယ်။ အဲဒီ

ကျတော့ ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ဖို့ဆိုတာလည်း  သေးသေးလေး မဟုတ်ဘဲနဲ့ အင်မတန် အခု လက်ရှိ နိုင်ငံတော်အစိုးရအတွက် အင်မတန်အရေးကြီးပြီးတော့ အင်မတန် ဆောင်ရွက်သင့်တဲ့ကိစ္စတစ်ခု လို့ ကျွန်မက ထောက်ခံပြီးတော့ ဆွေးနွေးချင်ပါတယ်။ နောက်တစ်ခုကတော့ ဥရောပသမဂ္ဂနဲ့ ပတ်သက် တာပါ။ အဲဒါကတော့ ဥပရောပသမဂ္ဂကလည်း သူတို့ ကမ္ဘာစစ်ကြီး ပြီးတဲ့အခါမှာ သူတို့တွေ အကုန်လုံး စုပြီးတဲ့အခါကျတော့ လူမှုရေး၊ နောက်ပြီးတော့ စက်မှုကဏ္ဍတွေ၊ လူမှုဘဝတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သူတို့ စုပေါင်းပြီးတော့မှ ဥရောပသမဂ္ဂ ဆိုပြီးတော့ အဖွဲ့ဖွဲ့ပြီး ဆောင်ရွက်တဲ့အခါမှာ သူတို့ ဥပရောပ သမဂ္ဂထဲက နိုင်ငံအချို့ရဲ့ ငွေရေးကြေးရေးနဲ့ ပတ်သက်လို့ ဘဏ္ဍာရေးနဲ့ပတ်သက်လို့ ဆောင်ရွက်ခဲ့တာ တွေကို ကျွန်မက တစ်ခုလောက်တော့ ကျွန်မ ဥပမာအနေနဲ့ ဆွေးနွေးတင်ပြလိုပါတယ်။

အဲဒါကတော့ ကျွန်မတို့ကို အစောကြီးကတည်းကပဲ ကျွန်မတို့ လွှတ်တော်မှာ ပေးထားခဲ့ ပြီးသား ဖြစ်ပါတယ်။ ကျွန်မတို့ လေ့လာဖို့အတွက် အဲဒီထဲမှာ ဒါကတော့ ဆွစ်ဇာလန်က အခွန်စည်းကြပ် တဲ့ ကိစ္စနဲ့ ငွေရေးကြေးရေး နိုင်ငံ့စီးပွားရေးတွေကို ဆောင်ရွက်ထားတဲ့ အချက်ကလေးတွေပါ။ အဲဒါ ကတော့ ဘာလဲဆိုတဲ့အခါကျတော့ သူတို့ ရလာတဲ့ ဝင်ငွေထဲကနေပြီးတော့ စနစ်တကျ ခွဲဝေပုံတွေ ပါတယ်။ နောက်ပြီးတဲ့အခါကျတော့မှ အဲဒီထဲက ကျွန်မ စိတ်ဝင်စားတာ တစ်ခုက အချမ်းသာဆုံး ပြည်နယ်များမှ အခွန်များ ကောက်ခံရယူ၍ အဆင်းရဲဆုံး ပြည်နယ်များသို့ ခွဲဝေပေးရန် စီမံခန့်ခွဲသည် ဆိုတဲ့ဟာလေးကို ကျွန်မက စိတ်ဝင်စားပါတယ်။

နောက်ပြီးတော့ အခွန်ပေးဆောင်သူတို့၏ သုံးစွဲနိုင်စွမ်းအားကို လျှော့ချနိုင်ခြင်းမှစ၍ အခွန် စည်းကြပ်ခြင်းဟာ စီးပွားရေးအပေါ်မှာ အကျိုးသက်ရောက်မှုရှိတယ် လို့ ပြောပါတယ်။ နောက်ပြီးတော့ အဲဒီမှာ သူက အခွန်စည်းကြပ်တာကိုလည်း စနစ်တကျ စည်းကြပ်ပြီးတော့ ငွေကြေးအထောက်အပံ့ ပြန်လည်ခွဲဝေတာကိုလည်း စနစ်တကျ ပြန်လည်ခွဲဝေပါတယ်။ အခု ကျွန်မ ပညာရှင်တွေရဲ့ အပြောအရ ငွေကြေးလှည့်လည်စီးဆင်းတဲ့အခါမှာ တစ်နေရာမှာ သူက သွားသင့်တဲ့လမ်းကြောင်းအတိုင်း မသွားဘဲနဲ့ တစ်နေရာမှာ သွားမယ် သို့မဟုတ် ကုန်သင့်ကုန်ထိုက်တာတွေမှာ မကုန်ဘဲနဲ့ ကုန်သင့်ကုန်ထိုက်တယ်လို့ ပြောတာထက် ဥပမာ - (၂၀၀) ပြောထားတဲ့ဟာမှာ (၁၀၀)ပဲ ကုန်ပြီး (၁၀၀) က တခြားနေရာကို ဝင်သွားပြီ ဆိုလို့ရှိရင် သူက ငွေကြေးလှည့်လည်စီးဆင်းမှုဟာ မှားတယ်လို့ အဲဒီလို ပြောပါတယ်။ အဲဒီတော့ကာ ငွေကြေးလှည့်လည်စီးဆင်းမှု မှန်ကန်ဖို့၊ တစ်နေရာမှာ ဝင်ခိုမနေဖို့၊ နောက်တစ်ခါကျတော့ တကယ် ဝင်သင့်ဝင်ထိုက်တာတွေ မှန်မှန်ကန်ကန် ဝင်လာဖို့ လိုအပ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်မကို ခုလေးတင်ပဲ ဒီ ငွေကြေးဖောင်းပွမှုဟာ အစိုးရနဲ့ ဘဏ်များ မှာသာ တာဝန်ရှိတယ် မဟုတ်လားလို့ အဲဒီလို မေးတဲ့အပေါ်မှာ အဲဒီဟာကို ကျွန်မ ပြောခဲ့တာတော့ အားလုံးမှာ နိုင်ငံတော်၊ နိုင်ငံသား တာဝန်နဲ့ ရပိုင်ခွင့် အားလုံးရှိတဲ့အခါမှာ လူတိုင်းလူတိုင်းမှာ မိမိဆောင်ရွက်သင့်တဲ့ တာဝန်တွေကို ဆောင်ရွက်။ ရသင့်တာတွေကိုလည်း တောင်းဆိုလို့ ရတယ်ဆိုပြီး ကိုယ့်အပိုင်း သူ့အပိုင်းကို ခွဲပြီးတော့ ကျွန်မ ပြောထားခဲ့ပါတယ်။ အဲဒီတော့ကာ ငွေကြေးဖောင်းပွမှုနဲ့ ပတ်သက်လို့ ကျွန်မတို့နိုင်ငံ ကလည်း အင်္ဂလိပ်-မြန်မာ စစ်ပွဲတွေအပြီး၊ လွတ်လပ်ရေးရပြီး၊ အိန္ဒိယနဲ့ ခွဲရေးတွဲရေးအပြီး အဲဒီမှာ စစ်စရိတ်တွေကြောင့်မို့လို့ လျော်ကြေးတွေ ပေးရတာတွေ ရှိပါတယ်။ အဲဒီတုန်း ကဆိုလို့ရှိရင် (၉၁)ဌာန အုပ်ချုပ်ရေး ၁၉၃၅ ခု အလွန်မှာ ကျွန်မတို့နိုင်ငံက စစ်စရိတ်တွေ များလွန်းလို့၊ နည်းနည်းပေးစရာ အကြွေးတွေ များလွန်းလို့ ဆေးခြောက်ကိုတောင်မှပဲ တရားဝင် ရောင်းဝယ်ခွင့်ပေး

ပြီးတော့ အဲဒီပေါ်ကနေ အခွန်ဘယ်လိုကောက်မယ် ဘာညာဆိုတာ ဆွေးနွေးခဲ့တာတွေလည်း ကျွန်မတို့က ပြန်ပြီးတော့ လေ့လာရင်းကနေ တွေ့ခဲ့ရပါတယ်။

အဲဒီတော့ကာ ငွေကြေးပုံမှန် လှည့်လည်စီးပတ်မှုနဲ့ ငွေကြေးတွေက နိုင်ငံတော်ပေါ်မှာ အဆိပ်အတောက် မဖြစ်စေဘဲနဲ့ နိုင်ငံတော်ကို အကျိုးပြုစေဖို့အတွက် ငွေကြေးဖောင်းပွမှုကို အားနည်းချက် တစ်ခုအနေနဲ့ ဒါသည် နိုင်ငံတော်က အစိုးရအသုံးမကျလို့ ဆိုတာမျိုး သို့တည်းမဟုတ် တစ်ခုခုက လိုအပ်လို့ ဆိုတာမျိုး မဖြစ်ဘဲနဲ့ ပြေပြေလည်လည်နဲ့ ငွေကြေးစီးဆင်းမှု ကောင်းပြီးတော့ ဝင်သင့်တဲ့နေရာတွေမှာဝင်၊ သုံးသင့်တဲ့နေရာတွေမှာသုံး၊ ထောက်ပံ့သင့်တဲ့နေရာတွေမှာလည်း ထောက်ပံ့၊ ပြည်သူလူထုကလည်း တာဝန်ကျေစွာနဲ့ ကိုယ်ဆောင်သင့်တဲ့ အခွန်တွေကိုဆောင်၊ နိုင်ငံတော်ကလည်း ရလာတဲ့ အခွန်ဘဏ္ဍာတွေနဲ့ သုံးစွဲသင့်တာတွေကို သုံးစွဲပြီးတော့ ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံကြီးတစ်ခုကို ထူထောင်နိုင်ပါစေလို့ ကျွန်မ ဆုတောင်းပါတယ်။ ခုလောက်ဆိုရင်တော့ ကျွန်မ ဆိုလိုတဲ့ဟာကို သဘောပေါက်ပြီလို့ ကျွန်မ ယုံကြည်ပါတယ်။

အဲဒီတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ ငွေကြေးဖောင်းပွမှုကို တည်ငြိမ်စေရန် မူဝါဒချမှတ်ဆောင်ရွက်ပေးပါရန် ဆိုတဲ့ အဆိုကို အင်မတန်နိုင်ငံတော်အတွက် လက်ရှိသွားနေတဲ့ လမ်းကြောင်းမှာ မဖြစ်မနေ ဆောင်ရွက်သင့်တဲ့ လုပ်ငန်းတစ်ခု၊ တာဝန်တစ်ခုလို့ ကျွန်မက ထောက်ခံဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၃း၄၂။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့် စပ်လျဉ်းပြီးတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၂။**

**ဒေါ်ခင်စောဦး (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဗဟိုဘဏ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး ဖြစ်ပါတယ်ရှင်။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ ငွေကြေးဖောင်းပွမှုကို တည်ငြိမ်စေရန် မူဝါဒချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအပေါ်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန တို့ရဲ့ ဖြေကြားချက်တွေကို စုပေါင်းပြီးတော့ ဒီလွှတ်တော်ရဲ့ရှေ့မှောက်မှာ ကျွန်မ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်တဲ့အကြောင်း ပြောကြားလိုပါတယ်။

အဲဒီတော့ ခုနတုန်းကလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများ အသီးသီး ဆွေးနွေးသွားပြီးကြပါပြီ။ စီးပွားရေးသီအိုရီအရ ငွေကြေးဖောင်းပွမှုဆိုတာဟာ အချိန်ကာလအတန်ကြာ ကုန်စည်နဲ့ဝန်ဆောင်မှုတွေရဲ့ အထွေထွေဈေးနှုန်းများ မြင့်လာခြင်းဖြစ်ပြီးတော့ အကျိုးဆက်အနေနဲ့ ဝယ်ယူနိုင်မှုစွမ်းအား (Purchasing Power) ကျဆင်းခြင်း ဖြစ်ပါတယ်။ ငွေကြေးဖောင်းပွမှုကို အဓိကအားဖြင့်

ဝယ်လိုအား စွဲဆောင်မှုကြောင့်ဖြစ်တဲ့ ငွေကြေးဖောင်းပွမှုနဲ့ စရိတ်တွန်းအားကြောင့်ဖြစ်တဲ့ ငွေကြေးဖောင်းပွမှု ဆိုပြီးတော့ ဖော်ပြလေ့ရှိပါတယ်။ ဝယ်လိုအားစွဲဆောင်မှုကြောင့် ဖြစ်တယ်ဆိုတဲ့ ငွေကြေးဖောင်းပွမှုမှာတော့ ဒီပြည်သူတွေရဲ့ဝင်ငွေအဆင့် မြင့်မားလာတဲ့အတွက်ကြောင့်မို့လို့ ပုဂ္ဂလိက ကဏ္ဍကရော၊ နိုင်ငံတော်အစိုးရရဲ့ကဏ္ဍကရော အသုံးစရိတ်တွေ တိုးမြှင့်ပြီးတော့ သုံးစွဲခြင်းကြောင့် ဖြစ်ပါတယ်။ ဒီလို Inflation မျိုးကို သိပ်ပြီးတော့ စီးပွားရေးပညာရှင်တွေ သူတို့ကနေပြီးတော့ သုံးသပ်တာကတော့ ဒီလို Inflation မျိုးဟာ စီးပွားရေးတိုးတက်မှုနှုန်းဘက်ကို သူက ပိုပြီးတော့ တွန်းအားပေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတွေရဲ့ ဝယ်လိုအား တိုးတက်လာခြင်းကြောင့်မို့လို့ အသုံးစရိတ်တွေ များလာတယ်။ ပြီးတော့လည်း ရင်းနှီးမြှုပ်နှံမှုတွေ များလာတဲ့အတွက်ကြောင့်မို့လို့ စီးပွားရေးတိုးတက်မှုဘက်ကို တွန်းအားပေးတယ်လို့ သူတို့က သုံးသပ်ပါတယ်။

နောက်တစ်ခုဖြစ်တဲ့ စရိတ်တွန်းအားကြောင့် ဖြစ်တဲ့ ငွေကြေးဖောင်းပွမှုကိုတော့ စိုးရိမ်မကင်း ဖြစ်လေ့ရှိတယ်။ ဘာကြောင့်လဲဆိုရင် ထုတ်လုပ်မှုသွင်းအားစုတွေအတွက် ဈေးနှုန်းတွေဟာ တက်လာတဲ့ အတွက်ကြောင့်မို့လို့ ငွေကြေးဖောင်းပွမှုကို သွားပြီးတော့ ဖြစ်ပေါ်စေတဲ့အတွက်ကြောင့်မို့လို့ ခုန ပြောတဲ့ စရိတ်တွန်းအားကြောင့်ဖြစ်တဲ့ ငွေကြေးဖောင်းပွမှုကိုတော့ တော်တော်ကြီး စိုးရိမ်ပူပန်ပြီးတော့ ဒီလိုမျိုး ဖြစ်တယ်ဆိုရင် စရိတ်တွန်းအားကြောင့် ဖြစ်တယ်ဆိုလို့ရှိရင် အရေးယူဆောင်ရွက်မှုတွေကို ဒီလို လုပ်ကိုင်လေ့ရှိကြပါတယ်။ မြန်မာနိုင်ငံမှာ ငွေကြေးဖောင်းပွမှုနှုန်းကို စားသုံးသူ ဈေးဆနှုန်းပေါ်မှာ အခြေခံပြီးတော့ တွက်ချက်ပါတယ်။ အဲဒီစားသုံးသူဈေးဆနှုန်းကိန်း ဆိုတာလည်း အမျိုးသားစီမံကိန်းနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အောက်မှာရှိတဲ့ ဗဟိုစာရင်းအင်းအဖွဲ့က ထုတ်ပြန်တဲ့ စားသုံးသူဈေးဆနှုန်းကိန်း ဖြစ်ပါတယ်။ သူက လစဉ်လည်း တွက်ပါတယ်။ ပြီးတော့ သူက နှစ်အလိုက်လည်း တွက်ပါတယ်။ အဲဒီဟာ တွေကို သူတို့ ထုတ်ပြန်ပါတယ်။ အဲဒီလို တရားဝင်ထုတ်ပြန်တဲ့ စားသုံးသူ ဈေးဆနှုန်းပေါ်မှာ မူတည်ပြီး တော့ ငွေကြေးဖောင်းပွမှုနှုန်းကို မြန်မာနိုင်ငံမှာ တွက်ချက်ပါတယ်။

ဒါကြောင့်မို့လို့ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ရရှိတဲ့စာရင်း အင်းတွေအရဆိုရင် ၂၀၁၂ ခုနှစ်မှာ ငွေကြေးဖောင်းပွမှုဟာ ပျမ်းမျှ (၁.၄၈)ရာခိုင်နှုန်း ရှိရာကနေပြီးတော့ ၂၀၁၃ ခုနှစ်မှာ (၅.၅၃)ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်၊ ဧပြီလမှာ ပျမ်းမျှ ငွေကြေးဖောင်းပွမှု နှုန်းဟာ (၅.၇၆) ရာခိုင်နှုန်းဖြစ်ပြီးတော့ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းကတော့ (၅.၉၆)ရာခိုင်နှုန်း ဖြစ်ပေါ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ အိမ်နီးချင်းနှင့် အာဆီယံနိုင်ငံတွေမှာ ဖြစ်ပေါ်နေတဲ့ ငွေကြေး ဖောင်းပွမှုတွေနဲ့ နှိုင်းယှဉ်ဖော်ပြရမယ်ဆိုရင် ၂၀၁၄ ခုနှစ်၊ ဧပြီလမှာ ဘရူနိုင်းမှာ သူ့ရဲ့ ငွေကြေးဖောင်းပွမှု နှုန်းက (၄.၄၅) ရှိပါတယ်။ ကမ္ဘောဒီးယားမှာ (၄.၂၉) ရှိပါတယ်။ အင်ဒိုနီးရှားမှာ (၇.၂၅) ရှိပါတယ်။ လာအိုမှာ (၅.၂၅) ရှိပါတယ်။ အဲဒီအချိန်မှာ မြန်မာက (၅.၇၆)ပါ။ မလေးရှားမှာ (၃.၃၉) ရှိပြီးတော့ ဖိလစ်ပိုင်မှာ (၄.၁၄) ရာခိုင်နှုန်း ရှိပါတယ်။ စင်ကာပူမှာ (၂.၅၄)ရာခိုင်နှုန်း၊ ထိုင်းမှာ(၂.၄၅)ရာခိုင်နှုန်းနဲ့ ဗီယက်နမ်မှာ (၇)ရာခိုင်နှုန်း ရှိပါတယ်။ တရုတ်နိုင်ငံမှာ (၁.၈)ရာခိုင်နှုန်း၊ ကိုရီးယားမှာ (၁.၅)ရာခိုင်နှုန်း၊ အိန္ဒိယမှာ (၅.၂) ရာခိုင်နှုန်းနဲ့ ဘင်္ဂလားဒေ့ရှ်မှာ (၇.၄၆)ရာခိုင်နှုန်း၊ ပါကစ္စတန်မှာ (၉.၁၈)ရာခိုင်နှုန်း ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါတွေကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် သူ့နိုင်ငံနဲ့ သူ့အတိုင်းအတာ ငွေကြေးဖောင်းပွမှု တွေဟာ ရှိကြတယ်ဆိုတာ ဒီကနေပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိမြင်နိုင်မှာ ဖြစ်ပါတယ်။

အဲဒီတော့ အဆိုရှင် ဟိုတစ်နေ့က ပြောသွားတဲ့အထဲမှာ ကျွန်မ မှတ်သားလိုက်မိပါတယ်။ သူက ကျွန်မတို့နိုင်ငံမှာရှိနေတဲ့ ငွေကြေးဖောင်းပွမှုဟာ Running Inflation ဖြစ်နေတယ်လို့ သူပြောပါတယ်။ အဲဒီတော့ ကျွန်မ ဒီနေရာလေးမှာ နည်းနည်းလေး အကျယ်ချဲ့ပြီးတော့ တင်ပြချင်ပါတယ်။ ငွေကြေးဖောင်းပွမှုနှုန်းဟာ (၃)ရာခိုင်နှုန်းအောက်မှာရှိရင် အဲဒီ Inflation ကို Creeping Inflation လို့ ခေါ်ပါတယ်။ နောက် (၃)ရာခိုင်နှုန်းကနေ (၁၀)ရာခိုင်နှုန်းကြားမှာ ရှိမယ်ဆိုရင် Walking Inflation လို့ ခေါ်ပါတယ်။ ဒါကြောင့် ကျွန်မတို့နိုင်ငံမှာရှိတဲ့ Inflation ကို Walking Inflation လို့ ခေါ်ရမှာပါ။ (၁၀) ရာခိုင်နှုန်းထက် ကျော်ပြီဆိုရင် ဒါကို Running Inflation လို့ ခေါ်ပါတယ်။ အဲဒီတော့ အဆိုရှင် လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသွားသလိုပဲ Walking Inflation ဖြစ်တဲ့အချိန်မှာ သူက ဘာလဲဆိုရင် Cautionary Singnal ခေါ်တဲ့ဟာ အထူးသတိထားပြီးတော့ ဆောင်ရွက်ရမယ့်အနေအထား ရောက်လာပြီဆိုတဲ့ အချက်ကို ပြတယ်ဆိုတာကို ဖော်ပြပါတယ်။

အဲဒီတော့ ကျွန်မဆက်လက်ပြီးတော့ တင်ပြချင်တာကတော့ ယေဘုယျအားဖြင့် ကျွန်မတို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးလောကထဲမှာရှိတဲ့ စီးပွားရေးလုပ်ငန်းဆောင်တာတွေ အတွက် လိုအပ်တဲ့ ငွေကြေးပမာဏကို ဖြည့်ဆည်းပေးရပါတယ်။ အဲဒီလို ငွေတွေဖြည့်ဆည်းပေးတဲ့ အခါမှာ အဆိုပါ စီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်စေမယ့် အနေတော်ငွေကြေးပမာဏကို ဖြည့်ဆည်း ပေးဖို့လိုအပ်ပါတယ်။ စီးပွားရေးတိုးတက်နိုင်စွမ်းထက် ပိုများတဲ့ ငွေကြေးပမာဏကို ဖြည့်ဆည်းမယ် ဆိုရင် အခြားတစ်ဘက်ဖြစ်တဲ့ ငွေကြေးဖောင်းပွမှုကို တွန်းအားပေးရာ ရောက်ပြီးတော့ ငွေကြေး ဖောင်းပွမှုကို တိုးတက်လာမှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံအစိုးရများရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ဈေးနှုန်းများ တည်ငြိမ်သောတိုးတက်မှု (Growth with Stability) ဆိုတဲ့ ရည်မှန်းချက်နဲ့ လွဲချော်နိုင် ပါတယ်။ ဒါကြောင့်မို့လို့ ဘဏ္ဍာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ရတဲ့ ဘဏ္ဍာရေးမူဝါဒနဲ့ ဗဟိုဘဏ်က အကောင်အထည်ဖော်ရတဲ့ ငွေကြေးမူဝါဒ တို့ကို ယှဉ်တွဲညှိနှိုင်းပြီးတော့ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

အဲဒီတော့ စီးပွားရေးပညာရှင်တွေက ဒီစီးပွားရေး၊ နိုင်ငံရဲ့စီးပွားရေးဆိုတဲ့ Economy ကို သူတို့ တင်စားတဲ့အခါမှာ မြင်းနှစ်ကောင်ကတဲ့ရထားနဲ့ တူတယ်လို့ ပြောပါတယ်။ အဲဒီမြင်းနှစ်ကောင် ကတဲ့ရထား ဆိုတာ ဘာလဲဆိုလို့ရှိရင် မြင်းနှစ်ကောင်က သူက ဆိုလိုချင်တာကတော့ တစ်ဘက်က ငွေကြေးမူဝါဒ ဖြစ်ပြီးတော့ တစ်ဘက်က ဘဏ္ဍာရေးမူဝါဒ ဖြစ်ပါတယ်။ ဒီမူဝါဒနှစ်ခုဟာ တူညီသော အနေအထားနဲ့သွားမှ မြင်းတစ်ကောင်က တစ်ဘက်ကိုဆွဲတယ်၊ မြင်းတစ်ကောင်က ဒီဘက်ကို ဆွဲတယ် ဆိုရင် လိုရာကို ဒီရထားကြီးက မရောက်နိုင်ဘူး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုနကပြောတဲ့ ငွေကြေး မူဝါဒနဲ့ ဘဏ္ဍာရေးမူဝါဒကို ယှဉ်တွဲပြီးတော့ ဆောင်ရွက်သွားမှ ဒီနိုင်ငံအစိုးရများရဲ့ ရည်မှန်းချက်ဖြစ်တဲ့ စီးပွားရေးတိုးတက်မှု လိုချင်တဲ့နေရာကို ခုနကပြောတဲ့ ရထားဟာ သွားမှာဖြစ်ပါတယ်။

ကျွန်မ ဆက်လက်ပြီးတော့ တင်ပြချင်တာတော့ ဒီငွေကြေးပမာဏကို ပြောင်းလဲစေတဲ့ အချက် တွေ ရှိပါတယ်။ အဲဒါတွေက ဘာတွေလဲဆိုလို့ရှိရင် လှည့်လည်သုံးစွဲငွေ၊ နိုင်ငံခြားသုံးသီးသန့်ငွေပမာဏ၊ ဗဟိုဘဏ်ကနေပြီးတော့ အစိုးရရဲ့ ဘတ်ဂျက်လိုငွေကို ဖြည့်ဆည်းဖို့ ထုတ်ချေးတဲ့ငွေ၊ ဘဏ်တွေကနေ ပုဂ္ဂလိကကဏ္ဍကို ထုတ်ချေးတဲ့ငွေတွေ ပါဝင်ပါတယ်။ ဒါကြောင့်မို့လို့ အဓိကအားဖြင့် ဗဟိုဘဏ်က ဘတ်ဂျက်လိုငွေဖြည့်ဆည်းဖို့အတွက် အစိုးရကို ထုတ်ချေးရတဲ့ငွေတိုးခြင်း၊ ဘဏ်တွေက ပုဂ္ဂလိကကဏ္ဍ

သို့ ထုတ်ချေးရတဲ့ငွေတိုးခြင်း၊ နိုင်ငံခြားသုံးငွေ အသားတင်စီးဝင်မှုတိုးလာခြင်း စသည်တို့ဟာ ငွေကြေးပမာဏကို တိုးလာစေတာ ဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ တင်ပြခဲ့တဲ့ ငွေကြေးပမာဏကို တိုးစေတဲ့အချက်တွေကို အခြေခံပြီးတော့ ကြိုတင်ခန့်မှန်းမှုတွေ ပြုလုပ်ပြီး ရည်မှန်းချက်ထားရှိတဲ့ ငွေကြေးပမာဏနဲ့ ချိန်ထိုးပြီးတော့ စီးပွားရေးစနစ်အတွင်းမှာ ငွေကြေးတွေကို ပြန်လည်ထုတ်နုတ်ခြင်း သို့မဟုတ် လိုအပ်ရင် ငွေကြေးဖြည့်ဆည်းခြင်းတွေကို ဗဟိုဘဏ်ကနေပြီးတော့ ငွေကြေးမူဝါဒနည်းလမ်းတွေကို သုံးပြီးတော့ ဆောင်ရွက်ရပါတယ်။ အဲဒီတော့ အဲဒီလိုသုံးမယ်ဆိုလို့ရှိရင်လည်း၊ ငွေကြေးမူဝါဒကို အကောင်အထည်ဖော်မယ် ဆိုရင်လည်း ဘဏ္ဍာရေးမူဝါဒနဲ့ ချိတ်ဆက်ပြီးတော့ ဆောင်ရွက်ရပါတယ်။ ဥပမာအားဖြင့် အစိုးရရဲ့ ဘတ်ဂျက်လိုငွေဟာ မူလရည်မှန်းချက်ဘောင်အတွင်းရှိအောင် ထိန်းသိမ်းနိုင်မှ ဗဟိုဘဏ်က ဘတ်ဂျက်လိုငွေ ဖြည့်ဆည်းရေးအတွက် အစိုးရကို ထုတ်ချေးပေးရတဲ့ငွေတွေ တိုးလာပြီးတော့ ငွေကြေးပမာဏတိုးမယ့် ဖြစ်တဲ့ အကြောင်းအရာတွေကို ထိန်းကျောင်းနိုင်မှာ ဖြစ်ပါတယ်။ အလားတူပဲ ဘဏ်တွေက ပုဂ္ဂလိကကဏ္ဍကို ထုတ်ချေးတဲ့ချေးငွေတွေကိုလည်း စီးပွားရေးတိုးတက်မှုဖြစ်ထွန်းစေမယ့် ကဏ္ဍတွေကို ထုတ်ချေးပေးဖို့ ဗဟိုဘဏ်က ကြပ်မတ်ပေးရမှာ ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အကူအညီ၊ ထောက်ပံ့တဲ့ ချေးငွေများဖြစ်တဲ့ မြန်မာနိုင်ငံအတွင်းကို စီးဝင်လာတဲ့ နိုင်ငံခြားသုံးငွေများ စီးဝင်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ငွေကြေးပမာဏ တိုးမြင့်မှုတွေကိုလည်း ငွေကြေးမူဝါဒနည်းလမ်းများနဲ့ အသုံးပြုပြီးတော့ ထိန်းကျောင်းသွားရမှာ ဖြစ်ပါတယ်။

အခုလက်ရှိကာလမှာ ကျွန်မတို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ ကျွန်မတို့၊ မိမိရဲ့ အဓိက ရည်မှန်းချက်ဖြစ်တဲ့ ပြည်တွင်းဈေးနှုန်း တည်ငြိမ်ရေးကို ရရှိစေရန်အတွက် ငွေကြေးမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါမှာ သီးသန့်ငွေကြေးပမာဏ ရည်မှန်းချက် သတ်မှတ်ထားရှိပြီးတော့ ငွေကြေးမူဝါဒမူဘောင် (Reserve Money Targeting Monetary Policy Framework) ကို ကျင့်သုံးလျက်ရှိတယ်ဆိုတဲ့ အကြောင်းကို တင်ပြလိုပါတယ်။ သီးသန့်ငွေကြေးပမာဏ ရည်မှန်းချက်ထားရှိတဲ့ ငွေကြေး မူဝါဒမူဘောင်အရ စီးပွားရေးစနစ်အတွင်းမှာရှိတဲ့ ငွေကြေးပမာဏဟာ ရည်မှန်းချက်တွေ ကျော်လွန်တဲ့ အခြေအနေ (Excess Liquidity) ဖြစ်ပြီဆိုလို့ရှိရင် အပ်ငွေလေလံစနစ်ခေါ်ယူပြီးတော့ ငွေကြေးပမာဏကို အနုတ်အသိမ်း လုပ်ရပါတယ်။ တကယ်လို့ စီးပွားရေးစနစ်အတွင်းမှာရှိတဲ့ ငွေကြေးပမာဏဟာ ရည်မှန်းချက်ထက် လျော့နည်းနေတဲ့ အခြေအနေ (Liquidity Shortage) ဖြစ်မယ်ဆိုရင်တော့ ချေးငွေလေလံစနစ်ခေါ်ယူပြီးတော့ ငွေကြေးပမာဏကို ဖြည့်တင်းပေးရမှာ ဖြစ်ပါတယ်။ အဲဒီလိုငွေကြေးမူဝါဒ လုပ်ဆောင်ချက်တွေ ဆောင်ရွက်ခြင်းအားဖြင့် ငွေကြေးပမာဏဟာ သင့်တင့်မျှတတဲ့ အနေအထားမှာရှိစေရန် သို့မဟုတ် ငွေကြေးဖောင်းပွမှုနှုန်း လွန်စွာမြင့်မားခြင်း မရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ကျွန်မတို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်းမှာ ငွေကြေးပမာဏ ထုတ်နုတ်ရန် လိုအပ်တဲ့အတွက်ကြောင့်မိုလို့ အပ်ငွေလေလံ စုစုပေါင်း(၂၃)ကြိမ် ခေါ်ယူခဲ့ပြီးတော့ အနည်းဆုံးကျပ်သန်းထောင်ပေါင်း (၅၀)ကနေပြီးတော့ အများဆုံးကျပ်သန်း ထောင်ပေါင်း (၇၇၀)အထိ ကျွန်မတို့ ငွေကြေးပမာဏကို အနုတ်အသိမ်း လုပ်ခဲ့ပါတယ်။ အဲဒီတော့ ဘာသာရပ်

အသုံးအနှုန်းအရဆိုရင် ဒီလိုငွေကြေးတွေကို ကျွန်မတို့ အနုတ်အသိမ်းလုပ်ခြင်းကို Sterilization လုပ်တယ်လို့ ခေါ်ပါတယ်။

အဲဒီတော့ ဆက်လက်ပြီး ကျွန်မ တင်ပြချင်ပါတယ်။ ငွေကြေးဖောင်းပွမှုကို တည်ငြိမ်စေဖို့ အတွက် မိမိနိုင်ငံနဲ့လိုက်လျောညီထွေဖြစ်မယ့် ငွေကြေးမူဝါဒနဲ့ ဘဏ္ဍာရေးဆိုင်ရာမူဝါဒတွေကို ချမှတ် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်နေတဲ့ ကာလဖြစ်တဲ့အတွက်ကြောင့်မို့လို့ ငွေကြေးဖောင်းပွမှု အထိုက်အလျောက်ရှိမည် ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ဒီလိုရှိသော်လည်း တည်ငြိမ်မှု ရှိစေရန်ဆိုပြီးတော့ ကျွန်မတို့ မူဝါဒတွေကို ချမှတ်ဆောင်ရွက်လျက် ရှိပါတယ်။ အဲဒီမူဝါဒတွေကတော့ အစိုးရရဲ့ ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲရာမှာ နိုင်ငံတော်ရဲ့ ရငွေနဲ့ အသုံးစရိတ် ချိန်ညှိရေးဆွဲခြင်း၊ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ ပွင့်လင်းမြင်သာစွာ အတည်ပြု ချက်ရယူခြင်း၊ နောက် အစိုးရကဏ္ဍရဲ့ အသုံးစရိတ်တွေကို ထုတ်လုပ်မှုကို ဖြစ်ထွန်းစေမယ့်ကဏ္ဍများနဲ့ လူနေမှုဘဝကို မြှင့်တင်ပေးမယ့်ကဏ္ဍတွေမှာ ထိရောက်စွာ အသုံးပြုရန်အတွက် ဆောင်ရွက်လျက်ရှိခြင်း၊ နောက် ငွေတိုက်လက်မှတ်တွေ ထုတ်ဝေပြီးတော့ ဗဟိုဘဏ်ရဲ့ ချေးငွေအဖြစ် ဘတ်ဂျက်လိုငွေ ဖြည့်ဆည်း ခြင်းကို လျှော့ချပြီးတော့ ပြည်သူများကို ငွေတိုက်စာချုပ်များကို ရောင်းချတဲ့ နည်းလမ်းဖြင့် ဘတ်ဂျက် လိုငွေကို ဖြည့်ဆည်းခြင်း၊ ဘဏ်များ သီးသန့်ငွေ လိုအပ်ချက်၊ ဘဏ်တွေကနေပြီးတော့ ဗဟိုဘဏ်မှာ လာအပ်ထားရတဲ့ သီးသန့်ငွေ လိုအပ်ချက်အချိုးကို အတိုး/အလျှော့ ပြုလုပ်ခြင်း အပါအဝင် ငွေကြေး မူဝါဒနည်းလမ်းတွေ အသုံးပြုပြီးတော့၊ သွယ်ဝိုက်ငွေကြေး မူဝါဒနည်းလမ်းတွေ အသုံးပြုပြီးတော့ ငွေ ကြေးပမာဏကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိခြင်း၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးစေရန် စီမံဆောင်ရွက်ခြင်း၊ နောက် ပြည်ထောင်စုအစိုးရ စတင်တာဝန်ယူတဲ့ အချိန်ကစပြီး ပြည်သူ များရဲ့ စားဝတ်နေရေး အဆင်ပြေရေးကို ရှေးရှုပြီးတော့ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ နေ့စွဲနဲ့ နိုင်ငံတော် သမ္မတရုံးရဲ့ အမိန့်ကြော်ငြာစာအမှတ်၊ ၂၂/၂၀၁၁ နဲ့ ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ ကို ဖွဲ့စည်းခဲ့ပြီးတော့ အခြေခံစားသောက်ကုန်ဈေးနှုန်းများ တည်ငြိမ်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။

အဲဒီကော်မတီ မှာ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ အဖြစ် ပါဝင်ပြီးတော့ သက်ဆိုင်တဲ့ ဝန်ကြီးဌာန(၁၁)ခုမှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အတွင်းရေးမှူးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနဲ့ စက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ စသည်တို့ အဲဒီအဖွဲ့တွေမှာ ပါဝင်ပါတယ်။ အဲဒီ့အပြင်ကို ကျွန်မတို့ ဒီ နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်ချက်နဲ့ ဆက်လက်ပြီးတော့ ငွေကြေးဖောင်းပွမှု တည်ငြိမ်ရေးကို ဒီနည်းလမ်းတွေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အဲဒီနည်းလမ်းဟာ ဘာလဲဆိုရင်တော့ အစိုးရရဲ့ အသုံးစရိတ်ကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲ ခြင်းကို ဆောင်ရွက်ရန် ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်နိုင်ရန်လည်း ဘဏ္ဍာရေးဝန်ကြီးဌာနက ကမ္ဘာ့ဘဏ်ရဲ့ ကျွမ်းကျင်မှု အကူအညီကို ရယူပြီးတော့ အကောင်အထည်ဖော်လျက်ရှိပါတယ်။ နောက် အစိုးရရဲ့ ငွေတိုက်လက်မှတ်တွေကို ဗဟိုဘဏ်က ဝယ်ယူခြင်းအစား လေလံဈေးကွက် တည်ထောင် ပြီးတော့ ဘဏ်များက ဝယ်ယူခြင်းကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ ၂၀၁၅ ခုနှစ်လောက်ကို နောက်ဆုံးထားပြီးတော့ အဲဒီ Treasury Option Market ကို ထောင်ပြီးတော့

ဗဟိုဘဏ်ကနေပြီးတော့ ငွေကြေးဖြည့်ဆည်းတဲ့ နည်းလမ်းအစား ဒီအပြင်မှာ ဘဏ်တွေ ကနေပြီးတော့ Option Market မှာ ငွေတိုက်လက်မှတ်တွေကို ဝယ်ယူခြင်းနည်းကို လုပ်နိုင်အောင်ဆိုပြီး ကျွန်မတို့ ကြိုးစားဆောင်ရွက်နေတာ ဖြစ်ပါတယ်။

နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဟာ ငွေကြေးဈေးကွက်ဖွံ့ဖြိုးလာပြီးလို့ရှိရင် အပ်ငွေ၊ ချေးငွေလေလံနည်းလမ်းအပြင်ကို အခြားသွယ်ဝိုက်ငွေကြေးမူဝါဒနည်းလမ်းများဖြစ်တဲ့ အစိုးရငွေချေး သက်သေခံလက်မှတ်များ ဈေးကွက်တွင် ဝယ်/ရောင်းခြင်း။ ဝယ်ခြင်း၊ ရောင်းခြင်း၊ အစိုးရငွေချေး သက်သေခံလက်မှတ်များ အသုံးပြု၍ ငွေကြေးဈေးကွက်မှ ကာလတိုငွေချေးငှားခြင်းနဲ့ အပ်ငွေလက်ခံခြင်း၊ ဗဟိုဘဏ်မှ ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေခြင်း စသည်တို့ဖြင့် ဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နောက် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းပြီးတော့ ငွေကြေးဖောင်းပွမှု အစီရင်ခံစာကို တစ်လတစ်ကြိမ်၊ နိုင်ငံတော်သမ္မတရုံးကို တင်ပြပြီးတော့ စောင့်ကြည့် ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ တည်ဆောက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိတဲ့အခါမှာ စီးပွားရေးအရ ဦးစားပေးဆောင်ရွက်တဲ့ လုပ်ငန်းများအပြင် လူမှုရေး အကျိုးအမြတ်ကို ဦးစားပေး ဆောင်ရွက်တဲ့လုပ်ငန်းတွေ ပါဝင်ပါတယ်။ အဲဒီလို ဆောင်ရွက်ခဲ့တဲ့အတွက် ကြောင့်မို့လို့ ဖြစ်ပေါ်လာမယ့် ငွေကြေးဖောင်းပွမှုကို အထိုက်အလျောက် ကြုံတွေ့ရမှာဖြစ်သော်လည်း အဲဒီစီမံကိန်းများ အကောင်အထည်ဖော်ခြင်းကြောင့် ဆင်းရဲမှုလျှော့ချရေး (Poverty Reduction) နဲ့ အများပြည်သူအားလုံးပါဝင် တိုးတက်တဲ့ (Inclusive Growth) ကို ဖြစ်ထွန်းစေမှာဖြစ်တဲ့ အတွက်ကြောင့် မို့လို့ ဒီလိုငွေကြေးဖောင်းပွမှုမျိုးကို အတိုင်းအတာတစ်ရပ်အနေနဲ့ ပြည်သူတစ်ရပ်လုံးက ရင်ဆိုင်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ ခံနိုင်ရည်ရှိတဲ့ ငွေကြေးဖောင်းပွမှု အတိုင်းအတာရှိရေးအတွက် နိုင်ငံတော်၏ အထွေထွေစီးပွားရေးမူဝါဒနဲ့ ဘဏ္ဍာရေးမူဝါဒ၊ ငွေကြေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒကို ချိန်ကိုက် ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်တဲ့အကြောင်း ဖြေကြားအပ်ပါတယ်။

နောက် ဒီမှာ ခုနတုန်းက ဆွေးနွေးခဲ့တဲ့ ကိုယ်စားလှယ်ကြီးတွေထဲက တချို့ဟာတွေ ဗဟိုဘဏ် နဲ့ ဆိုင်တဲ့ အချက်ကလေးတွေကို ကျွန်မ နည်းနည်းလေး ဒီမှာပြန်ပြီးတော့ ရှင်းလင်းတင်ပြလိုပါတယ်။ ဒီအတိုးနှုန်းနဲ့ ပတ်သက်လို့ပါ။ အတိုးနှုန်းဟာ နည်းနေတယ်အတွက်ကြောင့်မို့လို့ ဆိုတဲ့ အချက်ကလေးကို ထောက်ပြသွားပါတယ်။ ဒီ အတိုးနှုန်းမူဝါဒကို ဗဟိုဘဏ်က ကျင့်သုံးတဲ့အခါမှာ ဒီ Positive Real Interest Rate ဆိုတဲ့ မူဝါဒကို သုံးပါတယ်။ ဘာလဲဆိုတော့ ဒီ အတိုးနှုန်းဟာ ငွေကြေးဖောင်းပွမှုကို ပိုကာမိတဲ့ အတိုးနှုန်းဖြစ်မှသာလျှင် ပြည်သူတွေရဲ့ စုဆောင်းမှုကို တိုးစေမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျွန်မတို့ လက်ရှိမှာ (၆)ရာခိုင်နှုန်းလောက် Inflation ဖြစ်နေတဲ့အချိန်မှာ ကျွန်မတို့ ဘဏ်တွေမှာ အပ်တဲ့ငွေကို အနည်းဆုံး ကျွန်မတို့ (၈)ရာခိုင်နှုန်းပေးပါတယ်။ ဒါကြောင့်မို့လို့ Real Interest Rate အနေနဲ့ Inflation ထက် ကျွန်မတို့ (၂)ရာခိုင်နှုန်း ပိုနေတယ်ဆိုတာကို ဒီနည်းလမ်းနဲ့ ကျွန်မတို့ အသုံးပြုပြီးတော့ ကျင့်သုံး ဆောင်ရွက်နေတယ် ဆိုတဲ့ အကြောင်းကို ကျွန်မအနေနဲ့ ဖြေကြားချင်ပါတယ် ဆိုတဲ့ အကြောင်းကို ပြောကြားရင်းနဲ့ ကျွန်မ နိဂုံးချုပ်ပါတယ်။ အားလုံးကိုပဲ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ဒေါက်တာမြင့်ကြည် ရဲ့ သဘောထား။

**အချိန်၊ ၁၄း၀၀။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ သဘောပေါက်ပါတယ်။ ခုနတုန်းက ကျွန်တော်တို့ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဆွေးနွေးသွားတဲ့အထဲမှာ ကျွန်တော်တို့ ဗမာလိုပြန်ရင် ကျွန်တော်လည်း ပြောတယ်။ တွားသွားတယ်ပေါ့ (Creeping) နောက်ပြီးတော့မှာ Running ၊ Walking၊ Walking ပြီးတော့မှ ကျွန်တော်တို့ Running ၊ ပြီးတော့မှ Hyper ကျွန်တော် ပြောသွားတာက ကျွန်တော် ဒီ Data တွေကို ကြည့်လိုက်တဲ့အခါမှာ အဲဒီတုန်းက ကျွန်တော်ပြောပါတယ်။ ဒီ Data တွေဟာ ကျွန်တော်တို့ လမ်းလျှောက်တဲ့ Walking တွေ Inflation ဖြစ်နေပြီ။ အဲဒီတော့ ဒီအတိုင်းဆက်သွားရင် ကျွန်တော်တို့ Running ထဲကို ရောက်သွားမယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က သတိထားဖို့သင့်ပါတယ် ဆိုတာကို ကျွန်တော်ပြောသွားခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ Running ထဲကို ရောက်နေတယ် လို့ ကျွန်တော် မဆိုလိုပါဘူး။

နောက်တစ်ချက် နိုင်ငံတိုင်းဟာ Inflation တွေ Rate က တက်နေပါတယ်။ Rate က အမြဲတမ်း တက်နေတာပါ။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံတစ်ခုနဲ့ တစ်ခု နှိုင်းယှဉ်မယ်ဆိုရင် ဒီဟာတင်မဟုတ်ဘဲနဲ့ အဲဒီမှာ ရှိနေတဲ့ လူတွေရဲ့ စားဝတ်နေရေး ဘယ်လောက်ပြေလည်သလဲ ဆိုတဲ့ ဟာတွေပါ။ ကျွန်တော်တို့ တိုင်းတာမယ်ဆိုရင် တစ်ခုတည်း ကျွန်တော်တို့ မတိုင်းတာဘဲနဲ့ အကုန်တိုင်း တာသင့်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့က တစ်ခု၊ ဒီပြင်နိုင်ငံနဲ့ နှိုင်းယှဉ်၊ နှိုင်းယှဉ်ပြောရင် ကျွန်တော်တို့ အကုန်လုံး ဒီ ဘက်စုံပေါ့၊ ဒီဘက်စုံတွေ နှိုင်းယှဉ်မှသာလျှင် သင့်တော်ပါတယ်။ ဒီကောင် ကတော့ Rate က အမြဲတမ်း ဒါ Theoretically တက်မှာပါပဲ။ နောက် ခုနတုန်းကပြောတဲ့ Interest ကလည်း မှန်ပါတယ်။ Interest နဲ့ Inflation စသည်အားဖြင့် တစ်ခါတသစ်လေကျ Tax နဲ့ ပြောပါတယ်။ ဒါတွေဟာကလည်းပဲ လုံးဝမှန်ကန်တာ မဟုတ်ပါဘူး။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ဒီမှာ ဖြစ်စေချင်တာ ကျွန်တော်တို့ ခုနတုန်းက ဒီ Inflation ဟာ Micro Economic ကိုလည်း သွားပြီးတော့ ထိခိုက်စေပါတယ်။ နောက်ပြီးတော့ ဒီ Exchange Rate တွေလည်း ရှိပါတယ်။

ခုနတုန်းက ကျွန်တော်တို့ ဒီ မြေယာတွေ၊ အိမ်ဈေးတွေ တက်တာလည်းပဲ ဒီ Foreign Direct Investment တွေလာမယ်။ နောက်ပြီး ကျွန်တော်တို့ ဒီ Foreign Direct Investment မှာလည်းပဲ နိုင်ငံသားတွေထက် နိုင်ငံခြားကို ပိုပြီးတော့ နည်းနည်းလေးပေးထားတဲ့ မူဝါဒတွေလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ အကုန်လုံး ပြည့်ပြည့်စုံစုံ Data တွေကို ပြန်ပြီးတော့ Collect လုပ်ပြီးတော့ စာတမ်းလေးတစ်ခု သေသေချာချာလေး ပြုစုပြီးတော့ ဒီမူဝါဒတွေထဲက အများကြီး ရှိပါတယ်။ အကုန်လုံး ကျွန်တော်တို့ထည့်၊ ဘယ်နေရာကို ဆွဲပြီးတော့ ဒီ Point ကို လုပ်လိုက်လို့ရှိရင် တော့ ဒီ Inflation လေးဟာ နည်းနည်း ငြိမ်ငြိမ်သက်သက်ကလေး ရှိနေမယ်။ ဒါကို ကျွန်တော်ဆိုလိုခြင်း ဖြစ်ပါတယ်။ အကုန်လုံး ကျွန်တော်တို့ လုပ်မယ်ဆိုရင်တော့ ဒါ တော်တော်ရှုပ်ထွေးမယ့်ကိစ္စရပ်ပါ။ ဒါကြောင့် ဒီပြင်နိုင်ငံတွေမှာ ကျွန်တော်တွေ့တာ ဒီလိုစာတမ်းတွေ ထုတ်လိုက်ပါတယ်။ ထုတ်ပြီးတော့မှ အဲဒီ့အပေါ်မှာ မူတည်ပြီးတော့ Key Point တစ်ခု၊ နှစ်ခု၊ သုံးခုကို အရင်စပြီးတော့ ကိုင်ပြီး ကျွန်တော်တို့ ဆောင်ရွက်လေ့ရှိပါတယ်။ ဒီဟာကို ကျွန်တော့်အနေနဲ့ တင်ပြပြီးတော့ ဒီ အဆိုကို တင်သွင်းခြင်းဖြစ်တဲ့

အတွက်ကြောင့် လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုပဲ ခံယူပါမယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာ မြင့်ကြည် တင်သွင်းတဲ့ ငွေကြေးဖောင်းပွမှုကို တည်ငြိမ်စေရန် မူဝါဒချမှတ် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ၊ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာမှာ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့နည်းလမ်းနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ (၉၄)မဲ၊ ကန့်ကွက် (၇)မဲ၊ ကြားနေ (၄၃)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၅)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၀၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၀ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၄း၀၅ နာရီ အချိန်တွင် ရပ်နားပါသည်။]